# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 23 November 2017 ၉၁၁၇


**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကို ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် မူလတောင်သူများလက်ဝယ်သို့ ပြန်လည်ရောက်ရှိရေးအတွက် စိစစ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်း၊ ကြယ်ပွင့်ပြ မေးခွန်း ၅ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခုအစီရင်ခံစာ တင်သွင်းခြင်းနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်အခွင့်အရေးကော်မတီ၏ လစ်လပ်သွားသောနေရာ၌ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်တင်ဆွေဝင်းအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လစ်လပ်သွားသော အဖွဲ့ဝင်နေရာ၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ရဲနိုင်မျိုးအား အဖွဲ့ဝင်အဖြစ်လည်းကောင်း အစားထိုးဖွဲ့စည်းမည်ဖြစ်ကြောင်း တင်ပြပြီး ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **သာစည်မြို့နယ်အတွင်းရှိ သက်တော်ဆည် ရေဝင်မြောင်းအား ပြန်လည်တူးဖော်ပေးရန်နှင့် တမံ(၁)နှင့် (၂)ကို ဆက်သွယ်သော မြောင်းအား**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှု ကုမ္ပဏီများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေတိုရေရှည် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေကပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ လုပ်ခလစာအလိုက် လစဉ်ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံငွေ ပေးသွင်းနေရသော်လည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်သည့် လူမှုဖူလုံရေး ဆေးခန်းများအနေဖြင့် ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်စေရန် မည်သို့မည်ပုံ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**




# ကြေးမုံ

## မွန်မြတ်သည့် ပညာရေး ဖြည့်ဆည်း

မြန်မာနိုင်ငံ၏ ပိရမစ်ပုံ လူ့အဖွဲ့အစည်း ပြောင်းလဲတိုးတက်လာမှုတွင် အသက် ငါးနှစ်မှ ကိုးနှစ်၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်နှင့် အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ်ရှိ ကျောင်းနေအရွယ် ကလေးငယ်များမှာ လူဦးရေ အချိုးအများဆုံးဖြစ်သည်ကို ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ တွေ့ရှိရပါသည်။ ထိုအထဲတွင် အသက် ငါးနှစ်မှ ကိုးနှစ်ရှိ မူလတန်းအရွယ် ကျောင်းသားများမှာ လူဦးရေ သုံးသန်းခွဲခန့်ရှိပြီး ကလေးသူငယ်များတွင် ဒုတိယအများဆုံး ဖြစ်နေပါသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် အခြေခံပညာမူလတန်းကျောင်းများအား ဘဏ္ဍာငွေလျာထားမှုအလိုက် ဖွင့်လှစ်ပေးနိုင်သည်ကို တွေ့ရပါသည်။ သို့ရာတွင် ကျောင်းနှင့် ဆရာ၊ ကျောင်းသားနှင့် ဆရာအင်အား အချိုးကျအောင် ခန့်ထားပေးနိုင်ရေးမှာ လိုအပ်နေဆဲဖြစ်သည်။ ထိုလိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးနေသလို မွန်မြတ်သည့် ပညာကို လိုလိုလားလား ဖြည့်ဆည်းပေးလိုသည့် လူငယ်များရှိနေသည်ကိုလည်း ဝမ်းမြောက်ဖွယ် ကြားသိရသည်။

သို့ဆိုလျှင် အခြေခံပညာကဏ္ဍ လိုအပ်ချက်နှင့် ကွက်လပ်ဖြည့်မည့် လူငယ်များအတွက် အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးဖို့ လိုအပ်လာသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် လိုအပ်သည့် ဆရာ ဆရာမများအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရေးတက္ကသိုလ်များမှ ဘီအီးဒီဘွဲ့ရများ၊ ပညာရေးကောလိပ်များမှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းဆင်းများအား နှစ်စဉ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဖြည့်ဆည်းပေးနေသော်လည်း တိုးချဲ့လာသော အခြေခံပညာ ကျောင်းများနှင့် များပြားလာသော မူလတန်း ကျောင်းနေအရွယ်ကလေးများအတွက် ဆရာ ဆရာမများ နှစ်စဉ် လိုအပ်နေသေးသည်ကို တွေ့ရသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ယမန်နှစ်များကတည်းက နေ့စားလပေး မူလတန်းပြဆရာ ဆရာမများကို ဒေသအလိုက် ခေါ်ယူခန့်ထားပေးနေသည်ကို တွေ့ရသည်။ အဆိုပါ ဆရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား ရွေးချယ်ခဲ့ပြီး နွေရာသီကျောင်းပိတ်ရက်တွင် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင် သင်တန်း ရက် ၃၀ တက်ရောက်ပြီးမှ မူလတန်းပြဆရာ ဖြစ်လာကြသည်။

သို့သော် အဆိုပါ ဆရာများမှာ ဘဏ္ဍာနှစ်အလိုက် နေ့စားလပေး လစာ တစ်သိန်းကျော်ခန့်ဖြင့် ဒေသနေကလေးငယ်များ ပညာတတ်မြောက်ရေးကို စေတနာ၊ အနစ်နာ၊ ဝါသနာအပြည့်ဖြင့် ဆရာပီသစွာဖြင့် တာဝန်ထမ်းဆောင်နေရာ အမြဲတမ်း ပညာရေးဝန်ထမ်း မူလတန်းပြဆရာများအဖြစ် အတည်ပြုခန့်ထားနိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရပေလိမ့်မည်။ သို့မှသာ ဒေသအလိုက် ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံပညာရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်လာမည်ဖြစ်သည်။

ပညာရေးဌာနအနေဖြင့်လည်း အခြေခံပညာကျောင်းများ တိုးတက်ဖွင့်လှစ်ခြင်းနှင့်အတူ ဆရာအင်အားတိုးချဲ့ရေးအတွက် ပညာရေးဘဏ္ဍာငွေ နှစ်စဉ် တိုးတက်သုံးစွဲနေသည်ကို တွေ့ရပြီး အခြေခံပညာ ဆရာအင်အားဖွဲ့စည်းပုံကိုလည်း ပြင်ဆင်တိုးချဲ့ စီမံဆောင်ရွက်ပြီးဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ သို့မှသာ အခြေခံပညာရေး မူလတန်းပညာအတွက် လိုအပ်နေသော ကွက်လပ်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် ဆရာ ဆရာမများသာမက မူလတန်းပြဆရာအဖြစ် ထပ်မံဆောင်ရွက်ကြမည့် လူငယ်များလည်း တိုးပွားများပြားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မူလတန်းအရွယ်ကလေးငယ်များမှာ နိုင်ငံ၏အနာဂတ်အတွက် မျိုးစေ့ကောင်းများဖြစ်နေသဖြင့် မျိုးစေ့ကောင်းများ အပင်အောင်ရှင်သန်ဖြစ်ထွန်းစေရန်မှာ အရေးကြီးပါသည်။ ထို့ကြောင့် ရေခံမြေခံ အခြေခံပညာမြေနှင့် မြေတောင်မြှောက်ပေးမည့် ဥယျာဉ်မှူးကောင်းများ အချိုးညီ မျှတစွာဖြင့် ခိုင်မြဲစွာ ဖြစ်ပေါ်လာစေရေးအတွက် နေ့စားလပေး မူလတန်းပြဆရာ ဖြစ်ထွန်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။

# သီးနှံ ၁၅ မျိုးတို့၏ စနစ်တကျထုတ်လုပ်မှုနည်းစဉ် အသိပေး အခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၂**

စားသုံးသူများအား အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းကူးစက်ခြင်းများသည် စိုက်ပျိုးသည်မှ စားသုံးသူများထံ ရောင်းချချိန်အထိ ဖြစ်ပေါ်နိုင်ခြင်းကြောင့် အရည်အသွေး မှန်ကန်ခြင်းနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းခြင်းတို့ကို စိုက်ပျိုးထုတ်လုပ်မှုအဆင့်တိုင်းတွင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း နိုဝင်ဘာ ဒုတိယပတ်က နေပြည်တော်ဟိုတယ်ဇုန်ရှိ မန်းမြန်မာဟိုတယ်၌ ပြုလုပ်သည့် "Launching Ceremony"အခမ်းအနား အဖွင့်အမှာစကားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပြောကြားသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့်အတူ ပြည်သူ့လွှတ်တော်ရေးရာကော်မတီ၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီတို့မှ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဝင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ International Finance Corporation (IFC) နှင့် မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ International Finance Corporation (IFC) မှ ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်ဖြစ်သူ မစ္စ ဂျီဂစ်ဒမား ဒူဂရီတို့က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ဂျီအေပီဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြကြသည်။

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေး ပြည့်ဝကောင်းမွန်ပြီး အာဟာရကြွယ်ဝသည့် သီးနှံများ စားသုံးနိုင်ရန် ဂျီအေပီနည်းစနစ်များ ဆောင်ရွက်ရန် ပြည်သူလူထုတစ်ရပ်လုံး သာမက သက်ဆိုင်သူများအားလုံး ပါဝင်ဆောင်ရွက်ရန်လိုကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောကြားသည်။

မြန်မာ GAP Protocol အပါအဝင် သီးနှံအလိုက် လမ်းညွှန်ချက်များသည် ဥယျာဉ်ခြံသီးနှံများသာမက ပြည်တွင်းစားသုံးမှုများပြီး ပြည်ပကို အဓိကတင်ပို့နေသော လယ်ယာသီးနှံများနှင့် ကော်ဖီအပါအဝင် သီးနှံ ၁၅ မျိုးအတွက် ပြုစုရေးဆွဲခဲ့ပြီး စိုက်ပျိုးထုတ်လုပ်သူများ နားလည်သိရှိစေရေး အသိပေးရန်ဖြစ်သည်။

ယခုအခါ သရက်နှင့် ခရမ်းချဉ်သီးနှံများအတွက် ဂျီအေပီ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ပြီဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူများက ဂျီအေပီ ညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးထုတ်လုပ် ရောင်းချနေကြောင်း၊ စားသုံးသူများ ယုံကြည်စိတ်ချမှုရှိစေရန်အတွက် ဂျီအေပီ အသိအမှတ်ပြုလက်မှတ်ထောက်ခံချက် ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ မိုဘိုင်းဖုန်း စနစ်တကျ အသုံးချပြုပြင်နည်း(အခမဲ့)သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (နေပြည်တော်) ကလျာဏယုဝခရစ်ယာန်အသင်း၊



ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း(နေပြည်တော်)နှင့် ပျဉ်းမနားမြို့နယ် ဘာသာပေါင်းစုံ လူမှုရေးအဖွဲ့များ ကွန်ရက်အသင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်ဖွင့်လှစ်သည့် မိုဘိုင်းဖုန်း စနစ်တကျ အသုံးချပြုပြင်နည်း(အခမဲ့)သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွင်းရှိ Community Centre ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ကလျာဏယုဝခရစ်ယာန်အသင်း ဒုတိယဥက္ကဋ္ဌ ဦးစောမြသွင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ယင်းနောက် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းတွင် မိုဘိုင်းဖုန်းဆော့ဖ်ဝဲ၊ ကွန်ပျူတာအခြေခံဆော့ဖ်ဝဲ သုံးစွဲပြုပြင်နည်းများနှင့် အင်တာနက်အသုံးပြုနည်းများကို သင်တန်းသား သင်တန်းသူ ၂၅ ဦးအား အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်(ရွှေဈေး) ၉၃၂၀၀၀ - ၉၃၂၀၀၀၊ မန္တလေး(ရွှေဈေး) ၉၃၂၀၀၀ - ၉၃၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၅၅/၇၆၅ ကျပ်၊ | ၇၉၅ /၈၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၉၁၅/ ၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၃၀/ ၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၁၅/ ၈၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၂၅/၇၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၅/ ၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၃. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၇၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၁. ၀၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၅၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၇. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၀၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၅. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**
တရုတ်နိုင်ငံ ယိချန်းမြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Sanxia လေဆိပ်မှထွက်ခွာကြပြီး ပေကျင်းမြို့ရှိ Nanyuan လေဆိပ်သို့ ရောက်ရှိကြရာ အာရှရေးရာဗျူရိုမှူး Sr. Col. Liu Zhongbin နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြပြီး သံရုံး၊ စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ် Gen. Li Zuocheng က ယနေ့ မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ Ba Yi ခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ်တို့သည် Ba Yi ခန်းမဆောင်ရှိ အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးစီးကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်အတွင်း ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကျင်းပခြင်းသည် ရန်ကုန်တက္ကသိုလ်၏ ရာပြည့်အခမ်းအနားကို ကြိုဆိုခြင်းလည်းဖြစ်သည်။

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ လူငယ်ပွဲတော်ကိုကျင်းပရခြင်းဖြစ်ပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်များစိတ်ပါဝင်စားစွာ ပါဝင်နိုင်ရန်၊ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အထောက်အကူဖြစ်စေရန်နှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။
**သတင်းစဉ်**



## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ၂၃ ဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတို့မှ ရုံးအဖွဲ့မှူးများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၂**
ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၂၃ ဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုတို့မှ ရုံးအဖွဲ့မှူးများနှင့်ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဦးဇုံးတိန့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမ ပုံမှန်အစည်းအဝေးများတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သောအဆိုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနများအနေဖြင့် တိကျရှင်းလင်းစွာဆွေးနွေးတင်ပြပေးနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ၎င်းတို့၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမ ပုံမှန်အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သော အဆိုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ဝန်ကြီးဌာနများအလိုက် ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီအဖွဲ့ဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ၂၃ ဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုတို့မှ ရုံးအဖွဲ့မှူးများနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်း အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင်ရုံးတွင် ဆောင်ရွက်နိုင်

**ရန်ကုန် နိုဝင်ဘာ ၂၂**
စီးတီးတက္ကစီ မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် မှတ်ပုံတင်အသစ်ပြုလုပ်ခြင်းကို YRTA ၏မြောက်ပိုင်းခရိုင်ရုံးဖြစ်သော အင်းစိန်မြို့နယ်တွင်လည်း တိုးချဲ့ဆောင်ရွက်ပေးနေသည့်အတွက် နိုဝင်ဘာ ၂၂ ရက်မှ စတင်ကာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)ရုံးတွင် စီးတီးတက္ကစီယာဉ်များ မှတ်ပုံတင်ပြုလုပ်ရာတွင် တစ်ကြိမ်တစ်ခါမှ မှတ်ပုံတင်မပြုလုပ်ဖူးသော ယာဉ်များအတွက် မှတ်ပုံတင်အသစ်ပြုလုပ်ခြင်းနှင့် ယခင်က မှတ်ပုံတင်ထားခဲ့သော ယာဉ်များအား သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်လုပ်ဆောင်သည့် မော်တော်ယာဉ်များ များပြားလွန်းသည့်အတွက် အခက်အခဲမဖြစ်စေရန် အင်းစိန်မြို့နယ် ဗဟိုလမ်း အနောက်ကြို့ကုန်းအိမ်ရာ တိုက်(၁) အမှတ်(၀၀၄) တွင်လည်း နိုဝင်ဘာ ၂၂ ရက်မှ စတင်ကာ နေရာတိုးချဲ့ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) ထံမှ သိရသည်။

ရန်ကုန်လိုင်စင်ဖြင့် တက္ကစီပြေးဆွဲခွင့် ရရှိထားသော အငှားယာဉ်များအနေဖြင့် စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားကာ ဆောင်ရွက်ရမည်ဟု YRTA က တရားဝင်အသိပေးကြေညာထားပြီး လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ မှတ်ပုံတင်ထားခြင်းမရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာကပင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီလက်အောက် စီးတီးတက္ကစီကြီးကြပ်ရေးဆပ်ကော်မတီအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ထိုစဉ်က မြို့တော်စည်ပင်က တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မထသ(ဗဟို)သို့ လွှဲပြောင်းခဲ့ပြီး မထသ(ဗဟို)က ခရိုင်အလိုက် စီးတီးတက္ကစီမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် စီးတီးတက္ကစီမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်မှုလျော့နည်းခဲ့ပြီး တက္ကစီစာရင်းဇယား အတိအကျ သိရှိရန်၊ ပြေးဆွဲရာတွင် စနစ်တကျရှိစေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများ၏ အချက်အလက်များနှင့်တကွ ခရီးသည်များ အကြောင်းတစ်စုံတစ်ရာ အခက်အခဲရှိပါက ကူညီဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန်၊ စည်းကမ်းထိန်းသိမ်းရာတွင် အထောက်အကူပြုစေရန်တို့အနေဖြင့် စီးတီးတက္ကစီအဖြစ် ပြေးဆွဲခွင့်ရရှိထားသော ရန်ကုန်လိုင်စင်ယာဉ်များကို မှတ်ပုံတင်ရန် ညွှန်ကြားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ စီးတီးတက္ကစီ မှတ်ပုံတင်သက်တမ်းတိုးရာတွင် သက်တမ်းတိုးယာဉ်တစ်စီးအတွက် ကုန်ကျငွေကျပ် ၆၅၀၀ ဖြစ်ပြီး မှတ်ပုံတင်အသစ်ပြုလုပ်မည့် ယာဉ်တစ်စီးအနေဖြင့် ငွေကျပ် ၁၂၅၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ ယင်းမှတ်ပုံတင်ခြင်းလုပ်ငန်းတွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နှင့်ပတ်သက်၍အချက်အလက်များကို မှတ်တမ်းတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ မှတ်ပုံတင်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူအခက်အခဲဖြစ်သည်နှင့် YRTA သို့ အကြောင်းကြားပါက ထိရောက်စွာ ကူညီပေးနိုင်မည်ဟု သိရသည်။

လက်ရှိတွင် YRTA ရုံးချုပ်ရှိရာ အမှတ် (၆၅) လေးထောင့်ကန်လမ်းမာန်အောင်ရပ်ကွက် တာမွေမြို့နယ်(ကျိုက္ကဆံ စူပါဝမ်းကုန်တိုက်ဘေး) တွင် ပြုလုပ်ပေးလျက်ရှိပြီး ယခုထပ်မံ၍ မြောက်ပိုင်းခရိုင်ရုံးတွင် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**ဝဝ၁**

# ဇင်ဘာဘွေနိုင်ငံအား ဆယ်စုနှစ်လေးစုကြာမျှ အုပ်စိုးလာမှု ရောဘတ်မူဂါဘီ အဆုံးသတ်



**ဟာရာရေ့ နိုဝင်ဘာ ၂၂**
ဇင်ဘာဘွေနိုင်ငံ၌ ရောဘတ်မူဂါဘီက သမ္မတရာထူးမှ နိုဝင်ဘာ ၂၁ ရက်တွင် နုတ်ထွက်ပေးလိုက်ပြီဖြစ်ရာ ဆယ်စုနှစ်လေးစုကြာမျှ ၎င်း၏ အုပ်စိုးမှုမှာ အဆုံးသတ်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တစ်ချိန်တစ်ခါက လွတ်လပ်ရေး သူရဲကောင်းကြီးတစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့သော်လည်း တစ်စစဖြင့် အာဏာရှင်တစ်ဦးအဖြစ် ပုံရိပ်ပေါ်လာသူ မူဂါဘီ၏ အုပ်စိုးမှုအဆုံးသတ်စေရန် တပ်မတော်နှင့် မူဂါဘီ၏ နိုင်ငံရေးမဟာမိတ်ဟောင်းများက လက်တွဲလုပ်ဆောင်ခဲ့ကြပြီး ရက်သတ္တတစ်ပတ်အကြာတွင် သမ္မတရာထူးမှ နုတ်ထွက်ပေးလိုက်ခြင်း ဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယသမ္မတဟောင်း အမ်မာဆန် အမ်နန်ဂါဂွါသည် နိုဝင်ဘာ ၂၂ ရက် သို့မဟုတ် ၂၃ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမည်ဖြစ်ကြောင်း အာဏာရ ဇနူးပီအက်ဖ်ပါတီ၏ ဥပဒေရေးရာတာဝန်ခံ ပက်ထရစ် ချီနာမာဆာက ပြောကြားသည်။

ယခုလအတွင်း ဒုတိယသမ္မတရာထူးမှ အမ်နန်ဂါဂွါကို မူဂါဘီက ဖြုတ်ချခဲ့ရာမှ စစ်ဘက်က နိုင်ငံတော်အာဏာကို ရယူခဲ့ပြီး ယခုအခါတွင်မူ တပ်မတော်က မူဂါဘီကို ရာထူးမှ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်သည်။

အသက် (၉၃) နှစ်ရှိ မူဂါဘီသည် တပ်မတော်က အာဏာသိမ်းယူခဲ့ပြီး ရက်သတ္တတစ်ပတ်ကြာမျှ အာဏာကို မစွန့်သေးဘဲ တင်းခံနေခဲ့သေးသည်။ သမ္မတရာထူးမှ နုတ်ထွက်ပေးရန် ဇနူးပီအက်ဖ်ပါတီက ၎င်းကို တိုက်တွန်းခဲ့သော်လည်း သမ္မတရာထူးမှ နုတ်ထွက်ပေးမည်ဟု မူဂါဘီက အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိပေ။ သို့ဖြစ်၍ ပါလီမန်က ဥပဒေအရ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းအဖြစ် မူဂါဘီအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ကာ ပြစ်တင်ရှုတ်ချရန် စီစဉ်ခဲ့ရာမှ နောက်ဆုံးတွင် ရာထူးမှ နုတ်ထွက်ပေးလိုက်ခြင်းဖြစ်သည်။

အထက်၊ အောက်လွှတ်တော်နှစ်ရပ်စလုံးမှ အမတ်များ တက်ရောက်သော ပူးတွဲအစည်းအဝေး၌ ပါလီမန်ဥက္ကဋ္ဌ ဂျက်ဘော့ မူဒင်ဒါက မူဂါဘီ၏ ရာထူးမှ နုတ်ထွက်ကြောင်း တင်ပြလွှာကို ဖတ်ကြားချိန်တွင် အမတ်များက ဝမ်းသာအားရ ဟစ်ကြွေးမှုများပြုလုပ်ခဲ့ကြသည်။ မြို့တော်ဟာရာရေ့ရှိ သူ၏ နေအိမ်၌ အကျယ်ချုပ်ချခံထားရသူ မူဂါဘီမှာ ပါလီမန် ပူးတွဲအစည်းအဝေးသို့ တက်ရောက်လာခြင်း မရှိပေ။ **ရိုက်တာ။**

# တရုတ်နှင့် ဗီယက်နမ် အကြား ကုန်တင်ရထားခရီးစဉ် စတင်ပြီ

**နန်ချန်း နိုဝင်ဘာ ၂၂**
တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ရှီးပြည်နယ် နန်ချန်းမြို့မှ ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့သို့ ကုန်တင်ရထား ခရီးစဉ်ဝန်ဆောင်မှုကို နိုဝင်ဘာ ၂၂ ရက်တွင် စတင်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

မော်တော်ယာဉ် အပိုပစ္စည်းများနှင့် ရုံးသုံးကိရိယာပစ္စည်းများ တင်ဆောင်ထားသော ကုန်ရထားသည် နန်ချန်းမြို့ရှိ ဟန်ကန်းဘူတာရုံမှ နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် စတင်ခုတ်မောင်းသွားခြင်းဖြစ်သည်။

အဆိုပါကုန်တင်ရထားသည် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်ရှီးယန်နယ်ခြားဖြတ်စခန်းကို ဖြတ်ကျော်၍ ဗီယက်နမ်သို့ သွားရောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအကြား ဆက်သွယ်ထားသည့် ရထားလမ်းမှာ ကီလိုမီတာ ၁၇၀၀ ကျော် ရှည်လျားသည်။ ကုန်တင်ရထားသည် ယင်းခရီးကို ငါးရက်ကြာမျှ ခုတ်မောင်းရမည်ဖြစ်သည်။ ကုန်တင်ရထားခုတ်မောင်းမှုသည် နန်ချန်းမြို့နှင့် ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့အကြား ပင်လယ်ရေကြောင်းလမ်းကို အသုံးပြု၍ သွားရောက်ချိန်ထက် ၁၅ ရက် ပိုမိုလျော့နည်းမည်ဖြစ်ပြီး ကုန်းလမ်းခရီးဖြင့် ကုန်ပစ္စည်းတင်ပို့မှု ပြုလုပ်ရာတွင် ကျခံရသည့် ကုန်ကျစရိတ်၏ ထက်ဝက်သာ ကျသင့်မည်ဖြစ်သည်။

တရုတ်နှင့် ဗီယက်နမ်အကြား ကုန်ရထားပုံမှန်ခုတ်မောင်းမှုကို လာမည့်နှစ်တွင် စတင်မည်ဖြစ်သည်။

ဗီယက်နမ်နှင့် တရုတ်နိုင်ငံအကြား ကုန်ရထား ခုတ်မောင်းနိုင်မှုသည် ကျန်ရှီးပြည်နယ်ကဲ့သို့ ကုန်းတွင်းပိတ်ပြည်နယ်များနှင့် အရှေ့တောင်အာရှဒေသအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ကျန်ရှီးပြည်နယ် လူမှုသိပ္ပံပညာတက္ကသိုလ်မှ စီးပွားရေးပညာရှင် မာကျိဟွေက ပြောကြားသည်။ **ဆင်ဟွာ။**




# ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအရေး ဂရိနိုင်ငံ လက်စ်ဘော့ကျွန်း၌ ကန့်ကွက်ဆန္ဒပြ

**အေသင် နိုဝင်ဘာ ၂၂**
ရွှေ့ပြောင်းအခြေစိုက်မှုနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်နိုင်ငံများ၏ မူဝါဒများကို ဆန့်ကျင်ကန့်ကွက်နိုင်ရန် ဂရိနိုင်ငံ လက်စ်ဘော့ကျွန်းမှ ကျွန်းသူ ကျွန်းသားများသည် ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိတို့၏ ကျွန်းသည် ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများနှင့် ဒုက္ခသည်များကို ထိန်းသိမ်းထားရာ အကျဉ်းထောင်ကြီးတစ်လုံးနှင့် တူလာကြောင်း၊ ယင်းမှာ ဥရောပနိုင်ငံများ၏ မူဝါဒများအရ ဖြစ်ရကြောင်း ဆန္ဒပြသူများက ပြောကြားကြသည်။

လက်စ်ဘော့ကျွန်းမှ ကျွန်းသူ ကျွန်းသားများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ၊ ဈေးဆိုင်များ၊ စည်ပင်သာယာရုံးများ၊ မူကြိုကျောင်းများ၊ ဆေးဆိုင်များကို ခေတ္တပိတ်ထားလိုက်ကြပြီး ပြည်သူ့ရင်ပြင်တွင် စုဝေးကာ ဆန္ဒပြခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

တူရကီနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသမှ မိုင်အနည်းငယ်မျှသာ ကွာဝေးသော လက်စ်ဘော့ကျွန်းသည် ဥရောပတိုက်၏ ရွှေ့ပြောင်းအခြေစိုက် နေထိုင်မှုပြဿနာကို ခါးစည်းခံနေရသော ကျွန်းဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ဆီးရီးယား၊ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ အဓိကဖြစ်သည့် လူပေါင်း တစ်သန်းခန့်သည် ဂျာမနီနိုင်ငံသို့ ဆက်လက်ထွက်ခွာနိုင်ရန် ယင်းကျွန်း၏ ကမ်းခြေပေါ်သို့ ဆင်းသက်ခဲ့ကြသည်ဆို၏။

ခိုလှုံခွင့်တောင်းခံလိုသူများအတွက် လက်စ်ဘော့ကျွန်း၌ တည်ဆောက်ထားသော စခန်းများမှာ လူ ၃၀၀၀ ခန့်ကိုသာ လက်ခံနိုင်စွမ်းရှိသော်လည်း ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ လူပေါင်း ၈၅၀၀ ခန့်အထိ လက်ခံထားရကြောင်း၊ မိမိတို့၏ ကျွန်းသည် လဟာပြင် အကျဉ်းထောင်ကြီး မဟုတ်ကြောင်း အဆိုပါကျွန်း၏ မြို့တော်ဝန် စပီယော့ ဂါလီနော့က ပြောကြားသည်။ **ရိုက်တာ။**



# ဆီးရီးယားငြိမ်းချမ်းရေး လာမည့်သီတင်းပတ်တွင် ဆွေးနွေးမည်

**မော်စကို နိုဝင်ဘာ ၂၂**
ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆီးရီးယားသမ္မတ ဘာရှာအယ် အာဆက်နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်လာသည့် ရလဒ်ကောင်းများနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အခြားသော နိုင်ငံအကြီးအကဲများအား ဆွေးနွေးပြောကြားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

နိုဝင်ဘာ ၂၀ ရက်တွင် သမ္မတပူတင်က ဆီးရီးယားသမ္မတ ဘာရှာအယ် အာဆက်နှင့် တွေ့ဆုံကာ ဆီးရီးယားပြည်တွင်းစစ်မီးငြိမ်းချမ်းရေးအတွက် ဆွေးနွေးခဲ့သည်။ နိုဝင်ဘာ ၂၁ ရက်တွင် သမ္မတ ပူတင်က အမေရိကန်သမ္မတ ထရန့်၊ ဆော်ဒီအာရေဗျဘုရင် ဆာလ်မန်ဘင် အဘ်ဒူလာဇစ်၊ အီဂျစ်သမ္မတ အာဘ်ဒယ်ဖာတေး အယ်စီစီတို့ အပါအဝင် အရှေ့အလယ်ပိုင်း ခေါင်းဆောင်များနှင့် တယ်လီဖုန်းမှတစ်ဆင့် ဆီးရီးယားငြိမ်းချမ်းရေးကိစ္စကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံရေးဖြစ်စဉ် ပြောင်းလဲမှုတစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ရေးဆွဲပြကာ နိုင်ငံအတွင်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို မျှတစွာကျင်းပမည်ဟု သမ္မတအာဆက်က ကတိပြုပါကြောင်း သမ္မတ ဒေါ်နယ်ထရန့်အား သမ္မတ ပူတင်က ပြောကြားခဲ့သည်ဟု ကရင်မလင်၏ ထုတ်ပြန်ချက်အရ သိရသည်။

သမ္မတအာဆက်အစိုးရအဖွဲ့နှင့် အတိုက်အခံအဖွဲ့တို့ လာမည့်သီတင်းပတ်တွင် ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးပွဲတစ်ရပ် ဂျီနီဗာမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဆီးရီးယားသမ္မတ အာဆက်အား ရုရှားနိုင်ငံက ထောက်ပံ့ကူညီပေးသည်။ သို့သော် ဆီးရီးယားအစိုးရ အတိုက်အခံအဖွဲ့များအား အမေရိကန်အပါအဝင် အခြားသောနိုင်ငံများက ထောက်ခံအားပေးကာ သမ္မတ အာဆက်အား ဖြုတ်ချရေးအတွက် တွန်းအားပေးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

**✱ ပြည်သူ့လွှတ်တော်မှ**

**ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သက်တော်ရှေလျှောင်တမံ(၁)သို့ ရေဝင်ချောင်းဖြစ်သည့် သက်တော်ချောင်းမှာ သဲနုန်းပို့ချမှု အထိုက်အလျောက်ရှိသော်လည်း တမံတွင်းသို့ ရေစီးဝင်မှုကို အဟန့်အတားဖြစ်လောက်သည်အထိ သဲနုန်းပို့ချမှုပမာဏ များပြားခြင်းမရှိသဖြင့် သဲနုန်းတူးဖော်ရန် မလိုအပ်သေးပါကြောင်း၊ သက်တော်ရေလှောင်တမံ(၁)မှ တမံ(၂)သို့ ရေကူးဖြည့်တင်းပေးသော ဆက်သွယ်မြောင်းနှင့် ပတ်သက်၍ ဆက်သွယ်မြောင်းမှာ အလျားပေ ၅၃၀၀ ခန့် ရှည်လျားပြီး သဲနုန်းပို့ချမှုမှာ အတော်အသင့်ရှိသော်လည်း မြောင်းအစမှအဆုံးထိ မြေပြင်အနိမ့်အမြင့် အနေအထားနှင့် မြောင်းအရွယ်အစားများအရ မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ရေထုထည်စီးနှုန်းပမာဏအတိုင်း ကောင်းမွန်စွာ စီးဆင်းနိုင်သောကြောင့် လက်ရှိတွင် သဲနုန်းတူးဖော်ဆောင်ရွက်ရန် လိုအပ်မှုမရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဆက်သွယ်မြောင်းအတွင်း ထည့်သွင်းတည်ဆောက်ထားသည့် ရေကျအဆောက်အအုံသုံးခုတွင် အဝင်ပိုင်းနှင့် အထွက်ပိုင်းများ၌ ပျက်စီးမှုများရှိသဖြင့် ၎င်းတို့ကို ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သက်တော်ရေလှောင်တမံ(၁)၏ ရေဝင်ချောင်းဖြစ်သည့် သက်တော်ချောင်းနှင့် တမံ(၁)မှ (၂)သို့ ဆက်သွယ်မြောင်းတို့အား လက်ရှိအခြေအနေအရ သဲနုန်းတူးဖော်ရန် မလိုအပ်သေးပါကြောင်းနှင့် ဆက်သွယ်မြောင်းပေါ်ရှိ ရေကျအဆောက်အအုံသုံးခုအား ပြုပြင်ရန်အတွက် အသေးစိတ်တိုင်းတာတွက်ချက်ပြီး လိုအပ်ရန်ပုံငွေကို မန္တလေးတိုင်းဒေသကြီးအစိုးရမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **သနပ်ပင်မြို့နယ်တွင် တိမ်ကောလျက်ရှိသော ကမ်းပြို၊ နတ်ရေကန်၊ ကလိုင်၊ ကသဲကုန်း၊ ဝဲပြန်၊ ထောင်မင်း၊ မင်းရွာ၊ ကုက္ကိုတန်း၊ သနတ္တန်း၊ ကျူချောင်း၊ ဘော်ဘီ၊ ဝင်းဂဒတ်နှင့် တမာတကွန်းချောင်းများအား ပြန်လည်တူးဖော်ပေးရန်အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကမ်းပြို-ကျုံပါချောင်း အလျား ခြောက်မိုင်ခန့်၊ နတ်ရေကန်ကျေးရွာ တောင်ကွင်း၊ တရုတ်ကြီးချောင်းနှင့် ရွာချောင်းအလျား သုံးမိုင်ခန့်၊ ကလိုင်(ထော်ဘူ)ချောင်း အလျားပေ ၆၀၀၀၊ ဝဲပြန်-ကွင်းလျားရှည်ချောင်း အလျား သုံးမိုင်ခန့်၊ ထောင်မင်းချောင်းများ ပေ၂၅၀၀၀ ခန့်၊ ကုက္ကိုတန်းမှ ကမာဘာချောင်းအထိ အလျား တစ်မိုင်ခွဲခန့်၊ သနတ္တန်းချောင်း အလျား သုံးမိုင်ခန့်၊ တမာတကွန်းချောင်း အလျား ပေ ၈၅၀၀ ခန့်၊ ဘော်ဘီရိုး အလျား သုံးမိုင်ခန့် စုစုပေါင်း ချောင်းတူးဖော်ခြင်းလုပ်ငန်း ကိုးခုအား မိုးရာသီအတွင်း ကွင်းဆင်းတိုင်းတာဆောင်ရွက်ရန် အခက်အခဲရှိခဲ့သောကြောင့် ယခုပွင့်လင်းရာသီ ဇန်နဝါရီလခန့်တွင် လိုအပ်သည့် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးတိုင်းတာချက်များအရ ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသော ချောင်းများအနက်မှ မင်းရွာချောင်း အလျား ၁ ဒသမ ၇၂ မိုင်၊ ကျူချောင်းချောင်း အလျား ၂ ဒသမ ၆၅ မိုင်တို့အား တူးဖော်ဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ မူလရန်ပုံငွေမှ ငွေကျပ် ၈၂ ဒသမ ၉၄၆ သန်း ခွဲဝေရရှိပြီးဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူပြီး ပွင့်လင်းရာသီတွင် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ချောင်းနှစ်ခုဖြစ်သော ဝင်းကဒတ်ချောင်းနှင့် ကသဲကုန်းချောင်းများတွင် ဝင်းကဒတ်ချောင်းအလျား ၁၂ ဒသမ ၂၅ မိုင်အား တူးဖော်ဆောင်ရွက်ရန်အတွက် လိုအပ်ရန်ပုံငွေကျပ် ၅၄၃ ဒသမ ၉၁၀ သန်းကို ၂၀၁၈-၂၀၁၉ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ မူလရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံထားပြီးဖြစ်ပါ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကသဲကုန်းချောင်း အလျား သုံးမိုင် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၇၀ သန်းသည် ၂၀၁၈-၂၀၁၉ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ မူလရန်ပုံငွေစာရင်းတွင် လျာထားပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ဆိုင်ဟိန်း၊ လဟယ် မဲဆန္ဒနယ်မှ ဦးသက်နောင်နှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်သို့အသိပေးပြီး ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ် ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောက သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်ရန်အချက် ခြောက်ချက်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် ခုနစ်ချက်၊ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ အချက် ငါးချက်နှင့် တပ်မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်း၍ ချမှတ်သော မူဝါဒ သုံးရပ်ရှိပါကြောင်း၊ လက်ရှိအစိုးရသစ်လက်ထက်တွင် မတရားသိမ်းဆည်းခံထားရသည့် မြေယာများ ပြည်သူများ လက်ဝယ်ပြန်လည်ပေးနိုင်ရန် လယ်၊ ပြန်၊ စစ် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် လုပ်ငန်းအတွေ့အကြုံများ၊ အခက်အခဲများကို ပြန်လည်သုံးသပ်ကာ ပြင်ဆင်ထုတ်ပြန် ကျင့်သုံးစေခြင်းဖြင့် ပိုမိုထိရောက်စေမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ မိုင်းတုံ မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးနှင့် သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သစ်တောဖုံးလွှမ်းမှု တိုးမြင့်လာစေရန်အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း လမ်းညွှန်ချက်နှင့်အညီ သစ်တောနယ်မြေနှင့် သစ်တောမြေပြင်များတွင် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြေလွတ်၊ မြေရိုင်းများ အသုံးပြုခွင့် လုပ်ပိုင်ခွင့်လျှောက်ထားသည့် မြေဧရိယာအတွင်းတွင် လက်ရှိလုပ်ကိုင်နေသည့် ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေနေရာများ ပါဝင်နေမှုကို စိစစ်တွေ့ရှိရပါက ၎င်းတို့အနေဖြင့် တရားဝင်လုပ်ပိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင်အောင် နစ်နာမှုမရှိစေရေးအတွက် ၎င်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကို ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် မူလတောင်သူများလက်ဝယ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ၎င်းတို့အား ပေးအပ်ထားသော လုပ်ငန်းတာဝန်များ၊ တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ခွင့်ပြုရာတွင် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်အသုံးပြုခွင့်ချထားရာတွင် လက်ရှိအခြေအနေအထိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် မူလလက်ငုတ်တောင်သူများမပါရှိစေရေးနှင့် ပါရှိခဲ့ပါက နစ်နာမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံမြေများနှင့် ပတ်သက်ပြီး ၎င်းတို့အား ပေးအပ်ထားသော လုပ်ငန်းတာဝန်များ တည်ဆဲဥပဒေများနှင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည့်အလျောက် ယင်းအဆိုအား မှတ်တမ်းတင်ထားရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အဆိုရှင် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တို့က ယင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူသဖြင့် လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

**❖ အမျိုးသားလွှတ်တော်မှ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာမခံအလုပ်သမားများအား ပိုမိုထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရန်အတွက် အလုပ်သမားဆေးရုံကြီးများတွင် မရှိသေးသည့် အထူးကုဘာသာရပ်များဆိုင်ရာ ကုသမှုကို လိုအပ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ အစိုးရဆေးရုံများတွင် ကုသမှုခံယူစေပြီး ဆေးဝါးများ ဝယ်ယူရပါက ကျခံသုံးစွဲခဲ့ရသည့် ငွေကြေးများကို ပြန်လည်တောင်းခံရာ၌ ပိုမိုလွယ်ကူမြန်ဆန်မှုရှိစေရေးအတွက် ဖြေလျှော့ပေးနိုင်သည်များကို ဖြေလျှော့ပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများအတွက် ထိရောက်ပြီး အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရန်နှင့် လူမှုဖူလုံရေးရန်ပုံငွေများကို ထိရောက်မှုအားကောင်းပြီး ကျစ်လျစ်သိပ်သည်းစွာ သုံးစွဲခြင်းဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းအတွင်းရှိနေသော အခြေခံပညာကျောင်းမြေနေရာများကို သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပြီး ပညာရေးမြေအဖြစ် ပြန်လည်ချထားပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောကြိုးဝိုင်းအတွင်း ကျရောက်လျက်ရှိသော အခြေခံပညာကျောင်း ရှစ်ကျောင်း ဆောက်လုပ်ရန် မြေနေရာလိုအပ်ပါက မြေအသုံးချလိုသည့် ပညာရေးဝန်ကြီးဌာနမှ စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ လျှောက်ထားတင်ပြရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ရန်ပုံငွေဖြင့် တည်ဆောက်ထားသည့် ကျောင်းများဖြစ်ပါက ပြောင်းလဲလာသော မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများအရ မြေနေရာ အတည်ပြုချက်၊ ခွင့်ပြုချက်၊ အသုံးပြုခွင့်ရရှိပြီးမှသာ ဆောက်လုပ်ရန်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းသည့် အခြေခံပညာကျောင်း ကိုးကျောင်း တည်ဆောက်ထားသည့် မြေနေရာအား ခွင့်ပြုချက်မရရှိသေးပါက လုပ်ထုံးလုပ်နည်းအတိုင်း သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ သစ်တောမြေပြင်ပတွင် ကျရောက်နေသော ထိဖိုးကော် စာသင်ကျောင်းနှင့်ပတ်သက်၍ သစ်တောမြေနှင့် သက်ဆိုင်မှုမရှိသည့်အတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြန်လည်ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေက ထောက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်က ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းအောင်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန် အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့သည့် “MICA (Myanmar International Cooperation Agency)” အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ယင်းအဆိုကို အမျိုးသားလွှတ်တော်ကလည်း အတည်ပြုပြီးဖြစ်ပါကြောင်း၊ ကော်မတီ၏ စိစစ်တွေ့ရှိချက်များသည် မြေပြင်နှင့် ကိုက်ညီသည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများအရ MICA ဖျက်သိမ်းရေးနှင့် စာရင်းရှင်းလင်းရေးကို အတိအကျ လိုက်နာဆောင်ရွက်၍ လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် ကော်မတီနှင့် လွှတ်တော်မှ တိုက်တွန်းထိန်းကျောင်းပေးစေလိုကြောင်း ဆွေးနွေးသည်။

အဆိုပါ ကြားဖြတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခ) သန်းစိုး(ဘောဂဗေဒ)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာပြည့်ဖြိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေက ယင်းကြားဖြတ်အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ကြားဖြတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# AP သတင်းဌာန၏ လွဲမှားစွာသတင်းရေးသားမှုအပေါ် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) ၏ သဘောထားကြေညာချက်

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) ကြေညာချက် အမှတ်(၅/၂၀၁၇)**

**ရက်စွဲ။ ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်**

၁။ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်က နေပြည်တော် (MICC 1)တွင် ပြုလုပ်ခဲ့သည့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းပါအရေးကြီးသည့် အချက်အလက်တစ်ခုကို နိုင်ငံတကာသတင်းဌာနကြီးတစ်ခုဖြစ်သည့် အေပီသတင်းဌာနက လွဲမှားစွာရေးသားဖော်ပြခဲ့ကြောင်း သိရပါသည်။

၂။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်မှာ "Conflicts around the world are giving rise to new threats and emergencies; illegal migration, spread of terrorism and violent extremism, social disharmony and even the threat of nuclear war." ဖော်ပြထားပါသည်။ ယင်းကို အေပီသတင်းက "illegal migration spreads terrorism…" "လူများတရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းက အကြမ်းဖက်မှုအမျိုးမျိုးကိုပြန့်ပွားစေတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုကြောင်း အဓိပ္ပာယ်လွဲမှားစွာ ဖော်ပြခဲ့ပါသည်။

၃။ အဆိုပါသတင်းဖော်ပြချက်သည် မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေဖြစ်သည့် သတင်းမီဒီယာဥပဒေပုဒ်မ ၉ အရလည်းကောင်း၊ နိုင်ငံတကာသတင်းမီဒီယာသမားများ အလေးထားလိုက်နာရမည့် ကျင့်ဝတ်များနှင့်လည်းကောင်း မညီညွတ်ဘဲ ချိုးဖောက်ထားကြောင်း တွေ့ရပါသည်။

၄။ မျက်မှောက်အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်ဆံရေးကောင်းမွန်စေရန် ကြိုးစားတည်ဆောက်နေဆဲကာလဖြစ်သည့်အတွက် ထိလွယ်ရှလွယ်အရေးကိစ္စများကို နိုင်ငံတော်က သတိထားကိုင်တွယ်ဆောင်ရွက်နေချိန်ဖြစ်ပါသည်။

၅။ အေပီသတင်းဌာနအနေဖြင့် အဆိုပါသတင်းကို ပြန်လည်ပြင်ဆင်ခဲ့သော်လည်း ယင်းသတင်းကြောင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါသည်။

၆။ ထို့ကြောင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)သည် ယင်းဖြစ်စဉ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)**

# မီဒီယာကျင့်ဝတ်စံနှုန်းများနှင့် သွေဖည်ပြီး သတင်းမှားထုတ်ပြန်ခဲ့သည့် AP ၏ သတင်းရေးသားမှုအပေါ် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း၏ သဘောထားကြေညာချက်

**ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နေပြည်တော်တွင် နိုဝင်ဘာ ၂၀ ရက်က ကျင်းပသော (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပြောကြားသောမိန့်ခွန်းကို ကောက်နုတ်သတင်းထုတ်ပြန်ရာတွင် AP သတင်းဌာနသည် လုံးဝလွဲမှားစွာ ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်အစစ်အမှန်ဖြစ်သော "ကမ္ဘာပေါ်မှာဖြစ်ပွားတဲ့ ပဋိပက္ခတွေဟာ ခြိမ်းခြောက်မှုအသစ်တွေ ဖြစ်ပေါ်စေခဲ့ပြီး အဲဒါတွေဟာ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်မှုနဲ့ အစွန်းရောက်မှုပျံ့နှံ့လာခြင်း၊ လူမှုရေးဆိုင်ရာ သဟဇာတကင်းမဲ့မှုနဲ့ နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှုအန္တရာယ်တွေဖြစ်တယ်" ဟူသော စကားလုံးများအစား "ကမ္ဘာတစ်ဝန်းမတည်ငြိမ်မှုများ၊ ပဋိပက္ခများ ရင်ဆိုင်နေရခြင်းမှာ လူများ တရားမဝင်ရွှေ့ပြောင်းသွားလာမှုက အကြမ်းဖက်မှုအန္တရာယ်အမျိုးမျိုးကို ပျံ့နှံ့စေခြင်းကြောင့်ဖြစ်တယ်" ဟု AP သတင်းဌာနက အဓိပ္ပာယ်လွဲမှားစွာ သတင်းရေးသားထုတ်ပြန်ခဲ့ပါသည်။

ထို AP သတင်းဌာန၏ သတင်းမှားကို နိုင်ငံတကာရုပ်သံများ၊ ပုံနှိပ်နှင့် အွန်လိုင်းမီဒီယာများက ဖော်ပြခဲ့ကြရာ အဆိုပါသတင်းမှားကြောင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များအပါအဝင် ပြည်တွင်းအရေးအရာများကို အပြုသဘောဖြင့် စနစ်တကျစီမံဆောင်ရွက်နေသော နိုင်ငံတော်အကြီးအကဲများ၏ လုပ်ဆောင်ချက်များနှင့် မြန်မာနိုင်ငံ၏ပုံရိပ်ကိုပါ ထိခိုက်နစ်နာခဲ့ရပါသည်။

မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံဖန်တီးသော သတင်းများဖြင့် အပျက်သဘောဆောင်ကာ မီဒီယာဖြင့် ထိုးနှက်မှုများရှိနေသည့်အချိန်တွင် AP ၏ လုပ်ဆောင်မှုသည် မီးလောင်ရာလေပင့်သည့် အသွင်ဆောင်နေပြီး နိုင်ငံတကာသတင်းမီဒီယာတစ်ခု၏ ကျင့်ဝတ်၊ စံနှုန်းများနှင့် သွေဖည်နေပါသဖြင့် ယခုသတင်းထုတ်ပြန်မှုအပေါ် ကျွန်ုပ်တို့က ပြင်းထန်စွာရှုတ်ချပါသည်။

**မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတို့ နှစ်နိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် လာရောက်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီ ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၂ ရက်မှစ၍ မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်လျက်ရှိသည်။

ခရီးစဉ်အတွင်း ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတို့ ဦးဆောင်ဆွေးနွေးသော နှစ်နိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပသည်။

နံနက်ပိုင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှာဟီဒူဟတ် ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့တို့အကြား နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ကျင်းပခဲ့သည်။

ယနေ့ ည ၇ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပုဂံ-ဆီရမ်ရိ(ပ်) တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းနိုင်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့၌ ကျင်းပသည့် ကမ္ဘောဒီးယား ခရီးသွားပြပွဲ-၂၀၁၇ သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် Sokha Siem Reap Resort and Conventation Center ၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီး Dr. Thong Khon က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်အတူ တက်ရောက်လာကြသော တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ခရီးသွားပြပွဲတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိ ခရီးသွား ကုမ္ပဏီ ၁၅၀ တို့မှ ပြခန်းများ ဖွင့်လှစ်ပြသခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြုပြခန်းလေးခန်း ဝင်ရောက်ပြသခဲ့ရာ Exhibitor's Award of Excellence for the Best Booth Decoration ဆုကို ရရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ Implementation of Action Plan (2017-2020) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို



အဆိုပါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကမ္ဘောဒီးယား ခရီးသွားလာရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ Action Plan တွင် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး၊ ဆီရမ်ရိ(ပ်)-ပုဂံ-ဆီရမ်ရိ(ပ်) တိုက်ရိုက်လေကြောင်းပြေးဆွဲရေး အပါအဝင် နှစ်နိုင်ငံအကြား လေကြောင်းလိုင်းများ ချိတ်ဆက်ပျံသန်းရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး ခရီးစဉ်များစီစဉ်ရေး၊ နှစ်နိုင်ငံကြား သတင်းအချက်အလက် အတွေ့အကြုံဖလှယ်ရေးတို့၌ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များ ပါရှိသည်။

မွန်းလွဲပိုင်းတွင် Sokha Siem Reap Resort ၌ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်များသည် ပုဂံ-ဆီရမ်ရိ(ပ်) တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်များအား ဆီရမ်ရိ(ပ်)မြို့ရှိ Bayon Temple မျက်နှာစာတွင် ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားခရီးသွားပြပွဲ အစီအစဉ်နှင့်အတူ မြန်မာနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာခရီးစဉ် FAM Trip အစီအစဉ်ကို နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့တွင် ပြုလုပ်ခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ပါဝင်ခဲ့ကြောင်း သိရသည်။

ခရီးစဉ်အတွင်း ဆီရမ်ရိ(ပ်)မြို့ရှိ အန်ကောဝပ်နှင့် ဘန်ဒရီဆာရီဘုရားကျောင်းများ၊ အခြားခရီးသွားလုပ်ငန်းဆွဲဆောင်မှုများကို လေ့လာခဲ့ကြသည့်အပြင် နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Jukr Boon-Long အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ အစိုးရတို့အကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကတိကဝတ်ပြုချက် လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် နယူးဇီလန်နိုင်ငံ အစိုးရတို့အကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကတိကဝတ်ပြုချက် (၂၀၁၇-၂၀၂၁) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နယူးဇီလန်နိုင်ငံမှ Parliamentary Undersecretary of Foreign Affairs, H.E. Mr. Fletcher Tabuteau၊ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E. Mr. Steve Marshall နှင့် နယူးဇီလန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နယူးဇီလန်နိုင်ငံ အစိုးရတို့အကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကတိကဝတ်ပြုချက် (၂၀၁၇-၂၀၂၁)ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E. Mr. Steve Marshall တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ ပူးတွဲကတိကဝတ်ပြုချက်အရ မြန်မာနိုင်ငံ၏ ဦးစားပေးနယ်ပယ်များဖြစ်သည့် စိုက်ပျိုးရေး၊ အသိပညာနှင့် ကျွမ်းကျင်မှု၊ ပြည့်ဖြိုးမြဲစွမ်းအင်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု အစရှိသည့် နယ်ပယ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယူးဇီလန်နိုင်ငံမှ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ သင်တန်းများနှင့် ပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ကြေးမုံ

# အိန္ဒိယနိုင်ငံက လုပ်ငန်းရှင်များအပါအဝင် ပြည်ပလုပ်ငန်းရှင်တွေ ဝမ်းမြောက်စွာနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ်လို့ မြင်ပါတယ်

**(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာသော အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. vijay Kumar singh အား မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ရခိုင်ဒေသပြဿနာတို့နှင့်စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားမှုများကို ပြန်လည်ဖော်ပြအပ်ပါသည်။**

**မေး။ ။ မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များရဲ့ အသီးအပွင့်တွေကို မြန်မာပြည်သူတွေ ဆောလျင်စွာ အကျိုးခံစားရအောင် ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာ အကြံဉာဏ်လေး ပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီမိုကရေစီနိုင်ငံတွေမှာ ပြည်သူတွေဟာ မရှိမဖြစ်လိုအပ်တဲ့ အစိတ်ပိုင်းတစ်ရပ်ဖြစ်ပြီး ပြည်သူတွေရဲ့ ဆန္ဒတွေကို ဖော်ဆောင်ပေးရတဲ့ အလေ့အကျင့်တစ်ခုဖြစ်ပါတယ်။ ဥပမာပြရရင် အိန္ဒိယနိုင်ငံမှာ အောက်ခြေအဆင့်ဖြစ်တဲ့ ကျေးရွာအဆင့်မှာ ကျေးရွာကော်မတီတွေ၊ အင်စတီကျူးရှင်းတွေထားရှိပြီး ဒေသဆိုင်ရာအဆင့်မှာတော့ မြူနီစပယ်အင်စတီကျူးရှင်းတွေ ထားရှိပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ ပြည်သူတွေနဲ့ တိုက်ရိုက်ပတ်သက်ဆက်နွှယ်မှုရှိနေပါတယ်။ နိုင်ငံတော်အဆင့် ပါလီမန်တွေမှာတော့ လူထုကိုကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေရှိပြီး ပြည်သူ့အကျိုးကို သယ်ဆောင်ကြရပါတယ်။ အဲဒီပြည်သူ့ကိုယ်စားလှယ်တွေဟာ အစိုးရနဲ့ပြည်သူအကြား ပေါင်းကူးပေးတဲ့သူတွေဖြစ်တဲ့အတွက် အစိုးရရဲ့လုပ်ငန်းတွေကိုလည်း အထောက်အကူပြုပေးပါတယ်။ ဒီမိုကရေစီနိုင်ငံတိုင်းဟာ ပြည်သူတွေရဲ့လိုအပ်ချက်နှင့်အညီ ဒီမိုကရေစီကျကျ ရွေးကောက်ထားတဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် သူတို့တွေမှာ ပြည်သူ့အကျိုးဖော်ဆောင်ဖို့ လုပ်ပိုင်ခွင့်အပြည့်အဝ အပ်နှင်းထားရပါတယ်။ ကျေးရွာမှာ လျှပ်စစ်မီး၊ ရေ၊ လမ်းတံတားတွေ ပြည့်ပြည့်စုံစုံမရှိတဲ့အခါ ပါလီမန်ကိုတင်ပြရပြီး အမှန်တကယ် လိုအပ်တဲ့လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်ပေးရတဲ့သူတွေဖြစ်တဲ့အတွက် ဒီမိုကရေစီစနစ် ကျင့်သုံးနေတာ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အလျင်မြန်ဆုံး ဖော်ဆောင်နိုင်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီမိုကရေစီရင့်သန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်တွေကို ပြည်သူတွေ ဆောလျင်စွာ ခံစားရမှာပဲဖြစ်ပါတယ်။

**မေး။ ။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဘယ်လိုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံလိုပါသလဲ။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဘယ်လိုဆွဲဆောင်ရမလဲဆိုတာ အကြံဉာဏ်ပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံနိုင်တဲ့နယ်ပယ်တွေ အမြောက်အမြားရှိနေပါတယ်။ အထူးသဖြင့် ပြည်သူတွေက လည်ပတ်တဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေကို မြှင့်တင်ဖို့လိုအပ်ပါတယ်။ မြှင့်တင်နိုင်တဲ့အနေအထားလည်းရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ အသေးစားနှင့်အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်အချိုးကျပါတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင် ကဏ္ဍတိုင်းမှာ အခြေခံပြည်သူများအတွက် အသေးစား စီးပွားရေးလုပ်ငန်းတွေ တည်ထောင်ထားရှိပါတယ်။ ဒီဟာတွေဟာ ကုန်ပစ္စည်းထုတ်လုပ်ရေးရဲ့ အခြေခံအကျဆုံးလုပ်ငန်းဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် ပြည်သူတွေရဲ့တစ်ဦးချင်းဝင်ငွေကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် စွမ်းအင်ကဏ္ဍ၊ သစ်တောကဏ္ဍ ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ စက်မှုကဏ္ဍတွေရှိပါတယ်။ ထို့အတူ ပို့ဆောင်ရေးကဏ္ဍမှာလည်း အလားအလာကောင်းတွေရှိပါတယ်။ မြန်မာအစိုးရအနေနဲ့ ထိုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရင် အိန္ဒိယနိုင်ငံက လုပ်ငန်းရှင်များအပါအဝင် ပြည်ပလုပ်ငန်းရှင်တွေ ဝမ်းမြောက်စွာနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ်လို့ မြင်ပါတယ်။

**မေး။ ။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း အကျပ်အတည်းနဲ့ပတ်သက်ပြီး ကူညီပံ့ပိုးဖို့ ရှိပါသလားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ရခိုင်မြောက်ပိုင်း အကျပ်အတည်းပြဿနာဟာ မြန်မာအစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့အကြား ဆက်နွှယ်နေတဲ့ အရေးကိစ္စတစ်ခုဖြစ်ပါတယ်။ အဲဒီပြဿနာမှာ အစိတ်အပိုင်း နှစ်ပိုင်းရှိတယ်လို့မြင်ပါတယ်။



**အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. vijay Kumar singh**

ပထမအစိတ်အပိုင်းကတော့ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ဖြစ်ပါတယ်။ ဒုတိယအစိတ်အပိုင်းကတော့ နယ်မြေတည်တံ့ခိုင်မြဲရေးနဲ့ ပြဿနာဟာ ဘယ်လောက်ထိလွယ်ရှလွယ်လဲဆိုတာ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ရှုမြင်ပုံပဲဖြစ်ပါတယ်။ လိုအပ်ချက်အနေနဲ့က နေရပ်စွန့်ခွာထွက်ပြေးသူတွေ ပြန်လည်ရောက်ရှိရေးနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ အမှန်တကယ်လိုအပ်တဲ့သူတွေထံ ရောက်ရှိဖို့အတွက် မြန်မာနိုင်ငံအစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့ သဘောတူညီချက်တစ်ရပ် ချုပ်ဆိုနိုင်ရေး လိုအပ်ပါတယ်။ ရခိုင်ဒေသမှာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ကာလရှည်အခြေချနေထိုင်မှုတွေ ပြုလုပ်နိုင်မယ်ဆိုရင် လက်ရှိပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အိန္ဒိယအစိုးရအနေနဲ့ လိုအပ်ရင်လိုအပ်သလို အကူအညီပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနဲ့ အိန္ဒိယနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေနဲ့ အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ လက်ရှိအခြေအနေမှာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေရှိနေပါတယ်။ အထူးသဖြင့် စွမ်းအင်ကဏ္ဍနဲ့ အခြေခံအဆောက်အအုံမြှင့်တင်ရေးဆိုင်ရာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိနေပါတယ်။ လက်ရှိမှာတော့ ဖက်စပ်လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ အိန္ဒိယနိုင်ငံဘက်က အဆိုပြုထားတာတွေရှိပါတယ်။ ဒီ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွေကနေ မြန်မာပြည်သူအတွက် အကျိုးများစွာ ဖော်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ထို့အတူပဲ စက်မှုလုပ်ငန်းကဏ္ဍတွေမှာ အိန္ဒိယက စိတ်ဝင်စားမှုရှိပြီး နယ်ပယ်တော်တော်များများမှာ ပူးပေါင်းဆောင်ရွက်လိုပါတယ်။

**မေး။ ။ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနဲ့ ပတ်သက်ပြီး သဘောထားမှတ်ချက်ကို သိလိုပါတယ်။**

ဖြေ။ ။ အစည်းအဝေးကျင်းပတဲ့ နှစ်ရက်တာကာလအတွင်း အကြောင်းအရာတော်တော်များများကို ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ အာရှနှင့်ဥရောပက နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ တွေ့ဆုံပြီး အမြင်ချင်းဖလှယ်နိုင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်တဲ့ ကိစ္စရပ်များ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ အကြမ်းဖက်မှုနဲ့ အစွန်းရောက်မှုတွေကို ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းဖို့ကိစ္စမှာ သဘောတူညီချက် ရရှိခဲ့ကြပါတယ်။ အကြမ်းဖက်မှုကို ထောက်ပံ့တဲ့သူတွေကို ထိရောက်တဲ့ဥပဒေနဲ့ အရေးယူဖို့ဆိုတာတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ အကြမ်းဖက်မှုအားလုံးနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ မျှဝေကြဖို့လည်း ဆုံးဖြတ်ခဲ့ကြပါတယ်။ ထို့အတူ ရာသီဥတုပြောင်းလဲမှုတွေကို ဘယ်လိုကိုင်တွယ် ဖြေရှင်းရမလဲဆိုတာနဲ့ပတ်သက်ပြီး သဘောတူညီချက် ရရှိခဲ့ကြပါတယ်။ နေရောင်ခြည်စွမ်းအင်နဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုနဲ့ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့ကြတာ ပြည်သူတွေအတွက် များစွာအကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

**ဘာသာပြန်-ကျော်သဲအိမ်**

# စုံညီခုံရုံးက အယူခံမှုအမှတ် (၂/၂၀၁၇) အား အပြီးသတ်အမိန့်ချမှတ်၊ အမှုများအားလုံး စစ်ဆေးပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၂**
ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါက်တာဝဏ္ဏစိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးရှာမွေလရှဲန် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အပေါ် လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၄/၂၀၁၇) ကို ရွေးကောက်ပွဲ ခုံအဖွဲ့(၁)က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်(အမိန့်)အား ဒေါက်တာဝဏ္ဏစိုးက ကျေနပ်မှုမရှိသဖြင့် အယူခံမှု လျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၂/၂၀၁၇)ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးတို့ပါဝင်သည့် စုံညီခုံရုံးမှ မူလရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ကန့်ကွက်လွှာအမှုအမှတ် (၄/၂၀၁၇)အပေါ် ၂၂-၉-၂၀၁၇ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်အား ပယ်ဖျက်၍ ဧပြီ ၁ ရက်တွင် ကျင်းပသော ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၌ ဒုတိယခိုင်လုံမဲအများဆုံးရရှိသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အယူခံလျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုးအား ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်ဟု သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်၂၀၁၇ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုများနှင့် အယူခံမှုတို့ကို ဇွန် ၁၂ ရက်မှ စ၍ ကြားနာစစ်ဆေးခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် အမှုများအားလုံး စစ်ဆေးပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက် ကြေညာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## ကြေညာချက်အမှတ် ( ၃၂ / ၂၀၁၇ )
## ၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
## (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးရှာမွေလရှဲန်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဒေါက်တာဝဏ္ဏစိုးက ရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့် လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၂-၁၁-၂၀၁၇ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/၂၀၁၇) ဆုံးဖြတ်ချက်တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ဦးရှာမွေလရှဲန်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဒေါက်တာဝဏ္ဏစိုး ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(က) အရ ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ဦးရှာမွေလရှဲန်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှာ ဒေါက်တာဝဏ္ဏစိုး [၇/ဒဥန(နိုင်)၀၄၁၇၃၄] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်ဆောင်ရွက်ပြီးစီးမှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၂**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းအခြေပြုကာကွယ်ဆေးထိုး အစီအစဉ်ဖြင့် နိုဝင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးရှိ ကလေး ၇၁၁၂၂၄၃ ဦးကို ထိုးနှံနိုင်ခဲ့ပြီး လွှမ်းခြုံမှု ၈၂ ရာခိုင်နှုန်းရရှိကြောင်း၊ ပြင်းထန်သော ကာကွယ်ဆေး တုံ့ပြန်မှုဖြစ်ပွားသည့် ကလေးမရှိကြောင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို တစ်နိုင်ငံလုံးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဘေးကင်းစိတ်ချရသော လုပ်ငန်းဖြစ်စေရန် ထပ်မံအားဖြည့် ဆောင်ရွက်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများ ကွင်းဆင်းစစ်ဆေး

**ရွှေကူ နိုဝင်ဘာ ၂၂**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို တစ်ယူနစ်လျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ရှစ်ယူနစ်ကို ကျေးရွာကိုးရွာအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ကျေးရွာကိုးရွာသည် သုံးနှစ်ပြည့်ပြီဖြစ်သည်။ ယင်းကျေးရွာများမှ အတိုးရငွေ ၅၀ ရာခိုင်နှုန်းအား ကျေးရွာ၏အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ဗန်းမော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်နှင့် ရုံးဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်မည့်လုပ်ငန်းများကို အတည်ပြုချက် ရယူခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# ထွန်စက်ဖြင့် အသုံးပြုနိုင်သည့် လယ်ယာသုံးစက်ကိရိယာ သရုပ်ပြ

**တပ်ကုန်း နိုဝင်ဘာ ၂၂**
နေပြည်တော် တပ်ကုန်းမြို့နယ် ဒေသခံတောင်သူများ ဝယ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်ကာ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် Farmers Choice Tractor Co., Ltd. တို့ပူးပေါင်း၍ ထွန်စက်ကြီးများနှင့် တွဲဖက်သုံးနိုင်သည့် လယ်ယာသုံးစက်ကိရိယာသရုပ်ပြပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ကွင်းအမှတ် (၂၀၃၆) ညောင်တုန်းအိုင်ကွင်း၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် (လယ်ယာကဏ္ဍတာဝန်ခံ)ဦးအေးမောင်စိန်က အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရှင်းလင်းဆွေးနွေးကာ Farmers Choice Tractor Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးနိုင်ဦးက အိန္ဒိယနိုင်ငံထုတ် ထွန်စက်ကြီးများနှင့် တွဲဖက်သုံးကိရိယာများအကြောင်း ရှင်းလင်းမိတ်ဆက်ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများအား ကွင်းအမှတ် (၂၀၃၆) ညောင်တုံးအိုင်ကွင်း ရေအေးကျေးရွာ ဦးသိန်းမြင့်၏ စပါးရိုးပြတ် ကွက်လပ်၌ ထွန်စက်များနှင့်တွဲဖက်သုံးပြုနိုင်သော အိန္ဒိယနိုင်ငံထုတ်ကိရိယာများဖြင့် လက်တွေ့မောင်းနှင်သရုပ်ပြဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလယ်ယာသုံး စက်ကိရိယာများကို ဒေသခံတောင်သူများ ကြိုက်နှစ်သက်၍ ဝယ်ယူလိုပါက မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့်ချိတ်ဆက်၍ ဝယ်ယူအသုံးပြုနိုင်ကြောင်း သိရသည်။

**တင်စိုးလွင်( ပြန်/ဆက်)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၈၆၀၃ သန်း ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၂**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၁၀၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၀၄၉၅ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၆၀၃ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခင်နှစ်ကာလတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉၁၃ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၈၇၅၀ ဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၅၆၆၃ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၁၁၉၅ သန်း၊ သွင်းကုန်တွင် ဒေါ်လာ ၁၇၄၅ သန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ သန်း ၂၉၄၀ ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | ပို့ကုန်ပစ္စည်းအုပ်စု | ၂၀၁၇-၂၀၁၈ (ဧပြီလမှ အောက်တိုဘာလထိ) (ယာယီ) | ၂၀၁၆-၂၀၁၇ (ဧပြီလမှ အောက်တိုဘာလထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၆၆၉ . ၂၀၉ | ၁၆၀၆ . ၆၄၈ | ၆၂ . ၅၆၁ |
| ၂ | ရေထွက်ပစ္စည်းများ | ၃၅၄ . ၂၈၈ | ၂၉၄ . ၁၈၁ | ၆၀ . ၁၀၇ |
| ၃ | သစ်တောထွက်ပစ္စည်း | ၁၂၉ . ၈၅၂ | ၁၃၉ . ၂၂၉ | -၉ . ၃၇၇ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၄၂ . ၇၄၃ | ၅၈၂ . ၄၄၄ | ၂၆၀ . ၂၉၉ |
| ၅ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၁ . ၅၄၈ | ၄ . ၂၅၀ | ၇ . ၂၉၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၃၆၈၆ . ၂၆၉ | ၃၁၆၁ . ၀၀၁ | ၅၂၅ . ၂၆၈ |
| ၇ | အခြားပစ္စည်းများ | ၁၄၁၃ . ၇၁၆ | ၁၁၂၅ . ၄၄၈ | ၂၈၈ . ၂၆၈ |
| | စုစုပေါင်း | ၈၁၀၇ . ၆၂၅ | ၆၉၁၃ . ၂၀၁ | ၁၁၉၄ . ၄၂၄ |

ပြည်ပမှ သွင်းကုန်တင်သွင်းမှုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ (ယာယီ) သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူ သွင်းကုန်တန်ဖိုး ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံရှိသည့်အတွက် သွင်းကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် တစ်ဖက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ဧပြီလမှ အောက်တိုဘာလထိ) (ယာယီ) | ၂၀၁၆-၂၀၁၇ (ဧပြီလမှ အောက်တိုဘာလထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၇၅၄ . ၁၀၁ | ၃၆၆၄ . ၈၂၂ | ၈၉ . ၂၇၉ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၄၁၂၇ . ၇၀၆ | ၂၉၁၁ . ၆၈၅ | ၁၂၁၆ . ၀၂၁ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၂၆၁၃ . ၂၈၈ | ၂၁၇၃ . ၈၁၇ | ၄၃၉ . ၄၇၁ |
| | စုစုပေါင်း | ၁၀၄၉၅ . ၀၉၅ | ၈၇၅၀ . ၃၂၄ | ၁၇၄၄ . ၇၇၁ |

**သတင်းစဉ်**

# ဘယ်လိုပဲ ကွဲပြားခြားနားမှုတွေ ရှိနေပါစေ၊ အားလုံးဟာ တူညီတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်လာပါမယ်

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

**ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် မတူကွဲပြားခြားနားမှုများကို စီမံခန့်ခွဲခြင်း (Diversity Management in the Age of Globalization) ဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် "Policy and Conceptual Frameworks၊ Experiences from Southeast Asia၊ Experiences from Europe and Africa" စသဖြင့် မတူကွဲပြားမှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ၊ အတွေ့အကြုံများကို ခေါင်းစဉ်များခွဲ၍ ပြည်တွင်း၊ ပြည်ပမှ Diversity Management ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဘာသာပေါင်းစုံမှ အကြီးအကဲများ၊ ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးများ၊ လူငယ်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး ၎င်းတို့၏ သဘောထားအမြင်များကို ယခုကဲ့သို့ ထုတ်နုတ်ဖော်ပြလိုက်ရပါသည် -**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး


Prof. Dr. Walter Kaelin (University of Bern)



ဒေါက်တာမြင့်သိန်း (စာရေးဆရာ ငြိမ်းချမ်းလုလင်)



ဒေါ်ကက်သလင်းသိန်း (ဟိန္ဒူအမျိုးသမီးများကွန်ရက်)


အရှင်သဇ္ဇန (မကွေးမြို့နယ်၊ ကပ်ကျော်ပညာပါရမီကုသိုလ်ပြုအဖွဲ့)


ဒေါက်တာစုစုသာထွန်း (အကြီးတန်းအကြံပေးပုဂ္ဂိုလ်)

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန )**

ကျွန်တော်တို့ နိုင်ငံမှာ မတူကွဲပြားတဲ့ လူမျိုးစုတွေ၊ ဘာသာတွေ၊ အယူအဆတွေ ကွဲပြား ခြားနားမှုတွေ အားလုံးစုပေါင်းနေထိုင်ကြတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်ထောင်စုနိုင်ငံဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာ စုပေါင်းပြီး နေထိုင်ကြတာတွေ အများကြီး ရှိပါတယ်။ ဒီလိုနေထိုင်ရာမှာ ဘာသာစကား၊ ကိုးကွယ် ယုံကြည်မှု မတူညီတာတွေ အများကြီး ရှိပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ ကွဲပြားခြားနားကြပါစေ၊ ပြည်ထောင်စုဆိုတဲ့ စိတ်ဓာတ်ဟာ အားလုံးမှာ တူညီဖို့ လိုပါတယ်။

တစ်မြေတည်းမှာနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူကြတဲ့ သဘောအတိုင်း ဘယ်လိုပဲ ကွဲပြားခြားနားမှုတွေ ရှိနေပါစေ၊ အားလုံးဟာ တူညီတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်လာပါမယ်။

နောက်တစ်ခုက တစ်ဖက်နဲ့ တစ်ဖက် ပဋိပက္ခတွေ ဖြစ်တယ်။ အဲဒါတွေရဲ့ အရင်းခံက အချင်းချင်းစည်းလုံး ညီညွတ်မှု၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပေါ်မှာ မူတည်တယ်။ အဲဒီလို နားလည်မှုအခြေခံတွေရှိမှသာ အဆင်ပြေမှုတွေဖြစ်လာပြီး အဆင်မပြေမှုတွေ ပပျောက်သွားမယ်။ ဒါကို ရည်ရွယ်ပြီး ဒီနေ့ပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်။

**Prof. Dr. Walter Kaelin (University of Bern)**

မြန်မာနိုင်ငံလို မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ မတူညီတဲ့ ဘာသာတွေ စသဖြင့် မတူကွဲပြားမှုတွေများစွာနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံမှာ (Diversity Management) မတူကွဲပြားမှုတွေကို စီမံခန့်ခွဲနိုင်ဖို့ဆိုတာ လိုအပ်ပါတယ်။ အဲဒီလိုတင်းမာမှုတွေ၊ ပဋိပက္ခတွေကို စီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းကတော့ မတူညီတဲ့ လူမျိုးစုတွေနဲ့ စုဖွဲ့နေထိုင်ကြတဲ့ နိုင်ငံတွေက နည်းလမ်းတွေ၊ အသိပညာတွေကို လေ့လာဖို့ လိုပါတယ်။

မြန်မာနိုင်ငံရဲ့ Diversity Management ကို ကျွန်တော့်အနေနဲ့ သုံးသပ်ရမယ်ဆိုရင် ရှေ့ဆက်လုပ်ဆောင်ရမယ့် အဆင့်တွေ အများကြီး ကျန်သေးတယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ရခိုင်ပြည်နယ်အရေးက Diversity Management နဲ့ ပတ်သက်ပြီး လုပ်ဆောင်စရာတွေ အများကြီးကျန်နေသေးတယ်ဆိုတာကို ညွှန်ပြနေပါတယ်။ ဒီဆွေးနွေးပွဲက မြန်မာနိုင်ငံအတွက် အထောက်အကူပြုမယ်လို့ ထင်ပါတယ်။ ပထမဆုံးအနေနဲ့ မတူကွဲပြားမှုတွေကို လက်ခံလာအောင် လုပ်ရမယ်၊ ဒုတိယအဆင့်က ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုရဖို့ လုပ်ဆောင်မှုတွေကို လက်ခံရမယ်။ နောက်ပြီး နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူ့အသိုင်းအဝိုင်းအားလုံး၊ ဘာသာတွေအားလုံး၊ လူတွေအားလုံးရဲ့ စိတ်နေသဘောထားတွေကို ပြောင်းဖို့ လိုပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ Diversity Management က အရေးပါတဲ့ ကဏ္ဍတစ်ခုဖြစ်ပြီး အခုအချိန်မှာ မြန်မာနိုင်ငံအတွက် လိုအပ်နေတဲ့အရာတစ်ခုလည်း ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း (စာရေးဆရာ ငြိမ်းချမ်းလုလင်) ငြိမ်းချမ်းမှုတည်ဆောက်ရေးကွန်ရက်ဦးစီးနာယက**

ဒီနေ့ ကျင်းပတဲ့ Diversity Management ဆိုတာ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အထူးလိုအပ်နေတဲ့ ခေါင်းစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနဲ့ အတူယှဉ်တွဲနေထိုင်ကြတယ်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့စဉ်ကတည်းက လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ပါဝင်ခဲ့တယ်။

တစ်ဆက်တည်းမှာလည်း လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနဲ့ ဖွဲ့စည်းထားတာ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖြတ်သန်းလာခဲ့တာ အားလုံးသိတဲ့အတိုင်းပါပဲ၊ အခုဆိုရင် အခက်အခဲတွေ များစွာကို ကျော်ဖြတ်ပြီးတဲ့နောက် ဒီမိုကရေစီမုခ်ဦးကို ကျော်လာနေပြီး အခုဆိုရင် ဖက်ဒရယ်ပြည်ထောင်စုစနစ်အထိ ကျွန်တော်တို့ ချီတက်နေပါပြီ။ ဒီလိုချီတက်ရာမှာ အရေးကြီးဆုံး လိုအပ်ချက်က Diversity ကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းပါ။ နိုင်ငံသားတွေအနေနဲ့ ဒီခေါင်းစဉ်နဲ့ပတ်သက်လို့ လေ့လာမှုအားနည်းတဲ့အတွက် ဒီလိုမတူညီမှုတွေကို ပေါင်းစပ်တဲ့အခါမှာ မိမိရဲ့တန်ဖိုး၊ မိမိရဲ့ အခြေအနေတွေ ယိုယွင်းသွားမလားဆိုပြီး စိုးရိမ်ပူပန်စိတ်တွေ အများကြီးရှိနေပါတယ်။ ဒါက ကမ္ဘာရဲ့ ပြောင်းလဲနေတဲ့ ဖြစ်စဉ်တွေကို ကျွန်တော်တို့ မမြင်လို့ပါ။

ဒီနေ့ ကမ္ဘာပေါ်မှာ အလွန်တိုးတက်သွားတဲ့၊ ဖွံ့ဖြိုးသွားတဲ့ နိုင်ငံတွေကိုကြည့်ရင် အဲဒီမတူညီတဲ့ အင်အားတွေကို စုစည်းနိုင်ခြင်းက အရည်အချင်းတစ်ခုပါ။ အဲဒီအရည်အချင်းရှိရင် ကမ္ဘာပေါ်မှာ လျင်မြန်စွာ ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ ဒီစိုးရိမ်စိတ်တွေကို လျှော့ချကြည့်ပါ။ လက်တွေ့ မိမိရဲ့ Mindset ကို ပြောင်းပြီး Diversity ရဲ့ ကျွန်တော်တို့ကိုပေးနိုင်တဲ့ တိုးတက်မှုတွေ၊ အဲဒီရဲ့ တန်ဖိုးတွေ၊ အကျိုးကျေးဇူးတွေကို လက်တွေ့လေ့လာ၊ လက်တွေ့အသုံးချခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ငံတော်ကို ပိုပြီးသာယာဝပြော၊ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ချီတက်နိုင်မယ်လို့ ပြောကြားလိုပါတယ်။

**ဒေါ်ကက်သလင်းသိန်း (ဟိန္ဒူအမျိုးသမီးများကွန်ရက်)**

မတူကွဲပြားတာကနေ ဘုံသဘောနဲ့ တူတဲ့အရာတွေ အများကြီးရှိပါတယ်။ အဲဒီမတူတဲ့ အထဲမှာပဲ ဘုံက ဘာလဲဆိုတာကို ရွေးထုတ်ဖို့ အလွန်အရေးကြီးပါတယ်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံအပြင် အခုဆိုရင် နိုင်ငံခြားသားပေါင်းစုံ ဒီနိုင်ငံမှာ လာပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နေကြတယ်။

ကိုယ့်နိုင်ငံမှာ နေထိုင်နေကြတဲ့ လူတစ်ဖွဲ့တည်း၊ လူတစ်အုပ်စုတည်း၊ လူတစ်မျိုးတည်းတောင် မဟုတ်တော့ဘူး။ အခြားနိုင်ငံကနေ ရင်းနှီးမြှုပ်နှံမှုတွေ လာလုပ်နေကြတဲ့ နိုင်ငံခြားသားတွေအတွက်လည်း ဒါဟာအများကြီး အရေးပါတယ်လို့ မြင်တယ်။ နောက်ပြီး သူတို့ဟာ ရင်းနှီးမြှုပ်နှံတဲ့အပြင် တချို့တွေက တကယ့်ကိုစိတ်ထဲကနေ ပါပြီးတော့ ကိုယ့်နိုင်ငံရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးပေးနေတာတွေလည်း ရှိပါတယ်။ ဒါတွေက အများကြီး လိုအပ်ပါတယ်။

မတူကွဲပြားတဲ့အရာတွေ အကုန်လုံးကို ကျွန်မတို့က မတူဘူး၊ အသားအရောင်မတူဘူး၊ လူမျိုး မတူဘူး၊ နေရာချင်းမတူဘူး၊ နိုင်ငံချင်း မတူဘူးဆိုသော်ငြားလည်း တူညီတဲ့အရာ အားလုံးကတော့ လူတိုင်းက အေးချမ်းချင်ပါတယ်။ လုံခြုံစိတ်ချရတဲ့ နိုင်ငံတစ်ခုမှာ နေထိုင်ချင်ပါတယ်။ လူတိုင်းကလည်း တကယ့်ကို ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကြီးမှာ နေထိုင်ချင်တယ်ဆိုတာ မှန်ပါတယ်လို့ ပြောချင်ပါတယ်။

**အရှင်သဇ္ဇန (မကွေးမြို့နယ်၊ ကပ်ကျော်ပညာပါရမီကုသိုလ်ပြုအဖွဲ့)**

Diversity ကို လူသားအားလုံး လက်ခံနိုင်ဖို့ဆိုတာ လူကို လူလိုမြင်ရင် ဒါက လက်ခံလို့ရတဲ့ အရာပါ။ အဲဒီတော့ ဘုန်းကြီးတို့အမြင် ပြောရမယ်ဆိုရင် ပဋိပက္ခဖြစ်ခြင်းဟာ Diversity ကို လက်မခံလို့၊ အသားအရောင်ခွဲခြားမှု၊ လူမျိုးခွဲခြားမှု၊ ဘာသာခွဲခြားမှုတွေ ရှိနေလို့ပါပဲ။

ငြိမ်းချမ်းမှုတွေရဖို့ Diversity လက်ခံနိုင်ဖို့ဆိုရင် မိသားစုကစရမယ်။ ဒီလိုမျိုး အတွေးအခေါ်တွေ၊ အယူအဆတွေ မတူကွဲပြားမှုတွေ လက်ခံနိုင်မှုက မိသားစုမှာ သန္ဓေတည်ရမယ်။ အဲဒီသန္ဓေသားလေးဟာ စာသင်ခန်းထဲမှာ မွေးဖွားပေးရမယ်။ မွေးဖွားပေးလိုက်တဲ့ ဒီမတူကွဲပြားမှု လက်ခံနိုင်တဲ့ ဒီအတွေးအခေါ်အယူအဆတွေကို လောကထဲမှာ ကြီးထွားနိုင်မယ်ဆိုရင် မကြာခင်မှာ ဒီကမ္ဘာကြီးဟာ အေးချမ်းမယ်လို့ ဘုန်းကြီးကတော့ သုံးသပ်ပါတယ်။

**ဒေါက်တာစုစုသာထွန်း (အကြီးတန်းအကြံပေးပုဂ္ဂိုလ်၊ ကမ္ဘာ့ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး)**

ဒီဖိုရမ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး Diversity Management အတွက် အဓိက ဦးတည်ဆောင်ရွက်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကွဲပြားခြားနားမှုများစွာနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီမတူကွဲပြားမှုတွေကနေ ကိုယ့်နိုင်ငံတိုးတက်ဖို့အတွက် ဘယ်လိုမျိုး အင်အားရယူမလဲ၊ ခြားနားမှုတွေများတဲ့အခါ အင်အားရရှိနိုင်သလို၊ ရံဖန်ရံခါ စိန်ခေါ်မှုတွေလည်း ရှိတတ်ပါတယ်။

အင်အားရရှိဖို့ ရှေ့ကို ဘယ်လိုသွားမလဲ၊ စိန်ခေါ်မှုတွေနည်းအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ ရလဒ်တစ်ခု ရဖို့အတွက် အပြည်ပြည်ဆိုင်ရာမှာရှိတဲ့ မတူကွဲပြားမှုတွေကို ကိုင်တွယ်ရတဲ့ နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုလည်း မြန်မာနိုင်ငံအနေနဲ့ ရယူဖို့ လိုပါတယ်။ ဒီအတွေ့အကြုံတွေကို ကိုယ့်နိုင်ငံနဲ့ ကိုက်ညီအောင် ဘယ်လိုလုပ်မလဲ စတဲ့ အသိပညာတွေရရှိဖို့ ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲမှာ ပါဝင်တဲ့သူတွေက မြန်မာနိုင်ငံမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ လူနည်းစုတွေ၊ ဘာသာပေါင်းစုံက ကိုးကွယ်ယုံကြည်သူတွေ အကုန်လုံးပါဝင်ပြီး များစွာသော မတူညီမှုတွေကနေ မြန်မာနိုင်ငံအတွက် ခွန်အားဖြစ်စေဖို့ ဖြစ်ပါတယ်။

Diversity Management ဆိုတဲ့ အစည်းအဝေးကို နေပြည်တော်မှာ ကြီးကြီးမားမား ကျင်းပတာဟာ မြန်မာနိုင်ငံမှာ မတူကွဲပြားမှုတွေကို စီမံခန့်ခွဲနိုင်ဖို့ စွမ်းအားပိုပြီး လိုအပ်တယ်လို့ ယူဆပြီး ဒီအစည်းအဝေး လုပ်တာပါ။ Diversity ကို ကောင်းမွန်စွာ ကြပ်မတ်မှုမလုပ်နိုင်ဘူးဆိုရင် နိုင်ငံအတွက် အန္တရာယ်ဖြစ်တယ်။

ဒါကို Management လုပ်နိုင်တယ်ဆိုရင် အနုတ်သဘောဆောင်သော အခြေအနေတွေကို တည့်မတ်ပေးနိုင်မယ်လို့ ယူဆပါတယ်။ ကိုယ့်နိုင်ငံအတွက် Diversity ကို အောင်မြင်စွာ Manage လုပ်နိုင်ဖို့အတွက် မူဝါဒတွေ အရရော၊ လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက်ပါ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။

**အမေး၊ အရေး-သူရဇော်**
**ဓာတ်ပုံ-ရွှေကိုလေး၊ သူရဇော်(သတင်းစဉ်)**

# JMC-U ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၂**
ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၃) ကြိမ်မြောက် အစည်းအဝေး(တတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

JMC-U ၏ (၁၃) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပခဲ့ပြီး အစည်းအဝေးတွင် (၁၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများအား တင်ပြခြင်း၊ JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များတွေ့ဆုံသည့် ဒုတိယအကြိမ် အစည်းအဝေး ကျင်းပခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ လုပ်ထုံးလုပ်နည်း(SOP)များအား ဆွေးနွေးအတည်ပြုခြင်းတို့အပြင် အထွေထွေဆွေးနွေးမှုများအဖြစ် JMC-L (လင်းခေး)တွင် အဖွဲ့ဝင်တစ်ဦးစီတိုးမြှင့်ရေး တင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွက် ရန်ပုံငွေထောက်ပံ့သည့် အလှူရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့တစ်ဖွဲ့ချင်းစီအတွက် အားနည်းချက်၊ အားသာချက်များ တင်ပြခြင်း၊ TSC ဝန်ထမ်းများအတွက် လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊JMC-TSC ဌာနအလိုက် လုပ်ငန်းတာဝန်များနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများ တင်ပြခြင်း၊ ပြည်သူလူထုတွေ့ဆုံပွဲများအား JMC ရုံးစိုက်ရာမြို့များတွင် ကျင်းပပြုလုပ်ရန်တင်ပြခြင်း၊ မိုင်းရှင်းလင်းရေး ကိစ္စရပ်တင်ပြခြင်း စသည်တို့ကို ပြုလုပ်ကြသည်။

အစည်းအဝေးအပြီး ညနေပိုင်းတွင် အဆိုပါ အစည်းအဝေးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ရာ JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်က ယခုအစည်းအဝေးတွင် မိမိတို့ JMC-U သာမက JMC-S နှင့် JMC-L တို့မှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားပြီး စုံစုံလင်လင် ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် လူထုတွေ့ဆုံပွဲဆွေးနွေးမှု ကိစ္စရပ်များကို ဆွေးနွေးရာတွင် အဓိကအနေဖြင့် လူထုတွေ့ဆုံပွဲများတွင် အရပ်သားကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ လုပ်ဆောင်နိုင်ရန်နှင့် လူထုတွေ့ဆုံပွဲများ ကျင်းပမည့် နေရာများကို ဆွေးနွေးခဲ့ကြောင်း၊ စိစစ်အတည်ပြုရေးလုပ်ငန်းများတွင် အရပ်သားများကသာ လုပ်ဆောင်ရသည့်အတွက်ကြောင့် အထူးသဖြင့် JMC တွင် ပါဝင်သည့် အရပ်သားများအတွက် စိစစ်အတည်ပြုရေးဆိုင်ရာ စွမ်းရည်မြှင့်တင်မှုကို အခါအားလျော်စွာ လုပ်ဆောင်ရန် စီစဉ်ထားကြောင်း၊ ယခုအချိန်အထိ JMC ကို ထူထောင်ပြီးနောက်ပိုင်း JMC-U နှင့် JMC-S တို့တွင် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်သည့် တိုင်ကြားချက် စုစုပေါင်း ၂၈၅ ချက်ကို လက်ခံရရှိထားကြောင်း၊ ယင်းတို့အနက် ယနေ့အထိ ၁၈၂ ချက်ကို ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်၌ တိုင်ကြားချက် ၁၂၀ ရှိသည့်အနက် ၂၉ ချက်ကို ဖြေရှင်းပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည်များကိုလည်း ဆက်လက်ဖြေရှင်းနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများအပေါ် JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်နှင့် JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က ပြန်လည်ဖြေကြားသည်။

ထို့အပြင် အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးနှင့် ပဋိပက္ခ စိစစ်အတည်ပြုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(လင်းခေး)တွင် အဖွဲ့ဝင်နှစ်ဦးတိုးချဲ့ဖွဲ့စည်းရန်၊ JMC နှင့် ပြည်သူလူထု တွေ့ဆုံပွဲများကို JMC-S ရုံးစိုက်ရာမြို့များနှင့် အခြားမြို့များတွင် JMC-S များ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကျင်းပသွားရန်၊ JMC-U အရပ်သားကိုယ်စားလှယ်များ ဦးဆောင်သော စိစစ်အတည်ပြုရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ခြောက်လ တစ်ကြိမ် ပြုလုပ်သွားရန်တို့အပြင် JMC-U ၏ အလှည့်ကျ ဒုတိယဥက္ကဋ္ဌ(၂) အဖြစ် ဦးပြည့်စုံအား ဒီဇင်ဘာ ၁ ရက်မှ မေ ၃၀ ရက်အထိ တာဝန်ထမ်းဆောင်စေရန်နှင့် မိသားစု ကျန်းမာရေးအခြေအနေကြောင့် နုတ်ထွက်ခွင့်တောင်းခံထားသော JMC-U အရပ်သားကိုယ်စားလှယ် သူရဦးတင်လှအစား သူရဦးဘိုနီကို ပြောင်းလဲတာဝန်ပေးအပ်ရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း ယနေ့ အစည်းအဝေးအပြီး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ဇော်ကြီး**

# ကျောက်မျက်ရတနာ သင်တန်းအမှတ်စဉ်(၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**
မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသည့် ကျောက်မျက်ရတနာ သင်တန်းအမှတ်စဉ် (၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျောက်မျက်သင်တန်းကျောင်း၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ အသင်းချုပ်ဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူများကို အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ကြီးက သင်တန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၁၅၀ တက်ရောက်၍ သင်တန်းကာလမှာ ရှစ်လကြာမြင့်မည်ဖြစ်ပြီး ကွန်ပျူတာပန်းပု၊ လက်ပန်းပု၊ စက်ပန်းထိမ်၊ လက်ပန်းထိမ်၊ ကျောက်စိမ်းကျောက်မျက်သွေး၊ ကျောက်စိမ်းပုတီး၊ လက်ကောက်၊ ကွန်ပျူတာပန်းချီ အခြေခံသင်တန်းများကို ပြည်တွင်း၊ ပြည်ပ အတတ်ပညာရှင်၊ အသိပညာရှင် ဆရာ ဆရာမများဖြင့် စာတွေ့လက်တွေ့အပြင် အင်္ဂလိပ်၊ တရုတ်စကားပြောကိုလည်း ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းအမှတ်စဉ်(၁/၂၀၁၇)ကို ဇန်နဝါရီ ၁၁ ရက်မှ ဩဂုတ် ၅ ရက်အထိ သင်တန်းသား ၂၀၁ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ဘားအံမြို့၌ ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**
တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်၍ မြှင့်တင်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုပြပွဲများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နှစ်စဉ် အလှည့်ကျ ကျင်းပဆောင်ရွက်ပေးလျက်ရှိပြီး ယခုနှစ်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ အာမခံကုန်လှောင်ရုံလုပ်ငန်းများ၊ စက်မှုဇုန် တည်ထောင်သည့်လုပ်ငန်းများ၊ ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအား ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

အဆိုပါလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံသား၊ နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလာပါက ဆောလျင်စွာ စိစစ်ခွင့်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံသား၊ နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁) သစ္စာလမ်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးသို့ လည်းကောင်း၊ အဆိုပါရုံး ဖုန်း-၀၁-၆၅၈၁၂၉ သို့ လည်းကောင်း၊ emeraldsanda20@gmail.com နှင့် invthree@gmail.com တို့သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# Northern Green Bike အဖွဲ့ မြစ်ကြီးနားသို့ ရောက်ရှိ

**မိုးကောင်း နိုဝင်ဘာ ၂၂**
စက်ဘီးစီးကာ ကာဗွန်လျှော့ချခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်အရေးကို အမြင်ဖွင့်နေသော Northern Green Bike အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

လောင်စာဆီနှင့် ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူထုကျန်းမာရေး၊ မြို့နယ်များတွင် စက်ဘီးလမ်းများပေါ် ထွန်းစေရေးစသည့် ရည်ရွယ်ချက်ဖြင့် နိုဝင်ဘာ ၁၄ ရက်မှ စတင်ကာ မြစ်ကြီးနားမြို့မှ စတင်၍ မြစ်ကြီးနား-မိုးကုတ်-ပြင်ဦးလွင်-မန္တလေး-မြစ်ကြီးနား အသွားအပြန် စီးခဲ့ခြင်းဖြစ်သည်။

"စထွက်တာက မြစ်ကြီးနားက ငါးဦးနဲ့ မိုးညှင်းက တစ်ဦး စုစုပေါင်း ခြောက်ဦးဖြစ်ပါတယ်၊ အဖွဲ့ခေါင်းဆောင် L ဂွန်တန်က အလုပ်ရှိတာနဲ့ မနေ့က မိုးညှင်းကနေ ရထားနဲ့ ပြန်သွားပါတယ်၊ တစ်ဦးကတော့ မိုးညှင်းမှာ နေခဲ့ပါတယ်"ဟု Green Bike အဖွဲ့ဝင် ကိုဆိုင်းဒူက ပြောသည်။

အဆိုပါအဖွဲ့သည် သဘာဝပတ်ဝန်းကျင်အခြေအနေများကို လေ့လာရန်နှင့် ယင်းပတ်ဝန်းကျင်တစ်ဝိုက်ရှိ ရွာများတွင် ပြောင်းလဲနေသော အခြေအနေများကို တစ်ရွာမှ တစ်ရွာဆီသို့ သတင်းစကားပါးခဲ့ကြောင်း၊ ခရီးစဉ်တွင် လမ်းပန်းဆက်သွယ်ရေးနှင့် ရာသီဥတုအခြေအနေ(အပူချိန်အပြောင်းအလဲများ) ဖြစ်ပြီး လမ်းတစ်လျှောက် စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်ရာတွင် အမေးအမြန်းများရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**



# ရခိုင်ပြည်နယ်သတင်း

## စစ်တွေမြို့၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါများ အခမဲ့ခွဲစိတ်ကုသမည်

**စစ်တွေ နိုဝင်ဘာ ၂၂**

ပြည်တွင်း ပြည်ပ သာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တ ဒေါက်တာ အရိယာဝံသ၏ ဩဝါဒအရ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ ကမကထ ပြုလျက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အဓိကပံ့ပိုးကူညီမှုဖြင့် စစ်တွေမြို့၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ ၊ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါများကို ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီးများက (၇)ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ အာခေါင်ကွဲ ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါရှိသူများကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ ခွဲစိတ်ကုသမည်ဖြစ်ကြောင်း၊ ကုသမှုခံယူမည့် ရောဂါဝေဒနာရှင်များအနေဖြင့် ကြိုတင်စာရင်းများကို စစ်တွေမြို့ လေယာဉ်ကွင်းအနီး အလိုတော်ပြည့် ကျောင်းတိုက်၌ စာရင်းပေးသွင်းနိုင်ကြောင်း၊ ရောဂါဝေဒနာရှင်များကို စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မာရုံ၌ စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများကို စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ခွဲစိတ်ကုသသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစဉ်အား ဟန့်တား၊ နှောင့်ယှက်၊ တားမြစ်သူများကို အရေးယူဆောင်ရွက်လျက်ရှိ

**စစ်တွေ နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများက ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းလုပ်ငန်းစဉ်အတွက် ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အချို့သော အဖွဲ့အစည်းများက NV Card မပြုလုပ်ကြရန် ခြိမ်းခြောက်ခြင်း၊ စာများထုတ်ပြန် တားမြစ်ဆောင်ရွက်ခြင်း၊ NV Card ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးသည့် ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူးများ၊ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအား ARSA အစွန်းရောက် အကြမ်းဖက်သမားများက ဟန့်တားနှောင့်ယှက်ခြင်း၊ တားမြစ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာခဲ့ရပြီး ယင်းလုပ်ငန်းစဉ်တွင် ဒေသခံကျေးရွာများမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူး စုစုပေါင်း ၁၈ ဦး သတ်ဖြတ်ခံရကြောင်းနှင့် သုံးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဟန့်တားနှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်တားမြစ်ခြင်းနှင့် အကြမ်းဖက်သတ်ဖြတ်ခြင်း ဆောင်ရွက်မှုများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ NV Card လျှောက်ထားရရှိခဲ့သည့် မောင်တောမြို့ မြို့မတောင်ရပ်ကွက် ဖေဇီကျေးရွာနေ ဖိုင်ဆဲလ် (ဘ) ရော်ရှီးအား နိုဝင်ဘာ ၁၇ ရက်က တစ်ရပ်ကွက်တည်းနေ ရာမောက်ကော်ရိမ်(ဘ) ခေါ်ရီမူလာနှင့် အပေါင်းအပါ အချို့မှ NV Card ရရှိကိုင်ဆောင်မှုကို မကျေနပ်သဖြင့် ဓားရှည်ကိုင်ဆောင် အော်ဟစ်ဆဲဆိုကြိမ်းမောင်းခဲ့သဖြင့် မောင်တောမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်ဖမ်းဆီးခဲ့ရာ ရာမောက်ကော်ရိမ်အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းကဲ့သို့ NV Card ထုတ်ပေးရေး လုပ်ငန်းစဉ်အပေါ် ဟန့်တားနှောင့်ယှက်၊ ခြိမ်းခြောက်တားမြစ် အကြမ်းဖက်သတ်ဖြတ်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ




**စစ်တွေ နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ စုစုပေါင်း ၂၄၂၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဘနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ စုစုပေါင်း ဧက ၂၀၀ ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၁၇၉ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၉၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၈၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၁၁၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**စစ်တွေ နိုဝင်ဘာ ၂၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်း(တိုင်းရင်းသား) ကျေးရွာတွင် နွားနှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားသုံးကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်နှစ်ကောင်အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၉၆ ကောင်အား ကာကွယ်ကုသ ဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၅၄ ကောင်အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ❒ ကျောဖုံးမှ

နာရီကနေ ထွက်လာတာ ဒီကို မွန်းတည့် ၁၂ နာရီရောက်ပါတယ်၊ စက်လှေနှစ်ဆင့်စီးပြီး လာခဲ့တာပါ။ ရွာကကလေး ၃၆ ယောက်ပါလာပါတယ်၊ နောက်ကနေ လိုက်လာတဲ့သူတွေ လည်းရှိပါသေးတယ်၊ စုစုပေါင်း ကလေး ၁၀၀ ကျော်လောက်ပါမယ်ထင်ပါတယ်၊ အခက်အခဲကတော့ လမ်းပန်းဆက်သွယ်ရေးပါပဲ၊ အရင်တုန်းက ပိုလီယိုကာကွယ်ဆေးလာထိုးပေးတာတွေ၊ ခြင်ဆေးဖျန်းပေးတာတွေရှိပါတယ်၊ ကျွန်တော်တို့ကျေးရွာအုပ်စုမှာ မြိုနဲ့ ခမီလူမျိုးတွေ နေထိုင်ကြပြီး အိမ်ခြေ ၂၈၃ အိမ် ရှိပါတယ်၊ လူဦးရေက ၁၇၀၀ လောက်ရှိပါတယ်၊ တောင်ယာလုပ်ကိုင်စားသောက်ကြပါတယ်၊ ကျွန်တော်တို့ဆီမှာ ကျန်းမာရေးဆေးခန်းမရှိပါဘူး၊ ဆေးကုမယ်ဆိုရင် ဘူးသီးတောင်မြို့ပေါ် သွားရောက်ကုသရပါတယ်၊ ကျွန်တော်တို့ကျေးရွာမှာ ကျန်းမာရေးဌာနခွဲ ဖွင့်ပေးနိုင်ရင် ကျွန်တော်တို့အတွက် တော်တော်ကောင်းသွားမှာပါ၊ အခုလို ကာကွယ်ဆေးလာရောက်ထိုးပေးလို့ အတိုင်းမသိဝမ်းမြောက်မိပါတယ်၊ လာရောက်ထိုးနှံပေးတဲ့ ဆရာဝန်တွေ၊ ဆရာမတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်" ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံမည့်ရက်အား နိုဝင်ဘာ၁၅ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ထားသော်လည်း မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်း သွားလာရ ခက်ခဲသည့် ဒေသများတွင် ရက်အကန့်အသတ်မရှိ ဆက်လက်ထိုးနှံပေးသွား မည်ဖြစ်ကြောင်းသိရသည်။ **သတင်းအဖွဲ့**

**ဓာတ်ပုံ - ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# ဝေဖန်မှုများထဲက အမှတ်ရစရာများ ပန်တီးပေးနိုင်ခဲ့တဲ့ ဆီဗီလာနှင့် လီဗာပူးတို့ပွဲ



နိုဝင်ဘာ ၂၂ ရက် မနက်အစောပိုင်းက ချန်ပီယံလိဂ် အုပ်စုပွဲစဉ် ရှစ်ပွဲ ကစားခဲ့ရာမှာ ဖျော်ဖြေမှုအပေးနိုင်ဆုံးပွဲစဉ်ကတော့ ဆီဗီလာနဲ့ လီဗာပူးတို့ရဲ့ပွဲလို့ ဆိုရတော့မှာဖြစ်ပါတယ်။ လီဗာပူးက ပွဲအစ နှစ်မိနစ်ကတည်းက ဖာမီနိုရဲ့ သွင်းဂိုးနဲ့ စောစောစီးစီး ဦးဆောင်ခဲ့ပြီး ပွဲချိန် ၂၂ မိနစ်နဲ့ မိနစ် ၃၀ တို့မှာ မာနေးနဲ့ ဖာမီနိုတို့ကပဲ ဂိုးတွေ ဆက်သွင်းခဲ့တာကြောင့် ဒီပွဲဟာ လီဗာပူးပွဲဖြစ်တော့မယ်လို့ ကြည့်နေတဲ့ ပရိသတ်အများစုက ထင်ခဲ့ကြတာပါ။

ဒါပေမယ့် နောက်ခံလူ မော်ရီနိုက ယက်ဒါရဲ့ အလွတ်တည်ကန်ဘောကန်ချက်ကို ရှင်းထုတ်ရာမှာ သေသပ်မှု မရှိခဲ့တာကြောင့် ပထမဂိုးကို လွယ်လွယ်ကူကူနဲ့ ခွင့်ပြုခဲ့ရသလို ဒုတိယဂိုးအဖြစ် ခွင့်ပြုခဲ့ရတဲ့ ပင်နယ်တီကလည်း သူ့အမှားကြောင့်ဖြစ်ပါတယ်။ ပွဲပြီးခါနီး နာကျင်အချိန်ပို ၉၃ မိနစ်အရောက်မှာတော့ ပစ်ဇာရိုက ဆီဗီလာအတွက် အဖိုးတန်ချေပဂိုးကို သွင်းယူခဲ့တာကြောင့် ဆီဗီလာရဲ့ နောက်တစ်ဆင့် တက်ရောက်ခွင့် အိပ်မက် ဆက်လက်ရှင်သန်ခွင့်ရခဲ့ပါတယ်။ ယခုပွဲမှာ ဆီဗီလာအတွက် သွင်းဂိုးနှစ်ဂိုးကို သွင်းယူပေးပြီး သူရဲကောင်းဖြစ်ခဲ့တဲ့ ယက်ဒါကတော့ ဒီပွဲဟာ ၂၀၀၅ ခုနှစ် အေစီမီလန်နဲ့ လီဗာပူးတို့ရဲ့ အစ္စတန်ဘူလ် ချန်ပီယံလိဂ်ပွဲစဉ်ကို ပြန်ပြောင်းအမှတ်ရစေတယ်လို့ သူ့ရဲ့ တွစ်တာစာမျက်နှာက တစ်ဆင့်တင်ခဲ့ရာ ပရိသတ်များစွာက ဒီပို့စ်ကို ပြန်မျှဝေခဲ့ပါတယ်။

လီဗာပူးအသင်း ခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်က မိုက်မဲလွန်းတဲ့ ခံစစ်ကြောင်းပဲလို့ ပြစ်တင်ဝေဖန်ခဲ့ချိန်မှာ နည်းပြ ဂျာဂန်ကလော့ပ်ကတော့ သူ့ကစားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ တောင့်တင်းကြံ့ခိုင်မှုအပေါ် သူ့အနေနဲ့ သံသယမရှိပါဘူးဆိုတဲ့စကားနဲ့ ကာကွယ်မှုပြုခဲ့ပါတယ်။ လီဗာပူးဟာ ဒီပွဲမတိုင်မီက ယှဉ်ပြိုင်ခဲ့တဲ့ နောက်ဆုံးပွဲစဉ် လေးပွဲမှာ သုံးပွဲက ပေးဂိုးမရှိခဲ့ပေမယ့် ယခုပွဲမှာတော့ သုံးဂိုး ပြန်လည်ခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။ ဒီပွဲမှာ စပိန်ရဲ့ ပရိသတ်တွေက လီဗာပူးပရိသတ်တွေကို ခပ်ကြမ်းကြမ်းလူစုခွဲခဲ့လို့ လီဗာပူးပရိသတ်တွေက ဒီလောက်ဆိုးရွားတဲ့ လူစုခွဲတာမျိုး တစ်ခါမျှ မကြုံဖူးသေးဘူးဆိုတဲ့ဝေဖန်မှုတွေ သောသောညံနေပါတယ်။ အခြားပွဲစဉ်တွေမှာတော့ စပါးတပ်စ်နဲ့ မာရီဘော၊ ဘီဆီတပ်စ်နဲ့ ပေါ်တိုတို့ တစ်ဂိုးစီ သရေကျခဲ့သလို မန်စီးတီးက ဖီယင်နော့ဒ်ကို တစ်ဂိုး-ဂိုးမရှိ၊ နာပိုလီက ရှက်တာဒိုးနက်ခ်ကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ကြပါတယ်။ အဝေးကွင်းမှာ ယှဉ်ပြိုင်ခဲ့ရတဲ့ ရီးယဲလ်၊ စပါးနဲ့ လိုက်ပ်ဇစ်တို့ကလည်း ပြိုင်ဘက်တွေကို အနိုင်ယူခဲ့တာတွေ့ခဲ့ရပါတယ်။

# စီရိုနယ်လ်ဒိုကို အားပေးတဲ့ အေပိုရယ် ပရိသတ်



ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက နယ်ပယ်စုံအားကစားသမားတွေထဲ လက်ရှိ ပုံရိပ်အမြင့်မားဆုံးကစားသမားဖြစ်သလို သူ့ရဲ့ဝင်ငွေကလည်း လီဘရွန်ဂျိမ်းစ်၊ ဖက်ဒရာတို့ကိုတောင် ကျော်တက်ခဲ့ပါတယ်။ စီရိုနယ်လ်ဒိုကို အားပေးကြတဲ့ပရိသတ်တွေ ကမ္ဘာတစ်ဝန်းရှိနေတာ မဆန်းပေမယ့် ပြိုင်ဘက်အသင်းပရိသတ်တစ်ဦးကတောင် သူဟာ စီရိုနယ်လ်ဒိုကို ဘယ်လောက်နှစ်သက်တယ်ဆိုတာ ချပြခံလိုက်ရတာက စီရိုနယ်လ်ဒိုအတွက် ဂုဏ်တက်စရာဖြစ်ခဲ့ပါတယ်။

ဆိုက်ပရပ်စ်မြေမှာ သွားရောက်ယှဉ်ပြိုင်တဲ့ အေပိုရယ်နဲ့ ရီးယဲလ်တို့ရဲ့ ချန်ပီယံလိဂ်ပွဲစဉ်အတွင်း အေပိုရယ်ပရိသတ်တစ်ဦးက သူဟာ စီရိုနယ်လ်ဒိုပရိသတ်ဖြစ်တယ်ဆိုတာကို ပေါ်ပေါ်ထင်ထင်ပဲ ပြသသွားပါတယ်။ ရိုနယ်လ်ဒို နံပါတ် (၇) ဆိုတာကို သူ့နောက်ကျောမှာ တက်တူးထိုးထားတာကို အားလုံးမြင်အောင် သူဝတ်ထားတဲ့အင်္ကျီကိုခွဲပြီး ပြသခဲ့တာပါ။ စီရိုနယ်လ်ဒိုက အဲဒီပွဲမှာ သွင်းဂိုးနှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် အေပိုရယ် ပရိသတ်ကတော့ သူအားပေးတဲ့ စီရိုနယ်လ်ဒိုရဲ့ ဂိုးသွင်းယူမှုကို မျက်မြင်ဒိဋ္ဌ ခံစားနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။

ဒါပေမယ့် လက်ရှိမှာ အသက် (၃၂) နှစ်ကျော်လာပြီဖြစ်တဲ့ စီရိုနယ်လ်ဒိုက ခြေစွမ်းအနည်းငယ်ကျဆင်းလာပြီး လာလီဂါမှာ သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သလို အက်သလက်နဲ့ပွဲမှာလည်း ဂျူအန်ဖရန်နဲ့ တစ်ယောက်ချင်းတွေ့တာတောင် ဘောလုံးကို ရအောင်ယူနိုင်ခြင်းမရှိတာကြောင့် ဝေဖန်မှုတွေ ခံနေရပါတယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုက သူဟာ ဘလွန်းဒီအောဆု ခုနစ်ကြိမ် ရယူဖို့အထိ ရည်မှန်းထားတယ်လို့ ဆိုတာကြောင့် ဒီနှစ်အတွက် ဘလွန်းဒီအောဆု ဆွတ်ခူးနိုင်မယ်ဆိုရင်တောင် စွမ်းဆောင်ရည်အကောင်းဆုံးနဲ့ နောက်ထပ် နှစ်ရာသီလောက်တော့ ဖြတ်သန်းပြဖို့ လိုအပ်နေပါသေးတယ်။

# ဒေါ့မွန်ကို အနိုင်ကစားနိုင်ခဲ့ခြင်းက ကြီးမားသည့်အောင်ပွဲဟု ပိုချက်တီနို ကြွေးကြော်

စပါးနည်းပြ ပိုချက်တီနိုက ချန်ပီယံလိဂ်တွင် ရီးယဲလ်မက်ဒရစ်နှင့် ဒေါ့မွန်တို့ကို အနိုင်ကစားနိုင်ခဲ့ခြင်းက စပါး၏ အဆင့်တန်းမှန်တစ်ရပ်ကို ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း ကြွေးကြော်ခဲ့သည်။ ပိုချက်တီနိုက စပါးအနေဖြင့် မြောက်လန်ဒန်ဒါဘီပွဲစဉ်တွင် အာဆင်နယ်ကို အရေးနိမ့်ခဲ့သော်လည်း ဒေါ့မွန်ကဲ့သို့ ချန်ပီယံလိဂ် သမ္ဘာရင့်အသင်းကို အဝေးကွင်းတွင် အနိုင်ကစားနိုင်ခဲ့ခြင်းက စပါး၏ တောင့်တင်းမှုကို ပြသနိုင်ခဲ့ခြင်းဖြစ်သည်ဟု ပိုချက်တီနိုက ယုံကြည်သည်။

ပိုချက်တီနိုက "ကျွန်တော်တို့ ဒါဘီပွဲမှာလည်း စွမ်းဆောင်သမျှ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့တယ်၊ ခုပွဲမှာလည်း ကျွန်တော်တို့ရဲ့ ပုံစံကောင်းတစ်ရပ်ကို ပြသနိုင်ခဲ့တဲ့အပြင် အနိုင်ရလဒ်ပါ ဖော်ဆောင်နိုင်ခဲ့တာပါ၊ အသင်းက အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပြီး ဒီအတွက် ကျွန်တော်တို့ အင်မတန်မှကို ဂုဏ်ယူရပါတယ်"ဟု ပြောကြားခဲ့သည်။ ပိုချက်တီနို၏ စပါးအသင်းသည် ဒေါ့မွန်တိုက်စစ်မှူး အူဘာမီယန်၏ သွင်းဂိုးကို ခွင့်ပြုခဲ့ရသော်လည်း ဟယ်ရီကိန်းနှင့် ဆွန်ဟောင်မင်တို့က ချေပဂိုးနှင့် အနိုင်ဂိုးများပြန်သွင်းကာ ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းသည် အုပ်စု(H)တွင် ရီးယဲလ်မက်ဒရစ်၊ ဒေါ့မွန်၊ အေပိုရယ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ငါးပွဲကစား ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုဇယားကို ဦးဆောင်ထားနိုင်သည်။ တိုက်စစ်မှူး ဟယ်ရီကိန်းက ချန်ပီယံလိဂ်ပွဲစဉ်များ မယှဉ်ပြိုင်ရသေးမီ သံသယများဖြင့် စောင့်ကြည့်ခံခဲ့ရသော်လည်း လက်ရှိတွင်မူ အလုပ်ဖြင့် အကောင်းဆုံးတုံ့ပြန်သက်သေပြနိုင်ခဲ့ပြီဖြစ်ကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

## အားကစားသတင်းတိုများ

မေလွဲ့သင်း – ရေးသားသည်

### ဩစတြေးလျနည်းပြ ရာထူးမှ နုတ်ထွက်



နည်းပြ ပေါ့စ်တီကိုဂလူးသည် ဩစတြေးလျအသင်းကို ၂၀၁၈ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ရက်သတ္တပတ်မပြည့်မီ နိုဝင်ဘာ ၂၂ ရက်က ရာထူးမှ နုတ်ထွက်ပြီဖြစ်ကြောင်း ဆစ်ဒနီ ခရစ်ကတ်ကွင်းတွင် အတည်ပြုပြောကြားခဲ့ရာ ဩစတြေးလျအသင်းအနေဖြင့် ကမ္ဘာ့ဖလား အကြိုပြင်ဆင်မှုများလုပ်ဆောင်ရန် နည်းပြသစ်တစ်ဦးကို ရှာဖွေရတော့မည်ဖြစ်သည်။ ပေါ့စ်တီကိုဂလူးက လက်ရှိအချိန်သည် ပြောင်းလဲဖို့ အကောင်းဆုံးပင်ဖြစ်ပြီး နည်းပြသစ်နှင့်အတူ အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းပေးခဲ့သည်။ ဩစတြေးလျအသင်းသည် အာရှဇုန်မှ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း တိုက်ရိုက်ခြေစစ်ပွဲမအောင်မြင်ခဲ့ဘဲ ဆီးရီးယား၊ ဟွန်ဒူးရပ်စ်အသင်းတို့နှင့် ထပ်ကျော့ခြေစစ်ပွဲ ယှဉ်ပြိုင်ပြီးမှ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

### ဂရစ်ဇ်မန်း ပရိသတ်များ၏ ထောက်ခံပေးမှုလိုအပ်နေ



အက်သလက်တီကိုစူပါစတား ဂရစ်ဇ်မန်းမှာ လတ်တလော ခြေစွမ်းကျဆင်းနေပြီး စက်တင်ဘာ ၂၇ ရက် နောက်ပိုင်းကတည်းက ဂိုးသွင်းယူမှုမရှိရာ ပရိသတ်များ၏ အမျက်သင့်မှုခံနေရသည်။ သို့သော် နည်းပြ ဆီမြွန်နီက ဂရစ်ဇ်မန်းကို ပရိသတ်များ၏ထောက်ခံမှုနှင့် ချစ်ခြင်းမေတ္တာ လိုအပ်နေကြောင်း ကစားသမားဘက်မှ ကာကွယ်ပေးမှုပြုခဲ့သည်။ ဂရစ်ဇ်မန်းမှာ ရီးယဲလ်နှင့်ကစားခဲ့သည့် မက်ဒရစ်ဒါဘီတွင်လည်း ခြေစွမ်းပိုင်းကျဆင်းနေရာ ပရိသတ်များက ပြန်လည်လှောင်ပြောင်ခံခဲ့ရသည်။ သို့သော် ဆီမြွန်နီက "သူ စိုးရိမ်ပူပန်နေပြီဆိုတာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပါပဲ၊ သူ့အနေနဲ့ ဂိုးသွင်းနိုင်မှဖြစ်တော့မယ်ဆိုတဲ့ အမြင်မျိုးဖြစ်လာပါပြီ၊ သူက ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီက အသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့တော့ ပရိသတ်တွေကလည်း ဒေါသထွက်နေကြပါတယ်၊ ကျွန်တော်တို့ဘက်က သူ့ကို ပုံမှန်ပွဲထွက်ခွင့်ပေးပြီး သူစွမ်းဆောင်နိုင်တယ်ဆိုတာကို အခွင့်အရေးပေးဖို့လိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

# ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။ )**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**( ၂၀၁၇ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဦးစီးဌာန**ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

(င) **ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ**ဆိုသည်မှာ ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်စေရန်ပြုပြင်စီမံထားသော ဝတ္ထုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **ယမ်းတိုက်**ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့က အတည်ပြုရွေးချယ်ပေးသည့် မြေနေရာတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးအရာရှိချုပ်က အတည်ပြုသတ်မှတ်ပေးသည့် ပုံစံအတိုင်းဆောက်လုပ်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ဆ) **ပြုလုပ်ခြင်း**ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းတစ်ခုခုကို ပြုလုပ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ဆိုသည်။

(ဇ) **တင်သွင်းခြင်း**ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်းက ဖြစ်စေလုပ်ငန်းလိုအပ်ချက်နှင့်အညီပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ပြည်ပနိုင်ငံတစ်ခုခုမှ တင်သွင်းခြင်းကို ဆိုသည်။

(ဈ) **လိုင်စင်**ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ယမ်းတိုက်တွင် လက်ခံသိုလှောင်နိုင်ရေးအတွက် ဤဥပဒေနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်က ထုတ်ပေးသော ယမ်းတိုက်လိုင်စင်ကို ဆိုသည်။

(ည) **သိုလှောင်ခြင်း**ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရ ယမ်းတိုက်တွင် ခွင့်ပြုချက်ဖြင့် ထိန်းသိမ်းထားရှိခြင်းကို ဆိုသည်။

(ဋ) **ခွင့်ပြုချက်**ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ဤဥပဒေအရ ထုတ်ပေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် ခွင့်ပြုချက်ကိုဆိုသည်။

## အခန်း (၂)
## ခွင့်ပြုချက်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများသိုလှောင်ရေးအတွက် ယမ်းတိုက် ဆောက်လုပ်ရန် မြေနေရာ အတည်ပြုချက် ရရှိလိုသူသည်လည်းကောင်း၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း၊ ဖျက်ဆီးခြင်း တစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်လိုသူသည်လည်းကောင်း ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ စိစစ်ချက်ဆောင်ရွက်ပေးရန် လျှောက်ထားရမည်။

၄။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၃ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်ထားသည့် ကိစ္စရပ်ကို စိစစ်တင်ပြရန် စစ်ဆေးရေးအရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ်သည် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး တွေ့ရှိချက်ကို မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် -

(၁) ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိချုပ်၏ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်း တွေ့ရှိရပါက စိစစ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ပေးပို့ရမည်။

(၂) စစ်ဆေးရေးအရာရှိချုပ်က သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလျှင် သက်ဆိုင်ရာ လျှောက်ထားသူကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်တင်ပြရန် ညွှန်ကြားရမည်။

၅။ (က) ဝန်ကြီးဌာနကပုဒ်မ၄၊ပုဒ်မခွဲ(ဂ)၊ပုဒ်မခွဲငယ်(၁)အရ ပေးပို့သောကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်နိုင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာ အတည်ပြုချက်ရယူရန် လျှောက်ထားခြင်းဖြစ်ပါက ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့ဖြင့် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာကို သတ်မှတ်ချက်နှင့်အညီ စိစစ်အတည်ပြုပြီး သဘောထားပြန်ကြားချက်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) ဝန်ကြီးဌာနသည်ပုဒ်မခွဲ(က)အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာကို စိစစ်အတည်ပြုကြောင်း သဘောထား ပြန်ကြားချက် ပေးပို့သည့်အခါ အတည်ပြုချက်ရရှိသော မြေနေရာတွင် ယမ်းတိုက်ဆောက်လုပ်ရန် စစ်ဆေးရေးအရာရှိချုပ်အား ညွှန်ကြားရမည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ(ခ)အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်ကို ရရှိလျှင် ယမ်းတိုက်ဆောက်လုပ်ရန်မြေနေရာ အတည်ပြုချက်လျှောက်ထားသူအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က စိစစ်အတည်ပြုသော မြေနေရာတွင် သတ်မှတ်သည့် အင်္ဂါရပ်များနှင့်အညီ ယမ်းတိုက်ဆောက်လုပ်ရန် အကြောင်းကြားရမည်။

၆။ (က) ဝန်ကြီးဌာနကပုဒ်မ(၄)၊ပုဒ်မခွဲ(ဂ)၊ပုဒ်မခွဲငယ်(၁)အရပေးပို့သောကိစ္စရပ်နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊လွှဲပြောင်းခြင်းတစ်မျိုးမျိုးကိုဖြစ်စေ ဆောင်ရွက်ရန်ဖြစ်ပါက စိစစ်တင်ပြရန် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ တာဝန်ပေးအပ်ရမည်။

(ခ) ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသည် ပုဒ်မခွဲ(က) အရ တာဝန်ပေးအပ်ခြင်းခံရလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)သို့ တင်ပြရမည်။

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိရပါက ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက် ပို၍ဖြစ်စေ ဆောင်ရွက်ရန် သက်ဆိုင်ရာလျှောက်ထားသူကို ခွင့်ပြုချက် ထုတ်ပေးရမည်။ ဝန်ကြီးဌာနသို့ ခွင့်ပြုချက် မိတ္တူတစ်စောင်ကို ပေးပို့ပေးရမည်။

(ဃ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့်သဘောထားမှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် သက်ဆိုင်ရာလျှောက်ထားသူကို ညွှန်ကြားနိုင်ရေး အတွက် ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၇။ ဝန်ကြီးဌာနကပုဒ်မ ၄၊ပုဒ်မခွဲ(ဂ)၊ပုဒ်မခွဲငယ်(၁)အရ ပေးပို့သော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီး၍ဖျက်ဆီးရန် ကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီမှ ကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ဝန်ကြီးဌာနနှင့် လျှောက်ထားသူ၏ ကိုယ်စားလှယ်များကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သည့်အဖွဲ့ဖြင့် ဖျက်ဆီးရန် သင့်၊ မသင့် စစ်ဆေးပြီး ဖျက်ဆီးသင့်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဌာနကောင်စီအမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် ဖျက်ဆီးရမည်။

၈။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းလိုသူသည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ခွင့်ပြုချက်ကို လက်ခံရရှိလျှင် ဥပဒေနှင့်အညီ တင်သွင်းခြင်းပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊အစိုးရအဖွဲ့အစည်းနှင့်လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၃)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၉။ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးရေးအရာရှိချုပ်၏ အကြောင်းကြားချက်နှင့်အညီ ယမ်းတိုက် ဆောက်လုပ်သူသည် သတ်မှတ်သည့် အင်္ဂါရပ်များ ပြည့်စုံစွာပါဝင်သည့် ယမ်းတိုက်ကို ဆောက်လုပ်ပြီးလျှင် လိုင်စင်ရရှိရေးအတွက် စစ်ဆေးရေးအရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၀။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၉ အရ လိုင်စင်လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဆောက်လုပ်ထားသည့် ယမ်းတိုက်ကို သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီး -

(က) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်းပြုရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်းတွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

၁၁။ လိုင်စင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ် ဖြစ်သည်။

၁၂။ လိုင်စင်ရရှိသူသည်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက်ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးပေးရန် စစ်ဆေးရေးအရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၃။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၁၂ အရ သက်တမ်းတိုးလျှောက်ထားချက်ကို ရရှိလျှင် လျှောက်ထားသူ၏ ယမ်းတိုက်ကို စစ်ဆေးပြီး -

(က) သတ်မှတ်သည့်အင်္ဂါရပ်များနှင့်ညီညွတ်ခြင်းမရှိတော့ကြောင်း တွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်းပြုရန် လမ်းညွှန်ရမည်။

(ခ) သတ်မှတ်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်း တွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

## အခန်း (၄)
## လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့၏ တာဝန်များ

၁၄။ လိုင်စင်ရရှိသူသည် -

(က) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုသည့် ပမာဏထက် မပိုစေဘဲ စနစ်တကျ သိုလှောင်သိမ်းဆည်းရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ်ကဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ပျောက်ဆုံးခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးပျက်စီးခြင်း၊ လူများ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းများ ဖြစ်ပေါ်ပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်းအကြောင်းကြားရမည့်ပြင် စစ်ဆေးရေးအရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(ဃ) လိုင်စင်အတွက် ဝန်ကြီးဌာနက သတ်မှတ်သော နှုန်းထားအတိုင်း အခကြေးငွေကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၁၅။ ခွင့်ပြုချက်ရရှိသူသည် -

(က) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လိုင်စင်ရယမ်းတိုက်များတွင်သာ သိုလှောင်ရမည်။

(ခ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း ပြုရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် လိုအပ်သော ကာကွယ်မှုများကို ကြိုတင်ဆောင်ရွက်ရမည်။

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၁၆။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့သည် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း ရှိ၊ မရှိ စိစစ်၍ လိုက်နာမှုမရှိပါက လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၃ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်းနှင့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း မရှိပါက မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က စိစစ်အတည်ပြုသော မြေနေရာတွင် ယမ်းတိုက်ဆောက်လုပ်ရန် အကြောင်းကြားခြင်း၊ ယမ်းတိုက်၏ အင်္ဂါရပ်များ ပြည့်စုံခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) လိုင်စင်ထုတ်ပေးခြင်းနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ပေးခြင်း၊

(င) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားအတိုင်း အခကြေးငွေကောက်ခံခြင်း၊

(စ) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာနမှ သင့်လျော်သောအရာရှိများကို စစ်ဆေးရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဆ) မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိအား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဇ ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

## အခန်း (၆)
## တားမြစ်ချက်များ

၁၇။ လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ်၊ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိ၏ စစ်ဆေးခြင်းကို ခံယူရန် ငြင်းပယ်ခြင်းမပြုရ။

စာမျက်နှာ ၂၁ သို့

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကျေးရွာသုံးရွာအား လျှပ်စစ်မီးဖွင့်လှစ်

**မြင်းခြံ နိုဝင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဥဒယကျေးရွာ၊ သရက္ကန်ကျေးရွာနှင့် ဂင့်ဂဲကျေးရွာများတွင် ကျေးရွာလျှပ်စစ်မီး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ယခုအခါတွင် ဥဒယကျေးရွာ၌ ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် အိမ်ခြေ ၁၃၄ အိမ်အား မီးလင်းနိုင်ခဲ့ပြီး သရက္ကန်ကျေးရွာတွင် အိမ်ခြေ ၄၉ အိမ်အား မီတာ၅၁ လုံးဖြင့် မီးလင်းနိုင်ခဲ့သည်။ ထို့အတူ ဂင့်ဂဲကျေးရွာတွင်လည်း ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် အိမ်ခြေ ၂၁၀ အား မီတာ ၆၁ လုံးဖြင့် မီးလင်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားများသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

မြင်းခြံမြို့နယ်တွင် လျှပ်စစ်မီးဖြင့် မီးလင်းနိုင်ခဲ့သော ကျေးရွာပေါင်း ၆၃ ရွာရှိပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ငါးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(မန္တလေး)မှ ငွေထုတ်ချေး

**မန္တလေး နိုဝင်ဘာ ၂၂**
အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (မန္တလေး) ဘဏ်ခွဲမှ မန္တလေး ငါးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား မူရင်းလစာ၏ သုံးဆကို နိုဝင်ဘာ ၂၀ ရက်မှစ၍ ပြန်လည်ထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေရယူလိုသော မန္တလေးမြို့ရှိဌာနဆိုင်ရာဝန်ထမ်းများသည် ချမ်းအေးသာစံမြို့နယ်(၈၃)လမ်း၊(၂၇)လမ်းနှင့်(၂၈)လမ်းကြားရှိ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (မန္တလေးဘဏ်ခွဲ) တွင်Current A/C ငွေကျပ် ၁၅၀၀၀ ဖြင့် စတင်ဖွင့်လှစ်ကာ ချေးငွေပုံစံရယူပြီး မှန်ကန်စွာဖြည့်စွက်၍ ဌာနတာဝန်ရှိသူနှစ်ဦး၏ ထောက်ခံချက်၊ ငွေချေးသူ ဌာနမှ ဝန်ထမ်းနှစ်ဦး၏ အာမခံလက်မှတ်၊ ဝန်ထမ်းကတ်နှင့် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု လူဦးရေစာရင်းမိတ္တူ၊ ချေးငွေလျှောက်ထားသူ နေထိုင်ရာရပ်ကွက်မှ နေထိုင်ကြောင်း ထောက်ခံချက်များ ပူးတွဲတင်ပြ၍ ငွေထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေများကို နှစ်ချင်းဆပ် တစ်နှစ်သက်တမ်းဖြင့် ထုတ်ချေးပေးသည်။ ချေးငွေကို အတိုးနှုန်း တစ်နှစ် ၁၂ ရာခိုင်နှုန်းဖြင့် လစဉ် အရင်းနှင့်အတိုးပုံမှန်လဆန်း ၁ ရက်မှ ၅ ရက်အတွင်းပေးသွင်းရမည်ဖြစ်ပြီး အချိန်မီပေးသွင်းရန်ပျက်ကွက်ပါက နောက်ကျကြေး တစ်ရာခိုင်နှုန်းကောက်ခံသည်။ ချေးငွေလျှောက်လွှာများ လက်ခံပြီး နောက်တစ်ရက် (သို့မဟုတ်) နောက်အကျဆုံး သုံးရက်အတွင်း ငွေထုတ်ပေးသည်။

၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက်မှ နိုဝင်ဘာ ဒုတိယပတ်အထိ မြန်မာနိုင်ငံတစ်ဝန်းအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်များမှ ဌာနဆိုင်ရာဝန်ထမ်း ၁၀၀၀၀ ကျော်အား ချေးငွေများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ထန်းကျောက်၊ အင်ကြင်းကျောက် လိပ်ရုပ် လာဘ်ကောင်လေးများ အရောင်းသွက်



**မုံရွာ နိုဝင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလွယ်တကူထွက်ရှိသော ထန်းကျောက်၊ အင်ကြင်းကျောက်နှင့် ကျောက်စိမ်းအကာများဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသော လိပ်ရုပ်လာဘ်ကောင်လေးများ ဈေးကွက်တွင် အရောင်းသွက်လျက်ရှိကြောင်း မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်ရှိ တွင်းထွက်ကျောက်အချောထည် ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူ KSM Monywa Jewellery မှ ကိုစန်းမိုး၏ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးထွက်ရှိသည့် ထန်းကျောက်၊ အင်ကြင်းကျောက်နှင့် ကျောက်စိမ်းများဖြင့် လည်ဆွဲ၊ ပုတီး၊ လက်ကောက်၊ ဟန်းချိန်း၊ အခြားဖန်စီ ပစ္စည်းမျိုးစုံနှင့် ဆင်၊ လိပ်ရုပ်စသည့် အကောင်အုပ်စုဝင် အရုပ်များကို ထုတ်လုပ်ပြီး ရောင်းချပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် လိပ်ရုပ်လာဘ်ကောင်လေးများအရွယ်စုံ ထုတ်လုပ်ရောင်းချမှုတွင် အရောင်းသွက်လာကြောင်း သိရသည်။

"လိပ်ရုပ် လာဘ်ကောင်အရုပ်လေးတွေကို ထန်းကျောက်၊ အင်ကြင်းကျောက်နဲ့ ကျောက်စိမ်းကျောက်တွေနဲ့ လုပ်ပါတယ်။ အရင်နှစ်တွေက တစ်လကို အကောင်ရေ ၂၀၀၀ လောက်ပဲထုတ်ရတယ်၊ အခုနှစ်မှာတော့ တစ်လကို အကောင် ၈၀၀၀ လောက် အနည်းဆုံးထုတ်ရတယ်၊ မြန်မာအယူအဆနဲ့ပြောရရင် ထန်းကျောက်က စနေနံပေါ့၊ လိပ်ဆိုတာက ဗုဒ္ဓဟူးနံ ဆိုတော့ စနေနဲ့ ဗုဒ္ဓဟူးနံတွဲပေးတဲ့သဘောပါ၊ အင်ကြင်းကျောက်ကြတော့ တနင်္ဂနွေ၊ တနင်္လာဆိုတော့ နေလဓာတ်ခေါ်တယ်၊ အပူအအေးဓာတ်ပေါ့၊ ကျောက်စိမ်းကျတော့ တရုတ်အယူပေါ့၊ အေးမြတဲ့သဘောပါ၊ အသက်ရှည်တယ်၊ ကျန်းမာတယ်၊ ပျော်ရွှင်တယ်ဆိုတဲ့သဘောနဲ့ လုပ်တာပါ၊ ကျောက်စိမ်းကတော့ အဝယ်နည်းတယ်၊ အရောင်းရဆုံးကတော့ ထန်းကျောက်၊ အင်ကြင်းကျောက်နဲ့ လုပ်တဲ့ လိပ်လာဘ်ကောင်တွေက အရောင်းရဆုံးပါ၊ နှစ်လက်မအထက်ကျတော့ သိပ်မဆောင်ကြတော့ဘူး၊ ပန်းကန်ထဲမှာ ကိုးကောင်ဆောင်ရတာဆိုတော့ ကျပ် ၃၅၀၀၀ လောက်ပေးရတဲ့အတွက် အရွယ်အစားကြီးတဲ့ လိပ်လာဘ်ကောင်အရုပ်တွေကျတော့ သိပ်ပြီးတော့မရောင်းရတဲ့အတွက် အများကြီးမထုတ်ဖြစ်ဘူး" ဟု တွင်းထွက်ကျောက်အချောထည်ထုတ်လုပ်ရေး လုပ်ငန်းလုပ်ကိုင်သူ KSM Monywa Jewellery မှ ကိုစန်းမိုးက ပြောသည်။

အဆိုပါ လိပ်ရုပ်လာဘ်ကောင် တစ်လက်မအရွယ် တစ်ကောင်လျှင် ကျပ် ၁၀၀၀၊ အကောင် ၃၀ နှင့် အထက်လျှင် တစ်ကောင် ကျပ် ၅၀၀နှုန်း၊ တစ်လက်မခွဲ တစ်ကောင်လျှင် ကျပ် ၂၀၀၀၊ အကောင်သုံးဆယ်နှင့်အထက်ကို တစ်ကောင် ကျပ် ၁၀၀၀ နှုန်း၊ နှစ်လက်မအရွယ်တစ်ကောင်လျှင် ကျပ် ၄၀၀၀၊ အကောင် ၃၀ နှဲ့အထက်ကို တစ်ကောင် ကျပ် ၂၀၀၀ နှုန်း၊ ထန်းကျောက်ဖြင့် ပြုလုပ်သည့်လိပ်ရုပ်လာဘ်ကောင်တစ်ကောင်လျှင် ငွေကျပ် ၁၅၀၀၊ တစ်လက်မခွဲတစ်ကောင်လျှင် ကျပ် ၃၀၀၀၊ နှစ်လက်မဆိုပါက တစ်ကောင်လျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်းနှင့် အဆိုပါ ဆင်ရုပ်၊ လိပ်ရုပ်စသည့်အကောင်အုပ်စုဝင် အရုပ်များကို စစ်ကိုင်းမြို့ရှိ စက်ရုံကိုးရုံတွင် အကြမ်း ထုတ်လုပ်ပြီး မုံရွာမြို့တွင် အချောထည်အဖြစ် ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## ဇမ္ဗူသီရိမြို့နယ်တွင် Community Centre လှုပ်ရှားမှုအဖြစ် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**
ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပညာရေးဌာနနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ၌ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ တို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဆုမွန်ထွန်းနှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများက ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်များနှင့် လက်ဆောင်များပေးအပ်ချီးမြှင့်ကြသည်။

ကလေးငယ်များ၏ စဉ်းစားတွေးခေါ်မှုဉာဏ်ရည်နှင့် အနုပညာစိတ်ဝင်စားမှုများ ပိုမိုရရှိလာစေရန်၊ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ ပြည်သူ့စာကြည့်တိုက်ကို လေ့လာခွင့်ရရှိစေရန် ရည်ရွယ်၍ ယခုလို ပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် Community Centre လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်း အများသူငါသိရှိစေနိုင်မှာဖြစ်ကြောင်း သိရသည်။ **သန့်မောင်**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၂**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ပြီး ဆုများချီးမြှင့်ခဲ့သည်။

အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက (၉၉)မှတ်၊ (၄၉)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက (၈၀)မှတ်၊ (၆၈)မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲသွားသည်။

ယင်းနောက် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## ပထမအကြိမ် အမျိုးသမီး လမ်းလျှောက်ပွဲ မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၂**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် MEGA ဆေးကုမ္ပဏီ Ferrovit သံဓာတ် ဖြည့်အားဆေးတို့ပူးပေါင်း၍ မန္တလေးမြို့တွင် ပထမအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၅ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းလျှောက်ပွဲကို အောင်မြေသာစံမြို့နယ် (၆၆) လမ်းရှိ အမျိုးသားကဇာတ်ရုံရှေ့တွင် စုရပ်အဖြစ်ထားရှိပြီး ဖွင့်ပွဲအစီအစဉ်များအတိုင်းဆောင်ရွက်၍ နံနက် ၆ နာရီတွင် စတင်တာလွှတ်ကာ (၆၆) လမ်းအတိုင်း မြောက်ဘက် (၁၉) လမ်းအထိ၊ ၎င်းမှ လမ်းလယ်ကျွန်းအားပတ်ကာ (၆၆) လမ်းအတိုင်း တောင်ဘက်(၂၆) လမ်းအထိ၊ ၎င်းမှ လမ်းလယ်ကျွန်းကိုပတ်ကာ (၆၆) လမ်း အရှေ့ဘက်ခြမ်းမှ အမျိုးသားကဇာတ်ရုံအထိ သုံးကီလိုမီတာအကွာအဝေး လမ်းလျှောက်ပန်းဝင်မည်ဖြစ်သည်။

အမျိုးသားကဇာတ်ရုံတွင် အာဟာရဆိုင်ရာ ကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းမြင့်က ကျန်းမာရေးအသိပညာပေးခြင်း၊ သရုပ်ဆောင် ချစ်သုဝေ၊ တင်မိုးလွင်နှင့် တေးသံရှင်ဇေယျတို့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေခြင်းများပါဝင်ကာ လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများကို အင်္ကျီနှင့် ဦးထုပ်များ ပေးအပ်ခြင်း၊ ပန်းဝင်လာသူများအားလုံးကို ဆုတံဆိပ်များပေးအပ်ခြင်း၊ ပြည်သူ့ကျန်းမာရေးဌာနမှ အသည်းရောင်အသားဝါဘီပိုးရှိ-မရှိ အခမဲ့ စစ်ဆေးပေးခြင်းများ ပါဝင်သည်။

အထူးအစီအစဉ်အဖြစ် အသက် ၆၀ နှစ်အထက်နှင့် ၁၀ နှစ်အောက် လမ်းလျှောက်သူများအား အထူးလက်ဆောင်များ ချီးမြှင့်မည်ဖြစ်သည်။ ပထမအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ခေတ်မီစက်ယန္တရားများ မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ် ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၁) စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်းအနေဖြင့် ဆည်တာတမံတည်ဆောက်ရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများကို ကျွမ်းကျင်စွာ မောင်းနှင်ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် ဌာနအတွင်းရှိ စက်ပြင်၊ စက်မောင်းများအား ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မြေတူးစက်မောင်းကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုပါ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စက်ပြင်၊ စက်မောင်းများကိုသာမက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန စသည့် အခြားလုပ်ငန်းဌာနအောက်ရှိ စက်ပြင်၊ စက်မောင်းများကိုလည်း အခါအားလျော်စွာ သင်တန်းများဖွင့်လှစ်ပို့ချ၍ ခေတ်မီစက်ယန္တရားများမောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human Resources Development) အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ စက်ပြင်၊ စက်မောင်း ဝန်ထမ်းများအား ဌာနအတွင်းရှိ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရုံသာမက အရှေ့တောင်အာရှ (ASEAN) ၁၀ နိုင်ငံနှင့် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းလာရောက်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေကြသည့် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံတို့ အပါအဝင် နိုင်ငံတကာ အသိအမှတ်ပြု ကျွမ်းကျင်သောစက်ပြင်၊ စက်မောင်းများဖြစ်လာစေရန်အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးအဖွဲ့ (NSSA)၊ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)တို့နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပူးပေါင်းကာ မြေတူးစက်မောင်း ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် သံရည်ကျိုပုံသွင်းလုပ်သားကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးသင်တန်းဌာနအဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း စက်မှုတိုင်း(၁) ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်၏ပြောကြားချက်အရသိရသည်။

အာဆီယံ ၁၀ နိုင်ငံအပါအဝင် နိုင်ငံတကာအသိအမှတ်ပြု ကျွမ်းကျင်သူများအဖြစ် သတ်မှတ်နိုင်မည့် လုပ်သားများ ကျွမ်းကျင်မှု (Competency Standard) ရရှိစေရန်အတွက် လုပ်ငန်းဆိုင်ရာနည်းပညာများ နားလည်တတ်မြောက်မှု (Knowledge)၊ လက်တွေ့လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာလုပ်ဆောင်နိုင်မှု (Skill) နှင့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်နည်းစဉ်အသိပညာ (Attitude) များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး(Safety)တို့ ပါဝင်စေပြီး Quantity၊ Quality၊ Economy ပြည့်စုံစွာကျွမ်းကျင်တတ်မြောက်ခြင်းများကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ကြောင်း၊ ယခု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မြေတူးစက်မောင်း ကျွမ်းကျင်အဆင့်(၁) တစ်စိတ်တစ်ပိုင်း ကျွမ်းကျင်လုပ်သား ၁၃၀ အား စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးအဖွဲ့ (NSSA) ၏ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ကျွမ်းကျင်လုပ်သား ၅၀၀၀ ထွက်ပေါ်စေရေးလုပ်ငန်းဆိုင်ရာတစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ပေးထားသော မြေတူးစက်မောင်းကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးအဖွဲ့ ခေါင်းဆောင် (Chief Assessor) အဖြစ်ဆောင်ရွက်နေသည့် ဦးချစ်ဌေးက ပြောသည်။

ယခုအခါ ခေတ်မီစက်ယန္တရားများမောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် နိုဝင်ဘာ ၂၀ ရက်မှ စတင်၍ ကျွမ်းကျင်လုပ်သား၂၃ ဦးကို ကျွမ်းကျင်မှုစစ်ဆေး ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၂၅ ရက်ထိ ကျွမ်းကျင်မှု စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လာမည့် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင်လည်း ခေတ်မီစက်ယန္တရားများမောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ဆက်လက်စစ်ဆေးဆောင်ရွက်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

## စာဖတ်ရှိန်မြင့်မားလာစေရေး နယ်လှည့်စာကြည့်တိုက်ဖြင့် စာအုပ်များငှားရမ်း

**ပုဇွန်တောင် နိုဝင်ဘာ ၂၂**

စာပေဖတ်ရှုလိုသူများ အဆင်ပြေလွယ်ကူမြန်ဆန်စွာ စာအုပ်များ ငှားရမ်းနိုင်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရန် ရည်ရွယ်ပြီး နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အမက(၈)သို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့် စာကြည့်တိုက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ နယ်လှည့်စာကြည့်တိုက်ဖြင့် ကွင်းဆင်းရာတွင် သုတ၊ ရသ စာအုပ်များကို စာဖတ်သူထံအရောက် ငှားရမ်းပေးသည့်အပြင် ကျောင်းသား ကျောင်းသူများ စာအုပ်၊ စာပေ၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာစေရေး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးရဲနောင်ချစ်က ဟောပြောဆွေးနွေးခဲ့သည်။

"နယ်လှည့်စာကြည့်တိုက်နဲ့ ကလေးတွေ စာဖတ်ချင်လာအောင် ကွင်းဆင်းဆွေးနွေးဟောပြောခဲ့ပါတယ်၊ ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာမတွေက ပါဝင်ပူးပေါင်း ကူညီပေးကြတယ်၊ ကျောင်းသား ကျောင်းသူလေးတွေအတွက် ကလေးစာအုပ်လေးတွေ သယ်သွားတဲ့အခါ ကျွန်တော်တို့အဖွဲ့ရောက်တော့ သူတို့လေးတွေ စာအုပ်တွေ စိတ်ဝင်တစား အလုအယက် ယူဖတ်ကြတာကို တွေ့ရတယ်၊ သူတို့လေးတွေကို အသိအမြင်ဗဟုသုတတွေ ပေးနိုင်မယ့် စာအုပ်လေးတွေကို အဓိကထားပြီး ထိတွေ့ပေးပါတယ်၊ ဆရာမတွေကိုလည်း စာအုပ်တွေ ငှားပေးတယ်၊ ကလေးငယ်လေးတွေ ကိုယ်စီမှာ စာဖတ်ချင်စိတ်တွေ ပေါ်ပေါက်လာအောင်၊ စာကြည့်တိုက်နဲ့ အကျွမ်းတဝင် ဖြစ်လာအောင် ဆွေးနွေးခွင့်ရခဲ့ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ရှုပ်ထွေး ဆားဗစ်ကြိုးများ ရှင်းလင်းဆောင်ရွက်

**တာမွေ နိုဝင်ဘာ ၂၂**

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သုခလမ်း (အလယ်)၌ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်မန်နေဂျာ(စီမံ)ဦးကျော်စန်းနှင့် လက်ထောက်မန်နေဂျာ(အင်ယာ)ဦးစိုးမိုးတို့ ကြီးကြပ်လျက် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ရှုပ်ထွေးဆားဗစ်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

"ဌာနကနေပြီး 400V Distribution Boxs များ၊ ၎င်းနှင့် ဆက်စပ်ပစ္စည်းများတန်ဖိုးကျပ် ၈၈၁၄၀၀ ခန့် အကုန်အကျခံဆောင်ရွက်ပေးတာပါ။ လမ်းသူလမ်းသားတွေက 1KV 4C×35mm စကွဲယား AL ABCကေဘယ်ကြိုးနှင့် ဆက်စပ်ပစ္စည်း တန်ဖိုးကျပ် ၁၂၉၉၂၅၀ ခန့်အကုန်အကျခံပြီး မြို့နယ်လျှပ်စစ်လုပ်သား ၂၅ ဦးဖြင့် စနစ်တကျဆောင်ရွက်ပေးပါတယ်"ဟု လက်ထောက်မန်နေဂျာ(အင်ယာ)ဦးစိုးမိုးက ရှင်းပြသည်။

လမ်းသာယာရေးကော်မတီ အတွင်းရေးမှူးဒေါ်ဆွေဆွေမော်က "လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနဲ့ လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝသုံးစွဲနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် အဓိကထားပြီးလုပ်ဆောင်ပေးဖို့ ဖြစ်ပါတယ်။ အိမ်တိုင်းသွယ်တန်းထားတဲ့ ဆားဗစ်ကြိုးတွေကဟောင်းနွမ်းပြီး သက်တမ်းကြာမြင့်နေတဲ့အတွက် အန္တရာယ်ရှိပါတယ်။ သုခလမ်း(အလယ်)မှာ မီတာအလုံးပေါင်း ၁၁၄ လုံးရှိပြီး အထပ်မြင့်တိုက်တွေမှာဓာတ်တိုင်နဲ့ ကေဘယ်ကြိုးတစ်ချောင်းသာ သွယ်တန်းရမှာဖြစ်တဲ့အတွက် မော်တော်ယာဉ်ကြီးတွေနဲ့ လွတ်ကင်းပြီး အမြင်လည်း တင့်တယ်စေပါတယ်။ လျှပ်စစ်ချွတ်ယွင်းတဲ့အခါမှာလည်း ပြင်ဆင်ရတာလွယ်ကူသွားတာပေါ့"ဟု ၎င်းက အကြံပြုပြောကြားသည်။

**မောင်မောင်**

## ဒလမြို့နယ်၌ နွေရာသီအတွင်း ပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ နွေရာသီကာလအတွင်း သောက်သုံးရေအတွက် ဒေသခံပြည်သူများ ဖူလုံစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့ပေါ် ၂၄ ရပ်ကွက်တွင် လူဦးရေ ၁၁၀၂၀၉ ဦးနှင့် ကျေးရွာအုပ်စု ၂၃ အုပ်စုတွင် လူဦးရေ ၄၇၃၅၀ စုစုပေါင်း ၁၅၇၅၅၉ ဦး နေထိုင်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) မှ မြို့ပေါ်ရှိ လူဦးရေ ၂၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၂၂၀၀၀ အတွက် သောက်သုံးရေဖြန့်ဝေပေးလျက်ရှိပြီး ကျန်ဒေသခံပြည်သူများသည် သောက်သုံးရေကန် ၃၂၂ ကန်အား မိုးရာသီတွင် ရေဖြည့်တင်းကာ နှစ်ပတ်လည်သုံးစွဲလျက်ရှိသောကြောင့် မြို့နယ်အတွင်း နွေရာသီ၌ ရေလုံလောက်စွာသုံးစွဲနိုင်မည့် ရေချိုရရှိစေရေးအတွက် AG RESOURCES ကုမ္ပဏီမှ ဒလမြို့နယ် တာကြီးရပ်ကွက် သချိုင်းမြေအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ငှားရမ်းပြီး တစ်ရက်လျှင် ရေလီတာ သုံးသန်းခန့် ဖြန့်ဝေနိုင်သော ရေသန့်စက်တည်ဆောက်၍ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ထို့အတူ ဆာပါချောင်းရပ်ကွက် အမက(၁၁) စာသင်ကျောင်းအရှေ့ အစိုးရမြေလွတ်တွင် တစ်ရက်လျှင် လီတာ နှစ်သိန်းခန့် ဖြန့်ဝေနိုင်သော ယာယီရေသန့်စက်အား ကွန်တိန်နာ လေးလုံးဖြင့် မြို့နယ်အတွင်း ပြည်သူများအား အခမဲ့ဖြန့်ဝေလှူဒါန်းပေးမည်ဖြစ်ပြီး ယခုအခါ စက်များရောက်ရှိပြီး တပ်ဆင်လျက်ရှိကြောင်း၊ သောက်သုံးရေသန့်စင်ရန်နှင့် ရေကုန်ကြမ်းထုတ်လုပ်မည့် တွံတေးတူးမြောင်းရေမိုင် ၂ ဒသမ ၁ မိုင် အထိ ခေတ္တသွယ်တန်းခွင့်ပြုရန်တင်ပြထားပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သောက်သုံးရေသန့်ကို အခမဲ့စတင်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒလမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများ အားလုံးရှိ သောက်သုံးရေကန်များတွင် ဝါတွင်းကာလ တစ်လျှောက်လုံး မိုးရေသိုလှောင်နိုင်မှုနှင့် ရေကန်ခြံစည်းရိုးကာရံထားပေးခြင်း၊ ရေကန်အတွင်း ဒိုက်နှင့် မြက်ပင်များ စုပေါင်းရှင်းလင်းဆောင်ရွက်ထားခြင်းတို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ရေကို သန့်ရှင်းစွာသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ကျန်စစ်သားရပ်ကွက်အတွင်းရှိ အလျားပေ ၄၅၀၊ အနံ ၄၃၈ ပေခန့်ရှိသော မင်္ဂလာ (၃/၇) သောက်သုံးရေကန်၊ ရာဇသင်္ကြန်ရပ်ကွက်၌ အလျားပေ ၂၈၀၊ အနံပေ ၂၇၀ခန့်ရှိ သောက်သုံးရေကန်၊ တာကြီးရပ်ကွက်ရှိ ဒေါ်ဖီ သောက်သုံးရေကန်၊ မှော်စက်ရပ်ကွက် အမက(၁၀) အနီးရှိ သောက်သုံးရေကန်နှင့် ဗညားဒလရပ်ကွက်အတွင်းရှိ ရေကန်အမှတ်(၁) သောက်သုံးရေကန်တို့ကို ရေကန်ကျောက်တိုင်စိုက်ခြင်း၊ ချိန်းလိပ်ကာရံခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

"ဒီရပ်ကွက်အတွင်းမှာက သောက်သုံးရေကန် စုစုပေါင်း ခုနစ်ကန်ရှိတယ်၊ ရေကန်ခြံစည်းရိုးကာရံခြင်းမရှိသေးတဲ့ ရေကန်သုံးကန်ကျန်ရှိနေပြီး ရေကန်လေးကန်ကတော့ ခြံစည်းရိုးကာရံပြီးသွားပါပြီ၊ အိမ်ခြေ ၃၉၈၇ အိမ်၊ လူဦးရေစုစုပေါင်း ၁၅၆၀၀ ဦး ကျော်ခန့်ရှိပါတယ်။ ဒီနှစ်နွေရာသီမှာတော့ သောက်သုံးရေအတွက် လုံလောက်မှုရှိပါတယ်"ဟု ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးက ပြောသည်။

ဒလမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ သောက်သုံးရေအတွက် ရေကန်များမှာ မြို့ပေါ်ရပ်ကွက် ၂၄ ရပ်ကွက်၌ မြေသားရေကန် ၁၁၃ ကန်ရှိပြီး ကျေးရွာများ၌ မြေသားရေကန် ၁၈၉ ကန် စုစုပေါင်း ၃၂၂ ကန်သာ အားထားသုံးစွဲလျက်ရှိသည်။ ဒလမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြသည့် လူဦးရေစုစုပေါင်းမှာ တစ်သိန်းခွဲကျော်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထို့အပြင် ဒလမြို့နယ်၌ နေ့စဉ်ရေဖြန့်ဖြူးလျက်ရှိသော တွံတေးမြို့နယ် ရေပေးဝေရေးစခန်းမှ တစ်နေ့လျှင် ရေဂါလန် ၁ ဒသမ ၂ သန်းရရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနက မြို့ပေါ်ရှိ ရပ်ကွက်များအား ရေဖြန့်ဝေပေးလျက်ရှိပြီး ကျေးရွာများ၌ မြေသားရေကန်များကိုသာ အဓိက အားထားသောက်သုံးနေရသည်။ ဒလမြို့နယ်သည် ရေချိုမထွက် ရေငန်များသာ ထွက်ရှိသော မြို့နယ်ဖြစ်သောကြောင့် မိုးရာသီတွင် ရေကန်များ၌သာ သိုလှောင်ပြီး နွေရာသီအတွက် သောက်သုံးနေရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် မြို့နယ်အတွင်းရှိ သောက်သုံးရေကန် ခြောက်ကန်အား သံခြင်ဆန်ကာ ကျောက်တိုင်ဖြင့် ခြံစည်းရိုးကာရံခြင်း၊ ရပ်ကွက်အတွင်းရှိ လမ်းများ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျေးရွာများ၌ ရွာအဝင်လမ်းနှင့် ကျေးရွာချင်းဆက်လမ်းများ ကွန်ကရစ်ခြင်း၊ မြေသားလမ်းပြုလုပ်ခြင်းလုပ်ငန်းများနှင့် မြို့နယ်သီရိဇေယျ နော်ရထာခန်းမအတွက် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန်စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၇ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ၆၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# သူငယ်ချင်းနှစ်ယောက်ထုဆစ်သော ဘကြီးအောင်ညာတယ်

ဝင်းပ




ကဗျာစာဆိုကြီး ဆရာမင်းသုဝဏ်နှင့် ပန်းချီကျော်ကြီး ဆရာဦးဘကြည် (F.R.S.A London) တို့မှာ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်အတွင်း ရင်းနှီးချစ်ခင်စွာ တက္ကသိုလ်ပညာဆည်းပူးခဲ့သော သူငယ်ချင်းနှစ်ယောက် ဖြစ်ပါသည်။ ဆရာမင်းသုဝဏ်က ဆရာဦးဘကြည်ထက် သုံးနှစ်မျှကြီးပါသည်။ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာပန်းချီလောက၊ မြင့်မားရေးတို့အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော အနုပညာဂုရုကြီးနှစ်ဦး ဖြစ်ပါသည်။

ဆရာမင်းသုဝဏ်သည် ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် ဆရာဇော်ဂျီ၊ သိပ္ပံမောင်ဝ စသော စာပေပညာရှင်ကြီးများနှင့် ပူးပေါင်းပါဝင်လှုပ်ရှား ဆောင်ရွက်သကဲ့သို့ ဆရာကြီးဦးဘကြည်သည်လည်း ရိုးရာပန်းချီကို အခြေခံ၍ ကမ္ဘာသုံး ခေတ်ပန်းချီလှုပ်ရှားမှုကြီးကို ပန်းချီဆရာကြီး ဘိလပ်ပြန် ဦးဘဉာဏ်နှင့် ဦးဘဇော်တို့၏ လမ်းညွှန်မှုဖြင့် ဆရာကြီး ဦးစံဝင်း၊ ဆရာကြီး ဦးငွေကိုင်၊ ဆရာကြီး ဦးအုန်းလွင် စသည့် ပန်းချီဆရာများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူ ပန်းချီဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းထွက် ပညာတတ်ကဗျာစာဆိုကြီး ဆရာမင်းသုဝဏ်နှင့် ပန်းချီကျော်ကြီး ဆရာဦးဘကြည်တို့သည် ပြင်ပစာပေလောက၊ ပန်းချီလောကတွင် ဦးဆောင်ဦးရွက်ပြုခဲ့ကြသူများ ဖြစ်ကြပါသည်။

**ရိုသေလေးစားခံရသူ ပုဂ္ဂိုလ်ကြီးနှစ်ဦး**

တက္ကသိုလ်ကျောင်းထွက် ပညာတတ် ကဗျာစာဆို စာပေပညာရှင် ဆရာကြီး မင်းသုဝဏ်နှင့် ပန်းချီဆရာကြီး ဦးဘကြည်တို့သည် ပြင်ပအနုပညာ စာပေလောကတွင် ဩဇာကြီးသော အနုပညာရှင်များအဖြစ်လည်း ရိုသေလေးစားခံရသူ ပုဂ္ဂိုလ်ကြီးနှစ်ဦးလည်း ဖြစ်ပါသည်။ ဆရာဦးဘကြည်သည် စာပေအစည်းအရုံးကြီး ဖြစ်မြောက်ရေးကော်မတီတွင် ပါဝင် ကူညီခဲ့သလို ပန်းချီချစ်သူ ဆရာမင်းသုဝဏ်သည်လည်း ပန်းချီလောက ကောင်းကျိုးဆောင်ခဲ့သူ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်တွက် ပန်းချီကားဝယ်ယူစုဆောင်းရေး အဖွဲ့ဝင်အဖြစ် ပါဝင်ကူညီခဲ့သူ အနုပညာရှင်ကြီးဖြစ်ပါသည်။ ၁၉၅၈ခု ပထမအကြိမ် စာပေဗိမာန် ပန်းချီပြပွဲ ဖြစ်မြောက်ရေး ကော်မတီတွင်လည်း ဆရာကြီးနှစ်ယောက် အတူတူ ပါဝင်ကူညီခဲ့ကြပါသည်။

ကျွန်တော်တို့ငယ်စဉ် ဇာတိပေါင်မြို့နယ်၊ ကွဲခြံရွာ မူလတန်းကျောင်းတွင် ဆွမ်းအုပ်နီနီ အမေရွက်လို့ ကလေးကဗျာများကို ရွတ်ဆိုပြီး ကြီးပြင်းခဲ့ရသည်။ ကဗျာထဲက ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့ ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ်၊ မောင်မဆော့ပေါင်စိပ်ပုတီးနဲ့ ဘုန်းတော်ကြီးလိုနေပ့ါမယ် အပိုဒ်ရောက်လျှင် ကျွန်တော်တို့အတန်းပိုင်ဆရာမ မညော်က သူငယ်ချင်း မောင်အေးကို အတန်းအပြင် ထွက်ခိုင်းပြီး ဟန်နှင့်မာန်နှင့် စတိုင်ကျကျ Performance လုပ်ခိုင်းသည်ကို ယခုတိုင် မြင်ယောင်နေပါသည်။

ကျွန်တော်တို့ ထိုစဉ်က ရွတ်ဆိုလို့ကောင်းတိုင်း အော်အော်ဆိုခဲ့သည်။ ဆွမ်းအုပ်နီနီကဗျာများကို ဘယ်သူရေးမှန်းမသိ၊ ဆရာကြီး မင်းသုဝဏ်၏ လက်ရာမှန်း အလယ်တန်း ကျောင်းသားအရွယ်ကျမှ သိမှတ်ခဲ့ရပါသည်။ ဆယ်တန်းရောက်တော့ ပျဉ်းမငုတ်တိုကိုလည်း ဖတ်တတ်ပြီ၊ လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည် အသင်လူစွမ်းကောင်းတကား အပိုင်းကို အားမာန်အပြည့်နှင့် အော်ဆိုနေတာကို အရသာရှိလှသည်။ 'သပြေညို' ကဗျာကို ဖတ်ရပြန်တော့ လွတ်လပ်ရေးကို မျှော်ကိုးတတ်ပြီ၊ ဆရာမင်းသုဝဏ်၏ဇနီး ဒေါ်ကြည်ကြည်မှာ ကျွန်တော်နှင့် မောင်ခင်မင် (ဓနုဖြူ)တို့ မြန်မာစာ ဆရာမ ဖြစ်ပါသည်။

**လမ်းညွှန်ပေးခဲ့ကြသူ မြတ်ဆရာများဖြစ်**

၁၉၅၈ခုနှစ် စာပေဗိမာန်ပန်းချီပြပွဲ ပထမအကြိမ် ကျင်းပတော့ ကျွန်တော်လည်း ပန်းချီကားတစ်ကား ပြသခွင့်ရသည်။ ပြပွဲကော်မတီဝင် ဆရာမင်းသုဝဏ်နှင့် ဆရာဦးဘကြည်တို့ သူငယ်ချင်းနှစ်ယောက်ကိုလည်း တွေ့ဖူးပြီ။ ဆရာဇော်ဂျီ၊ ပန်းချီဆရာကြီး ဦးစံဝင်း၊ ဦးအုန်းလွင်တို့နှင့်လည်း တွေ့ဖူးပြီ။ ဖွင့်ပွဲနေ့ကဆရာကြီးတို့၏ ကျက်သရေရှိလှသော ဥပဓိရုပ်ကိုကြည့်ပြီး အားကျအတုယူချင်စိတ်တွေ ပေါ်လာပါသည်။ ဆရာတို့အနားကို မကပ်ရဲပါ။ ခပ်လှမ်းလှမ်းကနေပဲ အားရပါးရ ငေးကြည့်ခဲ့ပါသည်။ ကျွန်တော်ရန်ကုန်တက္ကသိုလ် ရောက်သွားတော့ ဆရာကြီး ဦးဘကြည်နှင့် တွေ့သလို ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့နှင့်ပါ သိခွင့်ရပါသည်။ ဆရာတို့ ရုံးခန်းကို အတန်းအားတိုင်း ရောက်ပါသည်။ ပန်းချီအကြောင်း၊ စာအကြောင်း ဆရာတို့နှင့် စကားပြောရသည်မှာ အဆင့်မြင့် အနုပညာသင်တန်းတစ်ခုကို အခမဲ့တက်ခွင့်ရသလို ခံစားခဲ့ရပါသည်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဦးဘကြည်တို့ သုံးဦးလုံး ကျွန်တော့်ပန်းချီစာပေ တက်လမ်းအတွက် လမ်းညွှန်ပေးခဲ့ကြသူ မြတ်ဆရာများဖြစ်ပါသည်။

တစ်နေ့ မှတ်မှတ်ရရ ဆရာမင်းသုဝဏ်ရုံးထိုင်သော တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန မန္တလေးဆောင်ရုံးခန်းသို့ ကျွန်တော်ရောက်သွားတော့ ကျွန်တော့်ဆရာ ပန်းချီဆရာကြီး ဦးစံဝင်း၏ သူငယ်ချင်း ပန်းချီဆရာဂျီလှမောင် ရောက်နှင့်နေသည်ကို တွေ့ရပါသည်။ သူရေးနေသည့် 'ကမ္ဘာ့ပန်းချီသိ ဗမာ့ပန်းချီသိ' စာအုပ်အတွက် အကြံဉာဏ်လာယူနေခြင်းဖြစ်ပြီး မန္တလေး ပန်းချီကျော်များနှင့် သွားတွေ့ဖြည့်စွက်ရေးဖို့ ဆရာမင်းသုဝဏ်က တိုက်တွန်းနေပါသည်။ ဆရာဂျီလှမောင် ပြန်သွားတော့ ဆရာမင်းသုဝဏ်က ဂျီလှမောင်အရေးကောင်းပုံတွေ ချီးကျူးပါသည်။ ကျွန်တော့်ကိုလည်း ဆရာမင်းယုဝေနှင့် သွားတွေ့ပြီး ငွေတာရီမှာ သရုပ်ဖော်ပန်းချီဆွဲဖို့ လွှတ်ပါသည်။ ထိုနေ့က ဆရာမင်းယုဝေက ကျွန်တော့်ကို ကဗျာတစ်ပုဒ်ပေးပြီး သရုပ်ဖော်ဆွဲခိုင်းပါသည်။ ကျွန်တော့်ဘဝတွင် ငွေတာရီက ထိုကဗျာသရုပ်ဖော်ပုံ ကလေးတစ်ပုံမှာ ပထမဆုံးနှင့် နောက်ဆုံး ဖြစ်ပါသည်။ နောင်သော် ဆရာမင်းသုဝဏ်ကလည်း ကျွန်တော့်ကို သူ့သူငယ်ချင်း ကျွန်တော့်ဆရာ ဦးစံဝင်းလို ရှုခင်းပန်းချီနှစ်သက်သူ ပန်းချီဆရာမှန်း သိသွားခဲ့ပါသည်။

ဆရာမင်းသုဝဏ်နှင့် ဆရာဦးဘကြည်တို့ သူငယ်ချင်းနှစ်ယောက်ထံမှာ တပည့်ခံခွင့်ရခဲ့သည့် ကျေးဇူးတရားကို ကျွန်တော့်တစ်သက်မေ့နိုင်တော့မည် မဟုတ်ပါ။

ကျွန်တော့်ဘဝတွင် ပန်းချီခေတ်တွေ အမျိုးမျိုးဖြတ်သန်းပြီးနောက် ၁၉၈၁ ခုနှစ်က မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီကို ဖျက်သိမ်းပြီး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ စည်းရုံးရေးကော်မတီသို့ တစ်နိုင်ငံလုံးမှ ပန်းဆယ်မျိုးပညာရှင်များပါဝင်သော ညီလာခံကြီး ကျင်းပပြီး ဖွဲ့စည်းခဲ့ပါသည်။ ဥက္ကဋ္ဌ ဦးဘကြည်၊ အတွင်းရေးမှူး ဦးမင်းနိုင်တို့ ဦးဆောင်အဖွဲ့တွင် မြန်မာမှု ဦးငွေလှိုင်၊ ဆရာဦးလွန်းကြွယ်၊ ဆရာ ဦးအေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)၊ ကာတွန်းဦးဖေသိန်း၊ ဦးရွှေမိတ် (ပန်းထိမ်)၊ ဦးသန်းအောင် (မန္တလေး-ပန်းပဲ)၊ ဦးတော်တော် (ပန်းတမော့ - ကျောက်တော်ကြီးဘုရား အလှူရှင်)၊ ဦးတင်ငွေ (ပုဂံ-ပန်းယွန်း)၊ ဆရာကြီး ဦးဟန်တင် (ပန်းပု)၊ ထိုစဉ်က ကျိုက္ကဆံကွင်းတွင်ကျင်းပသော ရိုးရာပန်းစည်းရုံးရေးကော်မတီ ညီလာခံဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော်က ကော်မတီဝင်အဖြစ် အရွေးခံရပါသည်။

**ဘကြီးအောင် ညာတယ်**

ရိုးရာပန်းစည်းရုံးရေးကော်မတီ ဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌဆရာကြီး ဦးဘကြည်က အစည်းအရုံးအာဘော် မဂ္ဂဇင်း တစ်စောင်နှင့် ရုပ်ပြစာစောင် ထုတ်ဝေရန် စီစဉ်ပါသည်။ မဂ္ဂဇင်းနာမည် ရွေးချယ်ရန် အစည်းအဝေးတွင် နာမည်ရွေးချယ်ရန် တစ်မျိုးစီနာမည်ချရေးကြပါသည်။ "ဆရာ ဦးအေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)က ရွေးပေးသော 'ပန်'ကို မဂ္ဂဇင်းအတွက် သဘောတူကြပြီး ကာတွန်းဆရာဦးဖေသိန်းရွေးပေးသော 'လှုပ'ကို ရုပ်ပြစာစောင်အတွက် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြင့် 'ပန်'ရုပ်စုံမဂ္ဂဇင်းနှင့် 'လှုပ'စာစောင်များထုတ်ဝေရန် ဆုံးဖြတ်ပြီး အယ်ဒီတာချုပ်အဖြစ် စာရေးသူကို တာဝန်ပေးပါသည်။ မြန်မာမှုတာဝန်ခံ ဦးအေးမြင့်၊ ပန်းချီတာဝန်ခံ ဦးမောင်မောင်သိုက်၊ ကာတွန်းတာဝန်ခံ ဦးငွေကြည်၊ ပန်းပုတာဝန်ခံဦးအောင်သွင် ပန်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်-၁ မျက်နှာဖုံးကို ဆရာဦးဘကြည် ကိုယ်တိုင်ရေးဆွဲပေးပါသည်။

တစ်နေ့ ဆရာ ဦးဘကြည်က အမှုဆောင်အစည်းအဝေး တစ်ခုအပြီးတွင် ကျွန်တော့်ကို ခေါ်၍ ဆရာကြီး မင်းသုဝဏ်ရေးဖွဲ့ခဲ့သော 'ဘကြီးအောင်ညာတယ်' ဝတ္ထုကိုရှာခိုင်းပါသည်။ 'လှုပ' စာစောင်တွင် ဆရာကိုယ်တိုင် သရုပ်ဖော်ရေးဆွဲခဲ့ပါသည်။ ပန်းချီကျော် ဦးဘကြည် ကိုယ်တိုင် သရုပ်ဖော်သည့် ဘကြီးအောင်ညာတယ် ဝတ္ထုသည် ကျွန်တော်တို့တက္ကသိုလ်ပရိဝုဏ် အသိုင်းအဝိုင်းတွင် လူပြောသူပြောများသော ဆရာမင်းသုဝဏ်၏ နာမည်ကျော်ဝတ္ထုဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆရာမင်းသုဝဏ်၏ ရသမြောက်သော မေတ္တာဘွဲ့ အလွမ်း ဝတ္ထုကလေးတစ်ပုဒ်အဖြစ် တက္ကသိုလ်လောကသာမက ပြင်ပစာပေလောကတွင်လည်း ကျော်ကြားလှသော ဝတ္ထုဖြစ်ပါသည်။

**'ပန်'နှင့် 'လှုပ' စာစောင်**

'ပန်' နှင့် 'လှုပ' စာစောင်ကို ၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့ပါသည်။ 'ဘကြီးအောင်ညာတယ်' ဝတ္ထုကို ၂. ၁၀. ၁၉၈၃ ထုတ်ဝေသော လှုပစာစောင် အမှတ်(၃)တွင် ဖော်ပြနိုင်ခဲ့ပါသည်။ လှုပစာစောင်ကို ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေပါသည်။ ဘကြီးအောင်ညာတယ် ဝတ္ထုအဖွဲ့ မျက်နှာဖုံးတွင် 'မောင်ချစ်သည် စိတ်ကူးယဉ်ကမ္ဘာထဲသို့ ရောက်နေသည့် အကြောင်းရင်းကား' ဟူသော စာသားနှင့် သရုပ်ဖော်ပါသည်။ ဘကြီးအောင်ညာတယ် ဝတ္ထု၏အသက်ကို သရုပ်ဖော်ကာ အကွက်တစ်ကွက်ကို ဆရာဦးဘကြည်က လှလှပပ သရုပ်ဖော်ထားပါသည်။ ယမင်းရုပ်ကလေးကို လိုအပ်တပ်မက်လှသော မောင်ချစ်၏ စိတ်ကူးယဉ်ပုံကို မျက်နှာဖုံးတွင် ရေးဆွဲထားပါသည်။

ဆရာမင်းသုဝဏ်၏ ဝတ္ထုအဖွင့် မောင်ချစ်ကလေးတို့၏ ခေတ် ဘုန်းကြီးကျောင်းသားဘဝ "မြို့ဦးကျောင်းသား အကောင်းစား၊ လယ်ပေါ်ကျောင်းသား သူတောင်းစား ကျောက်မီးသွေးမို့ မည်းသကို ဒို့ကျောင်းသားမို့ ရဲသကို ပေးလာ မောင်ရို့ဝါး". . . . ဟူသော အကွက်နှင့် စတင် သရုပ်ဖော်ထားပါသည်။ အေးအေးဆေးဆေးနေတတ်သော မောင်ချစ်ကား ထိုဝေးလား ဝါးလား ကျောင်းသားအုပ်စုတွင် မပါဘဲ နောက်နားက အေးအေးဆေးဆေး ဖြည်းဖြည်းကလေး လိုက်လာဟန် ဆရာက သရုပ်ဖော်သည်။ နောက်တစ်ကွက်တွင် စောစောက ကျောင်းသားတွေ စုပြုံပြီး ပန်းပုဆရာကြီး ဘကြီးအောင်၏ အိမ်တွင် စုပြုံတိုးဝှေ့ကြည့်နေသော အကွက်တွင် ဘာကြည့်နေကြပါလိမ့် ဆိုပြီး ကလေးအုပ်စုကြီး နောက်ဆုံးမှနေ၍ အားရပါးရတိုးဝှေ့ချောင်းကြည့်နေဟန်ကို ဆရာ ဦးဘကြည်က ရေးဆွဲထားပါသည်။

**ပီပီပြင်ပြင် သရုပ်ဖော်**

မြို့ဦးကျောင်းသား အကောင်းစားဆိုသည့် တကြော်ကြော်အော်ခဲ့သော ကျောင်းသားများ စိတ်ဝင်စားစရာ ဘာမှမတွေ့သလို ပြန်ထွက်သွားကြတော့ မောင်ချစ်လေးတစ်ယောက်တည်း ကျန်ရစ်သည်။ လှလိုက်တဲ့ မင်းသမီးရုပ်ကလေးကို မောင်ချစ် သဘောကျပြီး ငေးကြည့်နေသည်။ မောင်ချစ်ကိုမြင်သော ဘကြီးအောင်က မင်းဒီအရုပ်ကလေးလိုချင်ရင် ငွေတစ်ကျပ်ယူခဲ့ဟုပြောနေသော ဘကြီးအောင်၏ရုပ်ပုံကို ရေးဆွဲရာတွင် ပန်းချီသဘောအရ အိုမင်းရင့်ရော်သော လူကြီးစရိုက်ကို ပီပီပြင်ပြင်သရုပ်ဖော်ထားပါသည်။ မောင်ချစ်၏ မျက်နှာကလေးမှာမူ အပြစ်ကင်းစင်လှသော ကလေး၏ စရိုက်ဟန်ပန်ကို ထိထိမိမိရေးဆွဲပါသည်။ မင်းသမီးရုပ်ကလေးကို နှစ်သက်မြတ်နိုးသော ဟန်နှင့် ပိုင်ဆိုင်ချင်စိတ်ပြင်းပြနေဟန် အမူအရာလည်း ပေါ်လွင်လှသည်။ မောင်ချစ်ကလေး ဒီအရုပ်ကလေးထုနေတာ ဘယ်သူ့ကိုပေးဖို့ထုနေတာလဲဟု ဘကြီးအောင်ကိုမေးရာ ဘကြီးအောင်က ဒီအရုပ်လေးကို မင်းလိုချင်လို့လား လိုချင်ရင် ငွေတစ်ကျပ်ယူခဲ့ဟု ပြောလိုက်သည်။ မောင်ချစ် ခေါင်းရှုပ်သွားပြီး တစ်ကျပ်ဆိုတာ ဘယ်နှပြားလဲဟု ဘကြီးအောင်ကို မေးပြန်သည်၊ ဘကြီးအောင်က ဆယ်ပြား ဆယ်ပြား ခြောက်ခါကို လေးပြားပေါင်း ၆၄ ပြားဆိုရင် တစ်ကျပ်ပဲဟု မောင်ချစ်ကို ရှင်းပြသည်။ တစ်နေ့ မုန့်ဖိုး တစ်ပြားသာရသော မောင်ချစ်ကလေးသည် တစ်ကျပ်ရရင် ကျွန်တော့်ကိုပေးမှာနော် ဘကြီးအောင် မညာနဲ့နော်ဟုပြောပြီး ပျော်ရွှင်ကခုန် မြူးထူးသွားဟန်ကိုလည်း ဦးဘကြည်က လှပစွာ သရုပ်ဖော်ထားပါသည်။

**တစ်နေ့တစ်ပြား စုစု**

မောင်ချစ်သည် ထိုနေ့မှစ၍ မုန့်မစားတော့ တစ်နေ့တစ်ပြား စုစုတော့သည်။ ဘုန်းတော်ကြီး ပေးသော ငှက်ပျောသီးစားပြီး ငွေစုသည်၊ ကျောင်းသွားကျောင်းပြန် ဘကြီးအောင်ရုပ်တုကလေးကိုလည်း ဝင်ဝင်ကြည့်ရာ တစ်နေ့တခြား မင်းသမီးရုပ်ကလေးကလည်း ရုပ်လုံးပေါ်လာနေသည်ကို တွေ့ရ၍ မောင်ချစ်မျက်စိထဲက ဆင်စွယ်မင်းသမီးရုပ်ကလေး မထွက်တော့၊ ညအိပ်လည်း အိပ်မက် စိတ်ကူးထဲမှာ တွေ့နေရမည်၊ ညအိပ်ရာဝင်တိုင်း ခြောက်ဆယ့်လေးပြား မြန်မြန်ပြည့်ပါတော့ဟု ဘုရားထံဆုတောင်းသည်၊ သူကြိုက်သော ဒေါ်ခါဥ ကောက်ညှင်းပေါင်းလည်း ဝယ်မစား၊ ဆာလျှင်စားဖို့ အားလုံးသပိတ်မှောက်လိုက်သည်။ မောင်ချစ်သည် ၃၄ ပြားစုမိသောနေ့က ကျောင်းဆင်းတာနဲ့ ဘကြီးအောင်အိမ်သို့ တစ်ဟုန်ထိုးပြေးလေသည်။ **စာမျက်နှာ ၂၁ သို့**

> ပညာတတ် ကဗျာစာဆို စာပေပညာရှင် ဆရာကြီး မင်းသုဝဏ်နှင့် ပန်းချီဆရာကြီး ဦးဘကြည်တို့သည် ပြင်ပအနုပညာ စာပေလောကတွင် ဩဇာကြီးသော အနုပညာရှင်များဖြစ် . . .
>
> ပန်းချီကျော် ဦးဘကြည် ကိုယ်တိုင် သရုပ်ဖော်သည့် ဘကြီးအောင်ညာတယ် ဝတ္ထုသည် ကျွန်တော်တို့တက္ကသိုလ် ပရဝုဏ်အသိုင်းအဝိုင်းတွင် လူပြောသူပြောများသော ဆရာမင်းသုဝဏ်၏ နာမည်ကျော်ဝတ္ထုဖြစ် . . .

# YBS နှင့် အမျိုးသမီးယာဉ်မောင်း

ဆုနှင်းလဲ့

YBS အဖြစ် ပြောင်းလဲပြေးဆွဲခဲ့သည့် ရန်ကုန်မြို့ပြ ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အမျိုးသမီး ယာဉ်မောင်းများ ခန့်အပ်သွားမည်ဖြစ်သလို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ အသိအမှတ်ပြု ပထမဆုံး အမျိုးသမီး ယာဉ်မောင်းကို YBS ယာဉ်လိုင်းကုမ္ပဏီ တစ်ခုဖြစ်သည့် YBPC ကုမ္ပဏီတွင် စတင်ခန့်အပ်တော့မည်ဖြစ်သည်။

အလားတူ အမျိုးသမီးယာဉ်မောင်းများ ထပ်မံခန့်အပ်သွားနိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ယာဉ်မောင်းများဖြစ်လာစေရန် YBS အထူးယာဉ်မောင်းသင်တန်းကို ဆက်တိုက်ဖွင့်လှစ်လျက်ရှိသည့်အပြင် ပုဂ္ဂလိက ယာဉ်လိုင်းကုမ္ပဏီတစ်ခုကလည်း အမျိုးသမီးယာဉ်မောင်းများ ခန့်အပ်နိုင်ရေးကို YRTA သို့ တင်ပြထားကြောင်း သိရသည်။

အမျိုးသားယာဉ်မောင်းများပင်လျှင် လုပ်ကိုင်ရန် ပင်ပန်းခက်ခဲလှသော မြို့ပြခရီးသည်တင် ယာဉ်မောင်းအလုပ်တွင် အမျိုးသမီးယာဉ်မောင်းများ ဝင်ရောက်လုပ်ကိုင်နိုင်ရန်မှာ သာမန်အားဖြင့် လွယ်ကူသောအလုပ်တော့ မဟုတ်ပေ။ သို့ရာတွင် ယခင်ကနှင့်မတူသော မြို့ပြခရီးသည် ပို့ဆောင်ရေးစနစ်ကို ပြောင်းလဲနေသောအချိန်တွင် ကျွမ်းကျင်၍ စိတ်ရှည်သည်းခံသော ယာဉ်မောင်းများကို သတ်မှတ်အလုပ်ချိန် အတိုင်းအတာနှင့် ထိုက်တန်သော ခံစားခွင့် လစာများပေးအပ်ပါက ပြိုင်မောင်း၊ လုမောင်းရန်မလိုအပ်သော၊ အလုပ်ချိန် များပြားလွန်းစွာ လုပ်ကိုင်ရန်မလိုအပ်သော YBS ယာဉ်မောင်း အလုပ်အကိုင်သည် အမျိုးသားများသာမက အမျိုးသမီးများလည်း ရင်ပေါင်တန်း လုပ်ကိုင်နိုင်မည်ပင်ဖြစ်သည်။

YBS ယာဉ်လိုင်းများတွင် ကျွမ်းကျင်ယာဉ်လုပ်သားလိုအပ်ချက် များပြားလျက်ရှိရာ YRTA နှင့် ပို့ဆောင်ရေးတို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် အထူးယာဉ်မောင်းသင်တန်းကို ဆက်တိုက်ဖွင့်လှစ်လျက်ရှိပြီး ယခု အပတ်စဉ် ၅ ကို ဖွင့်လှစ်တော့မည်ဖြစ်သည်။ ထူးခြားသည်မှာ အပတ်စဉ် ၄ မှ စတင်ကာ အမျိုးသမီးယာဉ်မောင်း လေးဦး အထူးယာဉ်မောင်းသင်တန်းသို့ စတင်တက်ရောက်မှုရှိခဲ့ပြီး တစ်ဦး သင်တန်းတက်ရောက် အောင်မြင်ခဲ့ကြောင်း YRTA မှ သိရသည်။ ကျန်သုံးဦးမှာ မအောင်မြင်သဖြင့် သင်တန်းအပတ်စဉ် ၅ တွင် ဆက်လက်၍ စာတွေ့၊ လက်တွေ့ကို ဖြေဆိုရမည်ဖြစ်သည်။ အောင်မြင်ခဲ့သူ အမျိုးသမီးယာဉ်မောင်း တစ်ဦးကိုမူ YRTA အသိအမှတ်ပြုသော ပထမဆုံး အမျိုးသမီးယာဉ်မောင်းအဖြစ် Yangon Bus Private Co.,Ltd (YBPC) ကုမ္ပဏီတွင် စတင်ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အထူးယာဉ်မောင်းသင်တန်းကို တက်ရောက်အောင်မြင်ခဲ့ပေမယ့် သူ့ကို ကုမ္ပဏီမှာ အထူးမွမ်းမံသင်တန်းတွေ ထပ်ပေးဦးမှာပါ၊ အဓိက ကတော့ လက်တွေ့ပိုင်းတွေ ရောပေ့ါ၊ ဒါပထမဆုံး အမျိုးသမီးယာဉ်မောင်း တစ်ဦးကို ခန့်အပ်နိုင်တာပဲ ဖြစ်ပါတယ်၊ YRTA အသိအမှတ်ပြုတဲ့ ယာဉ်မောင်းလည်း ဖြစ်ပါတယ်၊ အခြား အမျိုးသမီးယာဉ်မောင်းတွေလည်း လုပ်ကိုင်လိုတာတွေ၊ ခန့်အပ်လိုတာတွေ ရှိတယ်လို့ သိရတယ်၊ ဒါပေမယ့် YBS ယာဉ်မောင်းတွေဟာ YRTA အသိအမှတ်ပြု ဖြစ်ရပါမယ်"ဟု YRTA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



**"အားနည်းချက်များစွာလည်း ရှိနေသေးပြီး ယာဉ်အစီးရေ မလုံလောက်မှု၊ ခရီးစဉ်လမ်းကြောင်း လိုအပ်ချက်ရှိမှုတို့ကြောင့် ခရီးသည်အချို့မှာလည်း နံနက်ကတည်းကပင် ကြားကား၊ အောက်ဆိုက်ကားများကို အားထားနေရဆဲ အနေအထားများလည်း ရှိနေသေးသည်။ တစ်ဦးတစ်ယောက်ချင်းပိုင်ကားများ၊ အစုအဖွဲ့ပိုင်ကားများကို စုပေါင်းဆောင်ရွက်နေသေးသည့် အနေအထားအချို့ ရှိနေသေးပြီး အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းကာ YRTA က ကြပ်မတ်ကွပ်ကဲနိုင်သည့်စနစ်ကို ပြောင်းလဲနေပြီဖြစ်သော်လည်း. . ."**

YBS ယာဉ်လိုင်းများတွင် အမျိုးသမီးယာဉ်မောင်းများ ခန့်အပ်သွားနိုင်ရေးအတွက် ပုဂ္ဂလိက ယာဉ်လိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Power Eleven ကုမ္ပဏီကလည်း အမျိုးသမီးယာဉ်မောင်း ၃၀ ခန့်ကို သင်တန်းများ ပေးအပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ယာဉ်လိုင်းအနေဖြင့် မကြာမီ ဆက်လက်တိုးချဲ့ပြေးဆွဲမည့် ယာဉ်လိုင်းများအတွက် လိုအပ်သော ယာဉ်မောင်းများကို ခန့်အပ်နိုင်ရေးတွင် အမျိုးသမီးယာဉ်မောင်းများ ခန့်ထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အမျိုးသမီး ၃၀ တွင် ယာဉ်မောင်းလိုင်စင်သက်တမ်း လေးနှစ်၊ ငါးနှစ်ခန့်ရှိသည့် အမျိုးသမီးယာဉ်မောင်းများ ပါဝင်သလို ယာဉ်ငယ်မောင်းသက်တမ်းရှိသည့် အမျိုးသမီးယာဉ်မောင်းများလည်း ပါဝင်သည်ဟု သိရသည်။


သို့ရာတွင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ယာဉ်မောင်းအဖြစ် ခန့်အပ်ရာတွင် YRTA အသိအမှတ်ပြု ယာဉ်မောင်းများကို ခန့်အပ်ရန် လိုအပ်မည်ဖြစ်ပြီး YRTA အနေဖြင့်လည်း YBS ယာဉ်လိုင်းများတွင် မောင်းနှင်မည့် ယာဉ်မောင်းများကို YRTA အသိအမှတ်ပြု စမတ်ကတ်များ ထုတ်ပေးသွားမည်ဟု သိရသည်။

အထူးသဖြင့် ခရီးသည်တင် ယာဉ်မောင်းများအနေဖြင့် ခရီးသည်တင်ဆောင်နိုင်သည့် ယာဉ်ကို မောင်းနှင်ခွင့်ရှိသည့် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားနိုင်ရန် လိုအပ်ပြီး အခြားသော စိတ်ပိုင်းဆိုင်ရာ စစ်ဆေးချက်များ၊ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံမှုများ၊ စိတ်ရှည်သည်းခံ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျ သိရှိတတ်မြောက်ထားပြီး လမ်းညွှန်အမှတ်အသားနှင့် အချက်ပြမီး အမှတ်အသားများကိုလည်း သိရှိလိုက်နာရန်လည်း လိုအပ်မည်ဖြစ်သည်။ အလားတူ ထိုသို့ ကျွမ်းကျင်ပြည့်စုံသော ယာဉ်မောင်းတစ်ဦးကိုလည်း သတ်မှတ်အလုပ်ချိန်၊ ထိုက်တန်သော လစာနှင့် ခံစားခွင့်၊ အာမခံချက်တို့ဖြင့် အလုပ်ခန့်ထားနိုင်ပါက အများပြည်သူ၊ ခရီးသည်၊ ယာဉ်မောင်းနှင့် ယာဉ်လိုင်းကုမ္ပဏီတို့ကိုပါ အဆင်ပြေအောင်မြင်နိုင်မည်ဖြစ်ပြီး အများပြည်သူဝန်ဆောင်မှုကို အခြေပြုသည့် သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာရန် အခြေခံအချက်လည်း ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ လစာ ထိုက်ထိုက်တန်တန် ရမယ်၊ ပြိုင်မောင်း၊ လုမောင်းစရာမလိုဘူးဆိုတာမျိုးကို ပိုကြိုက်တာပေ့ါ၊ သတ်မှတ်အချိန်အတိုင်း မောင်းသွားပြီး ခရီးသည် အတင်အချ လုပ်ရတာ ခရီးသည်တွေလည်း စိတ်ချမ်းသာမှာပါ၊ အဲလို ဖြစ်လာဖို့ မျှော်လင့်ပါတယ်၊ ကျွန်တော်တို့ရဲ့အလုပ်က အရမ်းကို ပင်ပန်းပါတယ်၊ မနက်ဆို လေးနာရီလောက်ကနေ ည ၁၀ နာရီ ၁၁ နာရီအထိ လုပ်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ ဒါမျိုးကို အမျိုးသမီးတွေ လုပ်နိုင်မှာမဟုတ်ပါဘူး၊ ကျွန်တော်တို့လည်း နေ့တိုင်း အဲလို မလုပ်နိုင်ပါဘူး၊ တစ်နေကုန် ထိုင်မောင်းရတဲ့အတွက် အထိုင်များသူတွေဖြစ်တတ်တဲ့ ရောဂါဝေဒနာမျိုးတွေကလည်း ကြုံနေကျပါ၊ အားလုံး အဆင်ပြေနိုင်တဲ့စနစ်မျိုးပေ့ါ၊ တစ်ရက်ကို ဘယ်နှနာရီနှုန်း၊ နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး မောင်းနိုင်တဲ့ဟာမျိုးဆိုရင် ပိုကောင်းပါမယ်၊ အဲလိုလုပ်နိုင်ဖို့က ကုမ္ပဏီနဲ့ အစိုးရက ပံ့ပိုးမှုဖြစ်မယ်၊ ဒါဆို အမျိုးသမီးယာဉ်မောင်းတွေလည်း ပိုများလာနိုင်မယ်"ဟု YBS အထူးယာဉ်မောင်း သင်တန်းဆင်းတစ်ဦးဖြစ်သူ လက်ရှိ YBS ယာဉ်မောင်း ကိုစိုးနိုင်က ပြောသည်။

မ. ထ. သ အဖြစ်မှ YBS အမည်ဖြင့် အသွင်၊ အမြင် ပြောင်းလဲပြေးဆွဲခဲ့သည့် ရန်ကုန်မြို့ပြ ခရီးသည် သယ်ယူပို့ဆောင်ရေးသည် ယခုအခါ ၁၀ လ ကျော်ကာလကို ရောက်ရှိလာပြီဖြစ်ပြီး သစ်လွင်၍ အဲကွန်းအေးသော၊ ယာဉ်နောက်လိုက်မပါသော ခရီးသည်တင်ယာဉ်များ ပြေးဆွဲနိုင်ပြီဖြစ်သလို ကိုယ်တိုင်ယာဉ်စီးခကို ပုံးထဲသို့ ထည့်သည့်စနစ်ဖြင့် ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတူ အားနည်းချက်များစွာလည်း ရှိနေသေးပြီး ယာဉ်အစီးရေ မလုံလောက်မှု၊ ခရီးစဉ်လမ်းကြောင်း လိုအပ်ချက်ရှိမှု တို့ကြောင့် ခရီးသည်အချို့မှာလည်း နံနက်ကတည်းကပင် ကြားကား၊ အောက်ဆိုက်ကားများကို အားထားနေရဆဲ အနေအထားများလည်း ရှိနေသေးသည်။ တစ်ဦးတစ်ယောက်ချင်းပိုင်ကားများ၊ အစုအဖွဲ့ပိုင်ကားများကို စုပေါင်းဆောင်ရွက်နေသေးသည့် အနေအထားအချို့ ရှိနေသေးပြီး အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းကာ YRTA က ကြပ်မတ်ကွပ်ကဲနိုင်သည့်စနစ်ကို ပြောင်းလဲနေပြီဖြစ်သော်လည်း အချို့မှာ ကျန်ရှိနေသေးကြောင်း သိရသည်။ မည်သို့ပင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲသည်ဖြစ်စေ အခြေခံအကျဆုံး ဝန်ဆောင်မှု လုပ်သားမှာ ယာဉ်မောင်းများဖြစ်သောကြောင့် ယာဉ်မောင်းများ၏ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုတို့သည် အဓိက ကျလာမည်ဖြစ်သည်။

ထို့ကြောင့် အမျိုးသားများပင် လုပ်ကိုင်ရန် ပင်ပန်းခက်ခဲသော ခရီးသည်တင် ယာဉ်မောင်းအလုပ်ကို အမျိုးသမီးများ ရင်ပေါင်တန်း လုပ်ကိုင်လာနိုင်သည့် အခွင့်အရေးကို ကြိုဆိုရမည်ဖြစ်သည်။ အမျိုးသားယာဉ်မောင်းများသာမက အမျိုးသမီးယာဉ်မောင်းများဖြင့် ဝန်ဆောင်မှုပေးလာမည့်YBS စနစ် တိုးတက်အောင်မြင်ရေးတွင် အခြေခံကျသော ယာဉ်လုပ်သားတို့ဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးသည်လည်း အရေးပါမည်ပင်ဖြစ်သည်။ ။




## တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ "ဝ" ဘာသာ အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ "ဝ" ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကချင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်၌ ဒီဇင်ဘာ လူထု အားကစားလှုပ်ရှားမှု လမ်းလျှောက်ပွဲ ပြုလုပ်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်၍ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများပါဝင်၍ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုများကို အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအနေဖြင့် အပတ်စဉ် စနေနေ့များဖြစ်သည့် ဒီဇင်ဘာ ၂၊ ၉၊ ၁၆၊ ၂၃ နှင့် ၃၀ ရက်များတွင် နံနက် ၅ နာရီမှစတင်၍ နေပြည်တော် မြို့မဈေးစုရပ်မှ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အထိ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ဦးတည်လျက် အားကစားကို ပြည်သူလူထုအတွင်း စိတ်ပါဝင်စားစေရန်အတွက် လူထုအားကစားလှုပ်ရှားမှုများအား အစဉ်မပြတ် ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ဒီဇင်ဘာရောက်တိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်၍ လူထုအားကစားလှုပ်ရှားမှု လမ်းလျှောက်ပွဲများကို ကျင်းပလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# အင်တာနက်ကို အကျိုးရှိစွာ အသုံးချပြီး ICT နည်းပညာဖြင့် ဌာနနှင့် ပြည်နယ်အကျိုး တိုးတက်ဖွံ့ဖြိုးရေး လုပ်ဆောင်

**မြစ်ကြီးနား နိုဝင်ဘာ ၂၂**
"ကျွန်တော်တို့ Facebook နဲ့ပဲ သံသရာလည်နေလို့မရပါဘူး၊ Facebook ကိုလည်း အကျိုးရှိအောင် အသုံးပြုတတ်ဖို့လိုပါတယ်၊ ICT နည်းပညာနဲ့ အင်တာနက်ကနေ လိုချင်တဲ့ အချက်အလက်တွေကို ရှာဖွေနိုင်ရပါမယ်၊ ကိုယ်တိုင်တိုးတက်ဖို့၊ ဌာနတိုးတက်ဖို့၊ ပြည်နယ်တိုးတက်ဖို့အတွက် ရှာဖွေရရှိတဲ့ အချက်အလက်တွေကို အသုံးချနိုင်ရပါမယ်၊ အဲဒီလို e-Literacy rate မြင့်မားလာမယ်ဆိုရင် ဌာနတွင်း လုပ်ငန်းတွေ လုပ်ဆောင်ရာမှာ ပိုပြီး လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် လုပ်လာနိုင်မှာဖြစ်ပါတယ်"ဟု နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည့် ICT and Cyber Security Traininm သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က သင်တန်းဆင်းအမှာစကားတွင် ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက် အောင်မြင်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကာ သင်တန်းနည်းပြဆရာ ဦးအောင်ကိုကိုစောက နည်းပြများကိုယ်စားကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား နိုဝင်ဘာ ၁၄ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပေးကာ The Door Institute မှ တာဝန်ယူ၍ နည်းပြဆရာ ဦးရန်နောင်စိုးနှင့် တာဝန်ရှိသူများက e-Literacy rate နည်းပညာအသုံးပြုနည်း၊ တွေးခေါ်မြော်မြင်မှုနှင့် လေ့လာသုံးသပ်နိုင်မှုစွမ်းရည်၊ အသိပညာနှင့် သီအိုရီပိုင်းစသည့် Government to Employee အဆင့်တွင်ပါဝင်သည့် အခြေခံသိသင့်သောပညာရပ်များ၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတင်းအချက်အလက်များ မှန်ကန်ရေးနှင့် မပေါက်ကြားစေရေး၊ လုံခြုံရေးနည်းလမ်းများအား စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့သည်။ ဌာနဆိုင်ရာ ဝန်ထမ်း ၃၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

**ဦးလေးကြီး**

# သနပ်ပင်လမ်း တိုးချဲ့ခြင်းနှင့် ကမ္ဘောဇသာဒီနန်းတော်ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေး

**ပဲခူး နိုဝင်ဘာ ၂၂**
ပဲခူးမြို့အတွင်း လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သနပ်ပင်လမ်း နာရီစင်မီးပွိုင့်မှ စိန်သာလျောင်းဘုရားရှေ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကမ္ဘောဇသာဒီနန်းတော် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နိုင်ရန် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ပဲခူးမြို့အတွင်း လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သနပ်ပင်လမ်း နာရီစင် မီးပွိုင့်မှ စိန်သာလျောင်းဘုရားရှေ့ထိ ၄၈ ပေအကျယ် ကတ္တရာ ကွန်ကရစ်လေးလမ်းသွား တိုးချဲ့ဆောင်ရွက်နေမှုအား ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းကလည်းကောင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်း၊ ပလက်ဖောင်းတည်ဆောက်သွားမည့် လုပ်ငန်းအား ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ကလည်းကောင်း၊ လမ်းဘေးလျှပ်စစ်ဓာတ်တိုင်များ ပြန်လည်အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မည့်လုပ်ငန်းအား တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးလှထွန်းကလည်းကောင်း၊ လမ်းဘေးဝဲယာရှိ တယ်လီဖုန်းတိုင်များ၊ ကြိုးများနှင့် အင်တာနက်ဖိုက်ဘာဆက်ကြောင်းများအား စနစ်တကျပြန်လည်ပြင်ဆင်သွားမည့်လုပ်ငန်းအား ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးစိုးကလည်းကောင်း၊ ကမ္ဘောဇသာဒီနန်းတော်အတွင်း ထားရှိမည့် ခင်ခင်ကြီးရုပ်တုနှင့် ဆုပန်ကလျာ ရုပ်တုတို့ တည်ဆောက်မည့် မြေနေရာနှင့် နန်းတော်အတွင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းတို့က အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်နှင့် ခရီးသွားပြည်သူများ အချိန်နှောင့်နှေးကြန့်ကြာမှုမဖြစ်စေရန် လိုကြောင်း၊ လမ်းများအဆင့်မြှင့်တင်ရာတွင် မိုးရေချိန်၊ ရာသီဥတုနှင့် မြို့တွင်းရေထွက်ပေါက်စနစ်များကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း၊ သို့မှသာ လမ်းရေကျော်ခြင်း ပြဿနာ ကင်းရှင်းသွားနိုင်မည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများအား ပေအနက်ပြည့်မီစေရန်နှင့် နောင်တစ်ချိန် ပြန်လည်ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လွယ်ကူရိုးရှင်းသော ပုံစံဖြင့်တည်ဆောက်ရန်၊ လမ်းဘေးပလက်ဖောင်းများကိုလည်း စနစ်တကျ ဆောင်ရွက်ကြရန်၊ လျှပ်စစ်လမ်းမီးတိုင်များနှင့် တယ်လီဖုန်း အင်တာနက်ဖိုက်ဘာဆက်ကြောင်းများအား စနစ်တကျ ပြန်လည်တည်ဆောက်သွားရန်နှင့် ရေရှည်မြို့အင်္ဂါရပ်နှင့်အညီ၊ လမ်းအင်္ဂါရပ်နှင့်အညီ အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်က ကမ္ဘောဇသာဒီနန်းတော်အတွင်း ခင်ခင်ကြီးရုပ်တုနှင့် ဆုပန်ကလျာရုပ်တုတို့ တည်ဆောက်မည့် မြေနေရာနှင့်ပတ်သက်၍ နန်းတော်၏ ပင်မနောက်ခံ သမိုင်းကြောင်းနှင့် သဘာဝအမွေအနှစ်များ မထိခိုက်စေရန်ကိုလည်းကောင်း၊ နန်းတော်အတွင်း ပြန်လည်မွမ်းမံမည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုးယိုမှုမဖြစ်စေရန် အလွန်အရေးကြီးကြောင်း၊ မိုးယိုပါက အတွင်းမှ သစ်သားများ၊ ဆေးများပျက်စီးဆုံးရှုံးနိုင်မည်ကြောင်းနှင့် နန်းတော်ဧရိယာအတွင်း အများပြည်သူ အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုရာတွင် ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပဲခူးမြို့စည်ပင်သာယာကော်မတီဝင်များ လိုက်ပါခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# သမဝါယမ အသင်းစု လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**လပွတ္တာ နိုဝင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် သမဝါယမအသင်းစု အဌမအကြိမ်မြောက် Exim Bank ချေးငွေ ပြန်လည်ကောက်ခံရေး အကြိုညှိနှိုင်းအစည်းအဝေးကို လပွတ္တာမြို့နယ် သမဝါယမအသင်းစုခန်းမ၌ နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်အုန်းက ချေးငွေများ ပြန်လည်ကောက်ခံမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

သမဝါယမဦးစီးဌာနက သမဝါယမအသင်းစုများ ထူထောင်၍ ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် အသင်းသား ပြည်သူများသည် ပြင်ပမှ အတိုးကြီးပေး၍ ငွေချေးနေရခြင်း လတ်တလောသက်သာစေရန်၊ နောင် (၄၊ ၅)နှစ် ကြာသည့်အခါတွင် ပြင်ပမှငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာ ရပ်တည်နိုင်စေရန်နှင့် ယင်းမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေသို့ ရောက်ရှိစေရန် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**စန္ဒာကြည်(ခရိုင်ပြန်/ဆက်)**

# ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းသုံး ရေဆင်းတံတားတည်ဆောက်မှု ရာနှုန်းပြည့်နီးပါးပြီးစီး

**ကော့သောင်း နိုဝင်ဘာ ၂၂**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် ခရီးသွားလုပ်ငန်း တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရေး ခရီးသွားလုပ်ငန်းသုံး ရေဆင်းတံတားတစ်စင်း အဏ္ဏဝါရပ်ကွက် ဆိပ်ကမ်းသာလမ်း ဘုရင့်နောင်အငူအနီး တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်က သိရသည်။

အဆိုပါတံတားမှာ အကျယ် ၅၅ ပေ၊ အရှည် ၃၃ ပေ၊ အမြင့် ၁၇ ပေ သံကူကွန်ကရစ်အမျိုးအစား ရေဆင်းဘောတံတားအမျိုးအစားဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၃၃ သန်းသုံးစွဲကာ ကော့သောင်းခရိုင် လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Sgalacdicos Co., Ltd ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ရာ ပင်မကွန်ကရစ်ဆိပ်ခံတံတားကိုယ်ထည်လုပ်ငန်းများပြီးစီး၍ ခရီးသွားများ အန္တရာယ်ကင်းရှင်းရေး ပင်မတံတားပတ်လည် သံပိုက်လုံး လက်ရန်းအကာများ စနစ်တကျတပ်ဆင်မှုအပိုင်းအား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံနှင့်အဝှမ်း ခရီးသွားလုပ်ငန်းမျိုးစုံမှရရှိသည့် ဝင်ငွေသည် နိုင်ငံတော်အခွန်ဘဏ္ဍာအား မီးခိုးတိတ် စက်ရုံများသဖွယ် နှစ်စဉ်ဖြည့်ဆည်းလျက်ရှိရာ ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝကျွန်းများ၊ သဘာဝကမ်းခြေများ၊ ပင်လယ်ရေအောက် သက်ရှိသက်မဲ့သဘာဝအလှပများ၊ ပွင့်လင်းလာသည့် စီးပွားရေးစနစ်နှင့်အတူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ ရီဆော့များကြောင့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားကာ နှစ်စဉ် လာရောက်လည်ပတ်မှု များပြားလာပြီး ခရီးသွားများ ပင်လယ်ကျွန်းများဆီသို့ ဝင်ထွက်သွားလာမည့် ဆိပ်ခံတံတား လိုအပ်ချက်ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ရာ အဆိုပါဆိပ်ခံတံတားအား ပြည်တွင်း ခရီးသွားများ၊ ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်လည်ပတ်ကြမည့် ပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမည့် Speed Boat နှင့် အပျော်စီးသင်္ဘောများ ဆိုက်ကပ်ရပ်နားခြင်း ကိစ္စများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**





ay;ifwnfrU, fwif qnf&aomuf{u 40429 {u tm;jynfh a&ay;a0Ed&; JICA ODA LOAN pDrHudef 0uf;Dqnf&aomufpepf tqifhjrifhwifjcif;vkyfief; tm; qnf&a&½kH;ol;yfpfq;a&; Xmer S;uf xmufñTm;a&; rS;a'ta t;armfa'wkd arm f E;Sm0e f8Sr m;E lbm 21&ufu lunf hppfq;p0f wifpif;Zm(rifom;ud)

# မော်တာ အပ်ချုပ်စက်သင်တန်းဆင်းသူများအား စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများတွင် ချိတ်ဆက် ဆောင်ရွက်ပေး

**ဘားအံ နိုဝင်ဘာ ၂၂**
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးလက်နေ ပြည်သူများ လက်မှုပညာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်နှင့်မြို့ပြကွာဟမှု ကျဉ်းမြောင်းလာစေရန်အတွက်ရည်ရွယ်၍ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် အခြေခံမော်တာအပ်ချုပ်စက်သင်တန်း (၁/၂၀၁၇) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ယနေ့အခြေခံစက်ချုပ်သင်တန်းကို တက်ရောက်သည့် သင်တန်းသူများအနေဖြင့် မိသားစုဝင်ငွေရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ရင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးများတွင်လည်း ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကရင်ပြည်နယ် အတွင်းရှိ ဘားအံမြို့နယ် ကျေးရွာ ၁၃ ရွာမှ သင်တန်းသူ ၃၃ ဦး၊ ပိုင်ကျုံမြို့ ကျေးရွာတစ်ရွာမှ သင်တန်းသူသုံးဦး စုစုပေါင်း သင်တန်းသူ ၃၆ ဦးတို့သည် အောက်တိုဘာ ၁၆ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ စက်နင်းလေ့ကျင့်ခြင်း၊ အခြေခံစက်ချုပ်ရိုးများ လေ့ကျင့်ခြင်း၊ ပေကြိုးပေတံ အခေါ်အဝေါ်နှင့် ကိုယ်တိုင်းနည်းများသင်ကြားပေးခြင်း၊ ရှပ်အင်္ကျီ၊ ဘောင်းဘီ၊ ကလေးဝတ်ဂါဝန်၊ မိန်းမဝတ်ရင်ဖုံးအင်္ကျီ၊ စကတ်ထဘီ၊ လေးလွှာစကတ်ချုပ်နည်းများကို မော်တာအပ်ချုပ်စက်များဖြင့် သင်ကြားပေးခဲ့ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် သင်တန်းဆင်းသူများအနက် လုပ်ကိုင်လိုသူများအား ဘားအံစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများနှင့် ချိတ်ဆက်ပေးကာ အလုပ်အကိုင်အခွင့်အလမ်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

စာမျက်နှာ ၁၅ မှ

၁၈။ မည်သူမျှ -

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း၊ ဖျက်ဆီးခြင်းများမပြုရ။

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၉။ မည်သူမျှလိုင်စင်မရှိသည့်ယမ်းတိုက်တွင် -

(က) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံသိုလှောင်ခြင်း မပြုရ။

(ခ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို အပ်နှံသိုလှောင်ခြင်း မပြုရ။

၂၀။ လိုင်စင်ရရှိသူ မည်သူမျှ -

(က) ဝန်ကြီးဌာနက ထုတ်ပေးသော လိုင်စင်ပါ ခွင့်ပြုပမာဏထက် ပိုမိုသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံသိုလှောင်ခြင်း မပြုရ။

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ပါ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကြောင့် တစ်ခုခုဖြစ်ပွားပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခြင်းနှင့် စစ်ဆေးရေးအရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခြင်းပြုရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အချိန်တွင် သက်တမ်းတိုးမြှင့်ခြင်းမရှိဘဲ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဆက်လက်သိုလှောင်ခြင်း မပြုရ။

**အခန်း (၇)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သိန်း၃၀ ထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သိန်း၃၀ ထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ကျပ်သိန်း၃၀ ထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို တားမြစ်ချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံကျူးလွန်သော ပြစ်မှုတွင် ပြဋ္ဌာန်းထားသော အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

၂၆။ မည်သူမဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် သွေးဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည်။

**အခန်း (၈)**

**အထွေထွေ**

၂၇။ စစ်ဆေးရေးအရာရှိချုပ်သည်ဤဥပဒေအရကောက်ခံရန်ရှိသောအခကြေးငွေကိုပေးဆောင်ရန် ပျက်ကွက်သူအား ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၂၈။ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များသည် ကာကွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်နေသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ယမ်းတိုက်များ၊ အဆောက်အအုံများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည်နည်းဥပဒေများ၊စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ The Explosives Act, 1884 အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၁။ The Explosives Act, 1884ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ကယားပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့ လွိုင်ကော် – မိုးဗြဲ – ဖယ်ခုံ ရေကြောင်းလမ်းခရီးစဉ် အဆင်ပြေစေရေးကြည့်ရှုစစ်ဆေး



**လွိုင်ကော် နိုဝင်ဘာ ၂၂**

ကယားပြည်နယ်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား ပိုမိုဆွဲဆောင်နိုင်စေရန်အတွက် ခရီးစဉ်အသစ်များ ဖော်ထုတ်ခြင်းနှင့် လက်ရှိခရီးစဉ်ဒေသများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခင်က မိုးဗြဲဆည် ရေတံခါးကြံ့ခိုင်မှု အခြေအနေများကြောင့် အဖွင့်အပိတ်ပြုလုပ်ခြင်းကို ဆောင်ရွက်ခြင်းမပြုနိုင်ဘဲ ရပ်ဆိုင်းထားခဲ့ရပြီး ယခုအခါ မိုးဗြဲရေတံခါး အဖွင့်အပိတ်ပြုလုပ်ပြီး အင်းလေးဒေသမှတစ်ဆင့် ခရီးသွားဧည့်သည်များ ကယားပြည်နယ် လွိုင်ကော်မြို့သို့ စက်လှေဖြင့်ဝင်ရောက်သည့် ခရီးစဉ် အသစ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် မိုးဗြဲရေကာတာ ရေတံခါးအား အဖွင့်-အပိတ် ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ခရီးစဉ်အသစ်တစ်ခုအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒု ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့်အတူ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက မိုးဗြဲရေကာတာ ရေတံခါးအဖွင့်အပိတ်ဆောင်ရွက်မှု၊ စက်လှေများ ဖြတ်သန်းသွားလာနိုင်ရေးဆောင်ရွက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖယ်ခုံ သတင်းနှင့်ပြန်ကြားရေးကောင်တာတွင် information center ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ ခရီးသွားလုပ်ငန်း အထောက်အကူပြုစေရေးအတွက် ဝန်ဆောင်ပေးနေမှု၊ ဖယ်ခုံမှတစ်ဆင့် အင်းလေးအထိ လေးနာရီခန့် ရေလမ်းကြောင်းဖြင့် သွားရောက်လည်ပတ်နိုင်ပြီး လွိုင်ကော်ခရီးစဉ်ဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုလေ့လာကြသည်။

သို့ဖြစ်ရာ ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်ခြေရှိသည့် ခရီးစဉ်များအား ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံလျက်ရှိရာ ယခုဖော်ဆောင်မည့် ဖယ်ခုံ-မိုးဗြဲရေတံခါး- လွိုင်ကော် စက်လှေလမ်းကြောင်း ခရီးစဉ်အား ခရီးသွားဧည့်သည်များ၏ လုံခြုံရေးနှင့် ခရီးစဉ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား ရေရှည်အစီအမံများ ချမှတ်နိုင်ရေးအတွက် အကောင်းဆုံး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

wkdkUDW, DukMU
awmifjYSu;&m tru
rlvefuSmifjEdkifbm
19&ufrefv 12em&D
wifDukd,fjr&pcefrS
&tjkbefEdkU ouf,f
rkdrlyaymuf&;rcif
toynmay;aq;aE;y
jyvyfcm&yfuufjyf
a&;rSOpbefESynfbl
1050Def vuf&mufh
alumifotonf (၁၁၈)



## သူငယ်ချင်းနှစ်ယောက်ထုဆစ်သော . . .

စာမျက်နှာ၁၈မှ

ထိုအခါ ဘကြီးအောင်၏ အိမ်တွင် ဧည့်စိမ်းတစ်ယောက်ကိုတွေ့၍ မောင်ချစ်ကလေး ကိုယ်ရှိန်သတ်လိုက်ပြီး ဦးထုပ်၊ မျက်မှန်၊ ဆေးတံနှင့် ခြောက်လုံးပြူးခါးကြားထိုးသော ဧည့်စိမ်းအရာရှိက ဘယ့်နှယ်လဲ ဒီ မင်းသမီးရုပ်ကလေးကို ကျုပ်ပြောတဲ့ဈေးနဲ့ပေးမယ် မဟုတ်လား၊ ဒီရွာမှာ ဒီအရုပ်နဲ့တန်တဲ့ အိမ်မရှိပါဘူးဟု ဧည့်စိမ်းကပြောရာ ဘကြီးအောင်က မှန်ပါ ဝန်ထောက်မင်းကို အလကားတောင်ပေးရမှာပါ သို့ပေမယ့် အချောသပ်ပါရစေဦး လေးငါးရက်ဆိုင်းပြီး ဝန်ထောက်မင်းထံကိုယ်တိုင် လာပို့ပေးပါ့မယ်ဟု ဘကြီးအောင်ပြောသံကို မောင်ချစ်ကြားရတော့သည်။

**အမှတ်တရသရုပ်ဖော်ရေးဆွဲ**

ဘကြီးအောင်နှင့် ဧည့်စိမ်းဝန်ထောက်တို့ စကားကြားရပြီး မောင်ချစ်၏ အသည်းနှလုံးတွေကွဲထွက်မတတ် ခံစားရပြီး ဆင်စွယ်ရုပ်ကလေးကို အတင်းဝင်လုပြေးချင် စိတ်တွေ ပေါက်လာသည်။ ခြောက်လုံးပြူးပိုင်ရှင် ဝန်ထောက်မင်းဆိုသူကိုလည်း ကြောက်ရ၍ မျက်ရည်စက်လက်နှင့် မောင်ချစ်ထွက်ပြေးခဲ့ရသည်။ စိတ်ဆင်းရဲ ဒဏ်ကို မခံနိုင်။

ဆင်စွယ် ယမင်းရုပ်ကလေးကို မြို့တက်ပြီး ဝန်ထောက်မင်းထံဆက်သပြီး ပြန်အလာမောင်ချစ်ကလေး၏ အိမ်တွင် လူတွေစုရုံးစုရုံးဖြစ်နေသည်ကိုမြင်၍ ဘကြီးအောင် သတင်းဝင်မေးသည်။ မောင်ချစ်ဖခင် ဦးဖိုးငွေက ဘာရောဂါမှန်းတော့မသိဘူး။ သူစုထားတဲ့ငွေ ငါးမူးနှစ်ပြားကို သူ့ဆရာတော်ကို လှူလိုက်ပါလို့မှာပြီး၊ ဘကြီးအောင်ညာတယ်၊ ဘကြီးအောင်ညာတယ်။ မပီတပီပြောပြီး အသက်ထွက်သွားတာပဲဟု ရှင်းပြသည်။


ဘကြီးအောင်သည် အကြောင်းရင်းကို ရိပ်မိသူဖြစ်၍ သူ့မျက်နှာကို မပြရဲတော့ဘဲ ပြန်သွားလေတော့သည်။ ဆရာကြီး ဦးဘကြည်သည် သူ့သူငယ်ချင်း ဆရာမင်းသုဝဏ်၏ ဘကြီးအောင်ညာတယ်၏ နာမည်ကြီးဝတ္ထုက စာပေမြတ်နိုးသောကလေး၊ လူကြီးမကျန် လေ့လာနိုင်ရန် ရုပ်ပြပန်းချီပညာဖြင့် ရသမြောက်အောင် အမှတ်တရသရုပ်ဖော်ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ အတွဲ (၁)၊ အမှတ် (၁) ထုတ်ဝေခဲ့သော "လှပ" စာစောင်တွင် သူ့သူငယ်ချင်း ဆရာမင်းသုဝဏ်ကို ဂုဏ်ပြုသောအားဖြင့် နာမည်ကြီး ဘကြီးအောင်ညာတယ် ဝတ္ထုကိုကလေး၊ လူငယ်များပါ ဖတ်မှတ်နိုင်စေရန် စေတနာဖြင့် သရုပ်ဖော်ခဲ့ခြင်း ဖြစ်သည်ဟု ဆရာကြီး ဦးဘကြည်က ပြောပြခဲ့ပါသည်။

**ဆုတောင်းကဗျာလေးရေးစပ်**

"ပန်" ရုပ်စုံ မဂ္ဂဇင်းနှင့် "လှပ" ရုပ်ပြစာစောင်ကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ စည်းရုံးရေးကော်မတီဘဝမှ စတင်ထုတ်ဝေခဲ့ရာ နောင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ခေတ်တစ်လျှောက်လုံး အောင်မြင်စွာ ထုတ်ဝေခဲ့ပါသည်။ ဦးသောင်းဟန် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးကျွန်တော်တို့ လက်ထက်တစ်လျှောက်လုံး "ပန်" နှင့် "လှပ"ကို အရှိန်အဟုန်မပြတ် ထုတ်ဝေခဲ့ရာတွင် တိမ်မြုပ်ပျောက်ကွယ်လုမတတ် ပန်းဆယ်မျိုးပညာရပ်သမိုင်းများကိုပါ ထည့်သွင်းဖော်ပြရာ စာပေလောကတွင် ထင်ရှားသော မဂ္ဂင်းအဖြစ် ရပ်တည်ခဲ့ပါသည်။

ဆရာကြီး မင်းသုဝဏ်သည် ပန်းချီဆရာကြီး ဦးဘကြည်ထက် သုံးနှစ်ကြီးသော်လည်း ဆရာကြီး ဦးဘကြည် က အသက် (၈၄) နှစ်အရွယ် ၂၀၀၀ ပြည့်နှစ်၊ ဧပြီ ၁၅ ရက်နေ့က လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။ ဆရာ ကြီး မင်းသုဝဏ်က သူ့သူငယ်ချင်း ပန်းချီကျော်သို့ ရည်စူးပြီး အောက်ပါဆုတောင်းကဗျာလေးရေးစပ်ခဲ့ပါသည်။




ဆရာကြီး မင်းသုဝဏ်က ဆရာကြီး ဦးဘကြည် ကွယ်လွန်ပြီး (၄)နှစ်အကြာ ၂၀၀၄ ခု၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပါသည်။ ဘကြီးအောင်ညာတယ် ဝတ္ထုကို ထုဆစ်သော အနုပညာရှင်ကြီး နှစ်ဦးကို သတိရလွမ်းဆွတ်ရင်း နတ်ပြည်ခြောက်ထပ်ရောက် ဆရာကြီး နှစ်ပါးကို ဤဆောင်းပါးဖြင့် ရိုသေစွာ ပူဇော်ကန်တော့ပါသည်။ ။

**စာကိုး** **၁။ ဆရာဒလဘန်း၏ အဘဘဝ၊ အဘအကြောင်း တစေ့တစောင်း**

**၂။ မင်းသုဝဏ်၏ လက်ရာစုံ မင်းသုဝဏ်**

**၃။ လှပရုပ်စုံစာစောင် အတွဲ ၁၊ အမှတ် ၁ (၂. ၁၁. ၈၃)**


mazda
SKYACTIV TECHNOLOGY
ALL NEW MAZDA CX-9 WITH SKYACTIV TECHNOLOGY
(ENJOY A SPECIAL PROMOTION UP TO DISCOUNT US$ 8,000)
EVENT DAY : NOVEMBER 24 - 26 (FRI,SAT & SUN)
LOCATION : CITY MALL ST.JOHN
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်သိန်း
### အသက်(၇၅)နှစ်
### (DSAအမှတ်စဉ် ၈/၉) ဗိုလ်လောင်းအမှတ်(၃၅၁)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁)လမ်း၊အမှတ်(၅၈)နေ ဒေါက်တာစုစုံအောင်သိန်း၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်းသည် ၂၀-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀း၂၀ နာရီတွင် ၎င်း၏ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**DSA 9th Intake မှ**
**သူငယ်ချင်းများ**

---

## (၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### မိခင်ကြီး ဒေါ်ယဉ်နု
#### သိန်းသန်းဦးပုံနှိပ်တိုက်

ကျေးဇူးရှင်မေမေ ခွဲခွာသွားတာ (၄)နှစ်ပြည့်ပြီနော်၊ သားသမီးအပေါ်၊ ခင်ပွန်းအပေါ် တာဝန်ကျေတယ်အမေ။ သားသမီးပူဆာသမျှ မငြူစူဘဲ အမြဲတမ်း အတတ်နိုင်ဆုံးဖြည့်ဆည်းပေးတဲ့မေမေ။ မလုပ်ပေးနိုင်ရင်တောင် အားနာစိတ်၊ သနားစိတ်နဲ့ သားသမီးကို ရှင်းပြတဲ့မေမေ။ လတိုင်း၊ နှစ်တိုင်း မေမေ့အတွက် ရည်စူးပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုအစုစုကို မေမေကြားပါစေ၊ ရပါစေ၊ သာဓုခေါ်နိုင်ပါစေ မေမေ။

**ခင်ပွန်း**
**သား၊ သမီး၊ မြေးတစ်စု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### အင်ဘွန်တွမ်(ခ)ဒေါ်သန်း
### အသက်(၈၉)နှစ်

သူငယ်ချင်း Dr.ခင်အောင်- Dr.ခင်မာအုန်းတို့၏ ချစ်လှစွာသောမိခင် သည် ၇-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**26th Batch B.D.S**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဟန်ငြိမ်း
#### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပဲခူးတိုင်းဥပဒေအရာရှိ
#### B.A (Law), LL.B 8th Batch
#### အသက် (၆၅) နှစ်

သူငယ်ချင်းဟန်ငြိမ်း (၁၀-၁၁-၂၀၁၇) ရက်နေ့တွင် မော်လမြိုင်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်အတူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**B.A (Law), LL.B 8th Batch သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းနိုင်ဦး
### အသက် (၄၀)
#### တာဝန်ခံကိုယ်စားလှယ်
#### မြန်မာသူရကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

၂၀-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လောင်ဗျစ်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်**

---

### ဦးသန်းထွန်းအောင်
### အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လေဆိပ်ရိပ်သာလမ်း၊ အမှတ်(၁၅)နေ (ဦးစိန်မြင့်)-ဒေါ်ဟေလ်ဒါတို့၏သားကြီး၊ ဒေါ်စန်းဝင်း၏ခင်ပွန်း၊ ကိုစိန်လွင်အောင်-မမေမျိုးဟန်၊ ဗိုလ်ကြီးမော်လွင်အောင်-မအေးသီရိထွန်းတို့၏ ဖခင်၊ ကိုစိန်မင်းအောင်၊ ကိုစိန်လင်းအောင်-မနန်စီ၊ (ကိုစိန်မောင်မောင်)၊ မခင်စန္ဒာအေးတို့၏အစ်ကိုကြီး၊ မမေစစ်အေးအောင်၊ မမေစုစန်အောင်တို့၏ အဘိုးသည် ၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၆နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးထိန်မင်း
#### ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား)
### အသက်(၄၇)နှစ်

ညောင်လေးပင်မြို့နေ (ဦးစိုးအောင်-ဒေါ်ခင်ရီ)တို့၏ သား၊ ဦးမောင်ခိုင်-ဒေါ်ဝင်းဝင်းရီ၊ မန္တလေးမြို့နေ ဦးကျော်ထွန်း-ဒေါ်အေးအေးနိုင်၊ ဦးဆန်းထွန်း (နေပြည်တော်-သတင်းစာတိုက်)-ဒေါ်အေးအေးမော်၊ ဦးရဲမင်းလတ်-ဒေါ်ဖြူဖြူထွေးတို့၏အစ်ကို၊ ဒေါ်ဝါဝါဦး၏ခင်ပွန်း ဦးထိန်မင်း (ကိုယ်ပွားသတင်းစာတိုက်-မြစ်ကြီးနား)သည် ၂၂-၁၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော် သတင်းစာတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေ အပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

#### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးထွန်းလှိုင်(မဲဇလီရွာမ) အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မဲဇလီရွာမကျေးရွာနေ (ဦးထွန်းငွေ-ဒေါ်ကျင်ရှိန်)တို့၏ သား၊ အမှတ်(၃၄)၊ ဈေးကလေး (၄)လမ်း၊ ကြည့်မြင်တိုင်နေ ဒေါ်သန်း၏ခင်ပွန်း၊ ဦးချစ်ညွန့်-ဒေါ်ခင်မြိုင် (အလပြ-ငြိမ်း)၊ ဒေါ်စိန်စိန်မြင့်၊ ဦးညွန့်လွင်-ဒေါ်ငွေငွေလှိုင်(အာမခံ-ငြိမ်း)၊ ဒေါ်ခင်မိုးနှင်း(မုဒုံ စည်ပင်)၊ ဦးဇော်မင်းထွန်း-ဒေါ်နီလာဝင်း၊ (ဒုရဲအုပ်မင်းအောင်ထွန်း)၊ ဦးကျော်လင်းထွန်း(ကျန်းမာရေးမှူး)-ဒေါ်ခိုင်ဇာဘို၊ ကိုအောင်မျိုးထွန်း-မချောစုသီဂီဝင်း၊ ကိုရဲမင်းထွန်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဘုန်းမြင့်နိုင်၊ မမိုးပွင့်ဖြူ၊ မမျိုးနေခြည်ခင်၊ မသံစဉ်လင်းသန့်၊ မောင်ဟိန်းဇာနည်ထွန်းတို့၏ဘိုးဘိုးကြီး ဦးထွန်းလှိုင်သည် ၂၂-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမော် အသက် (၉၀)
#### (ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု၊ စားကုန်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ (၂)လမ်း၊ အမှတ် (၁၂၉၅)နေ [ဒေါ်တင်တင်ကြည်(ကံကံမန္တလေး)]၏ ခင်ပွန်း၊ ဗိုလ်မှူးကြီးအောင်ငွေဦး(ငြိမ်း) (အုပ်ချုပ်မှုဒါရိုက်တာ၊ အင်းဝဘဏ် လီမိတက်)-ဒေါ်ချိုချိုမော်၊ (ဦးရဲဟိန်း)-ဒေါ်ကြည်ကြည်မော်(ကထိက၊ အင်္ဂလိပ်စာဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးထွန်းထွန်းမော်၊ ဦးကျော်စိုးမော်-ဒေါ်ခင်ထွေးရွှေတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်မျိုးဦး အသက်(၅၀)

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နေ (ဦးလှထွန်း-ဒေါ်အေးမြင့်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကောက်လျင် (၁)လမ်း၊ တိုက် (၁၅၆/၂)နေ (ဦးဝင်းတင်-ဒေါ်သန်းရီ)တို့၏သားသမက်၊ ဒေါ်စိုးစိုးဝင်း (အထက-၃၊ သဃ်န်းကျွန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ငြိမ်းထက် (Goshu-A1 Eco business Co., Ltd.)-မမြတ်သွယ်ငြိမ်း(Royal Aqua Star Co., Ltd.)၊ မအေးချမ်းသီရိ (အထက၊ သုဝဏ္ဏ၊ Grade-9-A)တို့၏ဖခင်၊ မောင်ဘုန်းပြည့်စုံ၏အဘိုး ဦးအောင်မျိုးဦးသည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၄ နာရီတွင် လပွတ္တာမြို့၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်နု(သံပုရာချောင်း)
### အသက် (၈၈)နှစ်

တိုက် (၈)၊ အခန်း (၁)၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မို့မို့၊ ဒေါ်နွဲ့နွဲ့ရီ (အလက-၁၊ ဒဂုံ၊ငြိမ်း)တို့၏အဒေါ်၊ ကိုပြည့်စုံထွန်း၊ ကိုရဲဇော်မင်းတို့၏အဘွား ဒေါ်နုသည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၁၇ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

#### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်သန်းသန်းဝင်း (၈၃)နှစ်
#### လက်ထောက်ကထိက(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၃၈)၊ စေတနာသုခလမ်းနေ (ဦးမောင်ကြီး-ဒေါ်စိမ်းရွှေ)တို့၏ သမီးလတ်၊ ဦးအောင်သန်း(စားဖျော်-ငြိမ်း)၏ဇနီး၊ (ဦးသိန်းညွန့်)-ဒေါ်သန်းသန်းစိန် (ဆောက်/လျှပ်-ငြိမ်း)တို့၏ ညီမ၊ ဦးမျိုးမင်း(မိုးဇလ-ငြိမ်း)-ဒေါ်ခင်မူ(ဆေးနှင့်ဆေးပစ္စည်း-ငြိမ်း)၊ (ဦးသောင်းလှိုင်)-ဒေါ်မြင့်မြင့်ခင်(CB Bank-ငြိမ်း)တို့၏အစ်မ၊ ဦးမြတ်သူ-ဒေါ်ဇင်မာမြင့် (ခေတ္တ-စင်ကာပူ)၊ (မမြတ်သင်းနွယ်)၊ ဦးမျိုးကျော်-ဒေါ်ချောစုစုဝင်း(ခေတ္တ-စင်ကာပူ)၊ ဒေါ်အေးအေးမြင့် (ခေတ္တ-စင်ကာပူ)၊ ဦးဖြိုးအောင်သန်း-ဒေါ်အေးစုကိုကို (ခေတ္တ-စင်ကာပူ)တို့၏ မွေးသမိခင်၊ မောင်ညီထက်အောင်၊ မောင်မြင့်မြတ်သာ၊ မောင်ရဲရင့်မျိုး၊ မောင်ထက်မြတ်အောင်၊ မမေမြင့်မိုရ်ဖြိုး၊ မအိန်သဒ္ဒါဖြိုးတို့၏ ချစ်လှစွာသော အဘွားသည် ၂၁-၁၁-၂၀၁၇(အင်္ဂါနေ့) ည ၁၀း၂၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

#### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
### ဦးလှမော် (၈၃)နှစ်
#### ဒု/လ-ထ ညွှန်မှူး(ငြိမ်း)၊ ရေနံဓာတု (သယ်/ပို့) (P.I.C)
#### တပ်မတော်-ရေ ငြိမ်း-ကပ/၄၉၉၇

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်၊ အမှတ်(A-3)နေ (ဦးကျော်သိန်း-ဒေါ်လှရင်)တို့၏သား၊ (ဦးလှမောင်)၊ (ဦးအောင်လှကျော်)တို့၏ ညီ၊ (ဦးထွန်းလှ-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်ခင်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမော်ဦး-ဒေါ်မြင့်မြင့်သိန်း၊ ဦးဝင်းမော်-ဒေါ်ဝင်းမေ၊ ဦးသက်မော်-ဒေါ်ဆွေဆွေမျိုး၊ ဦးစောဟိန်း-(ဒေါ်ခင်စန္ဒာမော်)၊ ဦးသူရမော်-ဒေါ်သန်းသန်းငွေ၊ ဦးသီဟမော်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေး ၁၂ ယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ သိရှိနိုင်ရန် အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးကွမ်းရှင်(ခ)ဦးစက်တင်
### အသက်(၆၇)နှစ်
#### မန္တလေးဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် သချာျကျောင်းသားဟောင်း
#### နဝရတ်မိသားစု
#### မိုးတားကျေးရွာ၊ ကသာမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မိုးတားကျေးရွာနေ (ဦးလောရိုး-ဒေါ်ညွန့်)တို့၏ သား၊ ဦးမျိုးအေး၊ (ဒေါ်မြရီ)၊ ဒေါ်မြကြည်၊ ဦးစက်ရှင်တို့၏ ညီ/မောင်၊ (ဒေါ်မြင့်မြင့်ကြည်)၊ ဦးထွန်းအောင်ကျော်၊ ဦးဆွေမြင့်တို့၏ အစ်ကို၊ ဦးသက်အောင်စိုး-ဒေါ်မွန်မွန်ဆွေ၊ ဦးသက်အောင်ဖြိုး-ဒေါ်ခင်ခင်သိုက်တို့၏ ချစ်လှစွာသောဖခင်သည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄း၃၅ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေလမင်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဦးသောင်းဟန်
### အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ အမှတ်(၅၆၁)၊ လုပ်သားလမ်းနေ ဦးလှမြင့် (ကြေးမုံသတင်းစာတိုက်-ငြိမ်း)-ဒေါ်စန်းစန်းတို့၏သား၊ ဦးကျော်စိန်-ဒေါ်ဝင်းကြည်တို့၏ သားသမက်၊ ဦးမောင်မောင်သောင်း-ဒေါ်စန်းစန်းဦး၊ ဦးဝင်းမြင့်-ဒေါ်ငွေငွေဦး၊ ဦးခင်မောင်တင့်-ဒေါ်တင်တင်ဦး၊ (ဒေါ်ကြည်ကြည်စိန်)တို့၏ ညီ/မောင်၊ ဒေါ်အေးသီတာကျော်၏ ခင်ပွန်း၊ မောင်အောင်ဇော်မင်း၊ မသက်ထားဆွေတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မောင်သန်းမြ(ခ)ဖုန်းနိုင်လင်း(ခ)
### မောင်မောင် (၃၄)နှစ်
#### B.Sc (Chemistry)
#### ကျောက်တော်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (၇/B)လမ်းတိုက်(၂၁)၊ အခန်း(၁၀၄)၊ ပထမထပ်နေ ဦးထွန်းလင်း (သ/မ ဦးစီးမှူး-ငြိမ်း၊ မြို့နယ် လဝစ ဥက္ကဋ္ဌ-ငြိမ်း)၊ ဒေါ်ဝေးစိန်တို့၏ချစ်လှစွာသောသားထွေး၊ ဦးသိန်းထွန်းအေး-ဒေါ်ဝေဝေလင်း(ဒုတိုင်းရင်းဆေးရုံအုပ်၊ စစ်တွေ)၊ ဦးကျော်ကျော် (TSE Co., Ltd)-ဒေါက်တာနိုင်နိုင်လင်း(ဆေး-၁၊ ရန်ကုန်)၊ ဒေါ်စန္ဒာလင်း (ကထိက၊ နည်းပညာတက္ကသိုလ်၊ စစ်တွေ၊ ခေတ္တ-တရုတ်နိုင်ငံ)တို့၏ ချစ်လှစွာသောမောင်၊ မောင်သန်းဟိန်းစိုး၊ မောင်ညဏ်အောင်လင်းတို့၏ ဦးလေးသည် ၁၉-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ထိုင်းနိုင်ငံ Hat Yai မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၇ (တနင်္လာနေ့) တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မောင်ဒီပ
### အသက် (၃၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ စံပြရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၃၂၅)နေ (ဦးသင်းထွဋ်)-ဒေါ်မြမြဝင်း (အထက-၂၊ ကျောက်ပန်းတောင်း)တို့၏ ချစ်လှစွာသောသားငယ်၊ ဒုရဲအုပ်သီဟဂျမ်း၊ ဒေါ်မေခ(ငွေးကုန်း-မူလတန်းလွန်ကျောင်း)တို့၏ ချစ်လှစွာသော ညီ/မောင် ဒီပသည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့)တွင် ကျောက်ပန်းတောင်းမြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### မောင်ဒီပ
### အသက် (၃၁)နှစ်

(မြို့မထိပ်တင်ဆန်း)၊ ဦးရဲဝင်း-ဒေါ်မြမြကြည်၊ ဦးရဲထွဋ်-ဒေါ်ဆွေဆွေ၊ (ဒေါ်ခင်ခင်ဂျမ်း)၊ ဒေါ်ခင်ခင်ယု၊ ဒေါ်မိမိသက် (ဆက်သွယ်ရေး၊ နေပြည်တော်)၊ ဦးရေဝတ၊ ဦးဝိစိတ္တ(ငွေကြာယံကျောင်း)၊ ဦးမြင့်ဆွေ-ဒေါ်မြစိန်၊ ဦးတင်စိုး-ဒေါ်ခင်ဝင်းဆွေ၊ ဦးတင်မျိုး-ဒေါ်ခင်မျိုးညွန့်၊ ဦးလှသွင်-ဒေါ်ချိုချိုအေး၊ ဦးထွန်းဝေ-ဒေါ်ယုယုတို့၏ ချစ်လှစွာသောတူ မောင်ဒီပသည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ကျောက်ပန်းတောင်းမြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

#### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ နန္ဒဝံသ
### သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၆)နှစ်
#### သုန္ဒရာရာမဘုရားကြီးကျောင်းတိုက်၊ ထုံးကြီးကျေးရွာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ထုံးကြီးကျေးရွာ၊ ဧဝန်းပဝါရဏာနိကာယဂိုဏ်းကြီး၏ ဂိုဏ်းချုပ်၊ သုန္ဒရာရာမဘုရားကြီးကျောင်းတိုက်၏ဦးစီးပဓာနနာယကဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒဝံသ သိက္ခာတော် (၆၇)ဝါ၊ သက်တော် (၈၆)နှစ်သည် (၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)၊ ၁၃-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်) ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)တွင် စံကျောင်းတော်ချပူဇာသဘင်အခမ်း အနားကျင်းပမည်ဖြစ်ပြီး (၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) ၂၁-၁-၂၀၁၈(တနင်္ဂနွေနေ့)တွင် အဂ္ဂိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

---

#### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ရွှေဟသ်ာဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ
### သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ရှမ်းခေါင်မဲအုပ်စု၊ ဥသျှစ်ကုန်းကျေးရွာဇာတိနေ (ခမည်းတော်ဦးဖြူသီ-မယ်တော်ဒေါ်ရွှေမိ)တို့၏ သားလတ်ရတနာ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြကျွန်းသာကျောင်းဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ၏ ညီတော်၊ မာရ်အောင်ကျောင်းတိုက်၊ မြို့ဦးကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒာဝရ၏ နောင်တော်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ မာရ်အောင်ကျောင်းတိုက်၊ ရွှေဟသ်ာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန၊ နာယကဆရာတော် ဘဒ္ဒန္တပညာဝံသသည် (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်)၊ ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၄း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ဆေးတက္ကသိုလ်-၂သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။ (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၉ရက်) ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့)တွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ
ဒါယကာ၊ ဒါယိကာမများ

---

### ဒေါ်အသွဲ့(ခ)ဒေါ်သန်းတင့် အသက်(၉၀)
#### စလင်းမြို့၊ အထက(၁) ကန်တော့ခံဆရာမကြီး

စလင်းမြို့၊ မြင်တင်ရပ်၊ ပန်းတိမ်တန်းလမ်းနေ (ဦးမြစ်-ဒေါ်ပု)တို့၏ သမီး၊ (ဦးဖိုးသစ်-ဒေါ်မြိုင်)တို့၏သမီးချွေးမ၊ (ဦးရှိန်)၏ဇနီး၊ [ဒေါ်အလှဲ့ (မြို့နယ်ပညာရေးမှူး၊ စလင်း)]၊ [ဦးကြည် (AE-ငြိမ်း၊ ပဆင)-ဒေါ်ညိုညို]တို့၏အစ်မ၊ ဒေါ်ခင်မျိုးချစ် (အထပြ-ငြိမ်း၊ ထ-၁၊ စလင်း)၊ ဦးမောင်ပို-ဒေါ်တင့်တင့်ဆွေ (ကျောင်းအုပ်ကြီး-ငြိမ်း၊ ထ-၁၊ ကျောက်ဆည်)၊ ဦးအေးမောင် (ဒု-ညွှန်မှူး၊ စက်မှု-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်စုစုနှင်း၊ ပါမောက္ခ ဦးမန်းတင့်မော်(ငြိမ်း၊ မုံရွာတက္ကသိုလ်)-ဒေါ်ဝင်းဝင်းသန်း၊ ဦးလင်းသက်မော်-ဒေါ်ကြည်ကြည်စိန်၊ ဦးအောင်ခန့်မော် (AE စက်မှုတိုင်း-၂၊ မိတ္ထီလာ)-ဒေါ်ဝါဝါခိုင်၊ ဒေါ်နီလာမော် (လ/ထ ညွှန်မှူး၊ စိုက်ပျိုးရေးဦးစီးရုံးချုပ်၊ နေပြည်တော်)၊ ဒေါ်သီဂီမော်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏အဘွား၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၂-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် စေတီလှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်မြင့်မြင့်အေး(Daisy Pu)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ (၇/A-1)၊ အေးသာယာလမ်း၊ ဘောက်ထော်၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်နေ [နန်းရင်းဝန်ဟောင်းဦးပု(ဖေ-ပု-ရှိန်)-ဒေါ်ဖွားရင်]တို့၏ သမီးထွေး၊ (ဦးရှုမောင်-ဒေါ်အုံးရီ)၊ (ဦးခင်ညွန့်)၊ (ဒေါ်အမာ-ဦးကိုကြီး)၊ [ဦးအောင်ကြီး(အပါ)-ဒေါ်မော်လီ]တို့၏ညီမ၊ [ဦးသန်းမောင်(လွှန်းတိုက်၊ ရွှေတောင်)]၏ဇနီး၊ ဦးလှမြင့်သန်း(လ/ထ ညွှန်မှူး-ငြိမ်း၊ နိုင်ငံတော်သမ္မတရုံး)-[ဒေါ်ခင်ဝင်းဆွေ(ပါမောက္ခ-ငြိမ်း၊ ရုက္ခဗေဒ)]၊ (ဦးသောင်းတင်သန်း)-ဒေါ်စန်းစန်းမြင့် (လ/ထ ညွှန်မှူး၊ လေကြောင်းဦးစီး-ငြိမ်း)၊ ဒေါ်ချိုပြုံးသန်း [Advanced Container Line (ACL)]-ဦးစောလွင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မဝေနွယ်နွယ်မောင်(Chindwin College)-မောင်ဥက္ကာအောင်နိုင်(ILBC)၊ မရတနာလွင်တို့၏ အဘွားသည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်စိန်ငွေး
### အသက်(၈၂)နှစ်
#### ကျောက်တန်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးတင်စိန်၏ဇနီး၊ ဦးအေးဟန်-(ဒေါ်ခင်မမဦး)၊ ဦးကိုကိုနိုင်-ဒေါ်အေးအေးနိုင်၊ ဦးဝင်းလွင်-ဒေါ်ခင်မမရီ၊ ဦးထွန်းထွန်းနိုင်-ဒေါ်ရွှေမာ၊ ဦးမိုးကျော်နိုင်-ဒေါ်ခင်စန်းဦး၊ ဦးမောင်မောင်နိုင်(ခ)ဦးမော်စီ-ဒေါ်အေးအေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၃ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကျိစုအအေးတိုက်မှ ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့)တွင် ရွှေသံလွင် ဘိုးဘွားရိပ်သာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးခင်မောင်ဝင်း (၇၃)နှစ်
#### လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်းပြည်တွင်းရောင်း/စက်
#### မကွေး၊ ဆင်ဖြူကျွန်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နေ (ဦးလှမြိုင်-ဒေါ်စောနွဲ့)၏ ချစ်လှစွာသောသားကြီး၊ ဒေါ်နွဲ့အေးမူ(ပြည်တွင်းရောင်းစက်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးယဉ်ကြည်ခိုင်-ဒေါ်နွဲ့ယဉ်ဝင်း၊ ဦးသန်းဆောင်-ဒေါ်လဲ့ယဉ်ဝင်း၊ ဦးမျိုးကျော်သူအောင် (2nd Officer, Uniteam Co., Ltd.)-ဒေါ်ခိုင်စုယဉ်ဝင်း၊ ဒေါ်မျိုးသွယ့်ယဉ်ဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၂-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၃၂၂၊ ကျွန်းရွှေဝါလမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



# UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

(၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဦးဇော်ငြေး၊ ဦးလှမောင်ရွှေ၊ ဗိုလ်ချုပ်စန်းမြင့်၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ဦးမျိုးဝင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ စောကျော်ညွန့်၊ စောစိန်ဝင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦး၊ ဦးတာလှဖေ၊ ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မူဘောင် (Frame work)၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP) များနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ Structure၊ Decision Making Concept၊ Composition၊ National Dialogue စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဓနုဖြူမြို့နယ်တွင် မြစ်ကမ်းပါးများ ပြိုကျမှုဖြစ်ပွား

**ဓနုဖြူ နိုဝင်ဘာ ၂၂**

ဓနုဖြူမြို့နယ်တွင် မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများအား ဓနုဖြူမြို့နယ် အုန်းပင်ကွင်းအုပ်စု မရမ်းချောင်းမြစ်ကမ်းနားနှင့် မြစ်ကမ်းတစ်ဖက်ရှိ စံကင်း မြစ်ကမ်းနားများတစ်လျှောက် ကျောက်စီကွန်ကရစ်နံရံများဖြင့် မြစ်ကမ်းထိန်း သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ယနေ့နံနက်ပိုင်းတွင် အုန်းပင်ကွင်းအုပ်စု မရမ်းချောင်းကျေးရွာ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် နေရာအနီး ပေ ၃၀၀ ခန့် ကမ်းပါးပြိုကျခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်ကလည်း စံကင်းကူးတို့ဆိပ် ဆည်မြောင်းရေကင်းရုံးနှင့် ရေအရင်း အမြစ် မြစ်ကမ်းထိန်းရုံးအကြား ပေ ၁၀၀ ခန့် ရေကာတာတစ်ဝက်ကျော် ပြိုကျခဲ့ပြီး မြို့နယ်မှတာဝန်ရှိသူများက ကမ်းပြိုသည့်နေရာများသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# သွားလာမှုခက်ခဲသည့် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာများသို့ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး သွားရောက်ထိုးနှံ

ဘူးသီးတောင် နိုဝင်ဘာ ၂၂

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း အသက် ၉ လမှ ၁၅ နှစ်အတွင်းရှိ ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း လိုက်လံထိုးနှံပေးလျက်ရှိရာ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဝေးလံခေါင်ဖျားသော စိုင်းဒင်ပြိုင်းချောင်းကျေးရွာအုပ်စု၌ နိုဝင်ဘာ ၂၀ ရက်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လိုက်လံထိုးနှံပေးခဲ့သည်။**

"ကျွန်တော်တို့ ဒီလို ခက်ခဲဝေးလံတဲ့ဒေသတွေကို သွားရတဲ့အခါမှာ သွားရေးလာရေး၊ ဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်၊ လုံခြုံရေးအနေအထားက အစ အကုန်လုံးကို သတိထားရပါတယ်၊ ကျွန်တော်တို့ ဝန်ထမ်းတွေကိုလည်း safety first ဆိုတဲ့ လမ်းညွှန်မှုအတိုင်း နာခံပြီးတော့ ကြိုးစားပမ်းစား လာရောက်ပြီး ကလေးငယ်တွေကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးခြင်း ဖြစ်ပါတယ်" ဟု ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်က ပြောသည်။



အဆိုပါ စိုင်းဒင်ပြိုင်းချောင်းကျေးရွာသည် ဘူးသီးတောင်မြို့နှင့် ၁၃ မိုင်ခန့် ဝေးကွာပြီး သွားလာရေးခက်ခဲသည့်ဒေသဖြစ်ကာ ယင်းဒေသတွင် မြို၊ ခမီ၊ ဒိုင်းနက်၊ သက်၊ ရခိုင်လူမျိုးများ နေထိုင်ကြသည်။ စိုင်းဒင်ပြိုင်းချောင်းကျေးရွာဧရိယာတွင် ရွာပေါင်း ၆၅ ရွာရှိပြီး ကျေးရွာအုပ်စု လေးအုပ်စုရှိသည်။ ယင်းဒေသအတွက် ထိုးနှံပေးရမည့် ကလေးအရေအတွက်သည် သုံးထောင်ဝန်းကျင်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အိုးရမကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအင်ဂါအောင်က "ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးဖို့ မနက် ၇ **စာမျက်နှာ ၁၁ ကော်လံ ၄ သို့**



## မြဝတီခရီးသွားလုပ်ငန်း (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)

မြဝတီခရီးသွားလုပ်ငန်းသည် ၂၀၁၇-၂၀၁၈ ခုနှစ် ဗုဒ္ဓဂယာ(အိန္ဒိယ၊ နီပေါ) ဘုရားဖူးခရီးစဉ်များကို စတင်ပို့ဆောင်ပေးနေပါသည်။
အိန္ဒိယ၊ နီပေါ(၁၅)ရက်ခရီး - ၆-၁၂-၂၀၁၇၊ ၂၃-၁၂-၂၀၁၇၊ ၁၇-၁-၂၀၁၈၊ ၇-၂-၂၀၁၈၊ ၁၀-၃-၂၀၁၈၊ ၁၁-၄-၂၀၁၈
အိန္ဒိယ၊ နီပေါ (၈)ရက်ခရီး - ၁၇-၂-၂၀၁၈၊ ၂၁-၃-၂၀၁၈၊ ၁၀-၄-၂၀၁၈
(၅)ရက်ခရီး(အထူးခရီးစဉ်) - ၁၀-၁-၂၀၁၈၊ ၂၈-၂-၂၀၁၈၊ ၉-၄-၂၀၁၈
ခရီးစဉ်တိုင်းစရိတ်ငြိမ်း
(၁၆)ဦးစုစည်းလိုက်ပါသူ (၁)ဦးအခမဲ့ ၊ (၁၀)ဦးအထူးနှုန်း
မိသားစု၊ ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများ သီးသန့်စီစဉ်ပေးပါသည်။ နယ်မှဘုရားဖူးများကို တည်းခိုနေထိုင်ရန် စီစဉ်ပေးပါသည်။
ဝါရင့် Tour Leader များ၏စောင့်ရှောက်မှုဖြင့် မိမိတို့၏ နှစ်သက်ရာ ခရီးစဉ်ကို စတင်ကုသိုလ်ယူ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် -
No(၄၄၊၄၅/A၊၄၅/B)၊ ဒုတိယထပ်၊ Classic Strand Condo၊ ကမ်းနားလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၄၁၀၁၀၊ ၀၁-၂၅၁၂၂၉၊ ၀၉၄၅၀၆၀၀၃၅၃၊ ၀၉၂၅၀၇၇၂၉၁၄
မန္တလေး - ဦးအောင်မင်း (၀၉၇၈၃၅၀၃၀၇၅၊ ၀၉၂၀၃၈၃၀၇)၊
မော်လမြိုင် - ဦးကျော်စိုး (၀၉၄၉၈၀၀၂၈၆၊ ၀၉၇၈၀၀၁၈၄၄၂)၊

## New Year ကို Columbus ခရီးစဉ်များနဲ့အတူ ဖြတ်သန်းကြရအောင်!

| | | | |
|---|---|---|---|
| ဘန်ကောက်~ပတ္တရား | (28 Dec) | ဘေဂျင်း~ရှန်ဟိုင်း | (30 Dec) |
| ဘန်ကောက်~ဟွာဟင်း | (28 Dec) | ကျန်ကျားကျဲ့ | (30 Dec) |
| ဟိုချီမင်း~မဲ့ခေါင်~ဒါးလတ် | (30 Dec) | ကိုရီးယား | (21 Dec) |
| ဟောင်ကောင်~မကာအို | (30 Dec) | ဂျပန် | (29 Dec) |

Columbus TRAVELS IATA 01 229245, 378535,09 954060501, 02 60956


### ဖခင်အမည်မှန်

ဒေါပုံမြို့နယ်၊ အထက(၁)နဝမတန်းမှ မောင်ရှိုင်းဘိုဘိုနှင့် အမက(၃)စတုတ္ထတန်းမှ မပွင့်ဖူးဝေတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်[၁၀/ကထန(နိုင်)၀၄၂၁၂၈] ဖြစ်ပါကြောင်း။
ဦးသန်းဇော်

### ပျောက်ဆုံး

ကျွန်တော် ဦးအောင်သူ[၁၂/အစန(နိုင်)၁၉၁၀၄၂]၏ P.P, C.D.C ,ALL IN ONE, S.I.D ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်
ဖုန်း-၀၉-၇၉၈၄၆၂၅၀၁

### ဖခင်အမည်မှန်

မုံရွာမြို့ အထက(၄)သတ္တမတန်းမှ မမြတ်နိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းထွန်း [၅/မရန(နိုင်)၂၂၇၀၅၇] ဖြစ်ပါကြောင်း။


## KMD Institute — YEAR END Computer Training Promotion

Since 1986
KMD Institute
GIC JAS-ANZ ISO
YEAR END
Computer Training Promotion
24-Nov-2017
စင်တာတစ်ခုလျှင် (၂၀)ဦးသာ ရရှိနိုင်မည့် အထူးအခွင့်အရေး......
Application & Professional Courses
50%
Special Discount
တစ်ရက်သာ ရရှိမယ့် အထူးအခွင့်အရေး

HOT LINE 09 262 600450 | (ပန်းဆိုးတန်း) ၃၈၁၀၃၅ ၃၉၁၂၈၆ | (မြေနီကုန်း) ၅၂၇၄၃၆ ၅၀၂၂၃၃ | (လမ်းမတော်) ၂၂၀၅၅၅ | တာမွေ(၁) ၅၄၁၃၂၈ ၅၄၆၆၀၀ | လှည်းတန်း(၁)၊(၂) ၅၂၄၄၀၀ ၅၀၂၂၁၁ | (သိမ်ကြီးဈေး) ၃၈၄၂၆၈ ၃၈၄၆၄၁

## ဝါကျွတ်ကာလအထူး PROMOTION ရေကူးကန်ပစ္စည်းအားလုံး UP to 30% DISCOUNT

ရေကူးကန် ONE STOP အပ်သူတိုင်း (ရန်ကုန် တစ်နှစ်/နယ်သုံးလ) MAINTENANCE အခမဲ့ထိမ်းသိမ်းပေးပါမည်




## SUPER RICH MAN SWIMMING POOL SPECIALIZED COMPANY




ရုံးချုပ် အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့၊ 01-401518, 01-8604064, 09-422205502
Email:richmanpool@gmail.com WEBSITE:www.superrichmanpools.com Facebook:www.facebook.com/superrichmanpool

ရုံးခွဲ အမှတ်-(၈၃/အေ)၊ ဝေဇယန္တာလမ်းမ၊ ငွေကြာယံ၅လမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်။
09-426777100, 09-426777200, 09-426777300, 09-426777400


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၈) ရပ်ကွက်၊ သီဟလမ်း၊ အမှတ် (၄၂) ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ မြေကွက် အမှတ် (၄၂)၊ ဧရိယာ (၄၀´ × ၆၀´) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံး၏ လက်ရှိအမည်ပေါက် ပိုင်ရှင် ဦးဝင်းကြိုင် (၉/ပသက (နိုင်) ၀၁၃၃၆၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူဆွေ (၅/မရန (နိုင်) ၁၈၈၈၃၂) က အပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်ဘိုးစရန်ငွေ တစ်စိတ် တစ်ဒေသပေးချေထားပါသည်။
သို့ဖြစ်ရာ ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ – ဦးမြင့်လွင် (ဥပဒေတွဲ)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၉၃)
အမှတ် (၃၉)၊ မြေညီထပ်၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ( ၀၉၅၁၅၉၃၉၄ )

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် (၄၅) ဟု ခေါ်တွင်သည့် ဧရိယာ (၂၀´ × ၄၀´) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး၏ မြေညီထပ်၏ လက်ရှိပိုင်ရှင် ဒေါ်နန်းကောင်ခမ်း (၁၃/ကတန (နိုင်) ၀၆၃၁၀၈)၊ ၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နန်းစံတစ် (မိခင်) (၁၃/ကတန (နိုင်) ၀၂၅၀၄၅) ထံမှ ကျွန်တော်သည် အပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။
သို့ဖြစ်ရာ ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ဦးညီညီလွင် (၁၂/ဗဟန (နိုင်) ၀၉၄၄၇၆) (ဝယ်ယူသူ)
အမှတ် (၃၉)၊ မြေညီထပ်၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (၀၉-၇၃၀၀၂၃၁၁)

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွာထောင်၊ ရွှေသမားရပ်ကွက်နေ မောင်ကောင်းထက်ကျော်စွာ(ခ)မင်တန် [၅/စကန(နိုင်)၂၅၃၅၆၂]သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ဆိုဆုံးမမှုများကို နာခံမှုမရှိသဖြင့် မိမိသဘောအလျောက် ပြုလုပ်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
မိခင်-ဒေါ်စုလှိုင်ထွေး
[၅/စကန(နိုင်)၁၅၂၇၈၅]


### မင်းသီဟ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5106146
09-5039562

### တောင်ဥက္ကလာ

အိမ်ခြံမြေ(ရောင်း/ဝယ်/ငှား)
ရတနာလမ်းအနီး (လုံးချင်းသစ်)
RC 2 (20x60) ဂရန်၊ သိန်း၁၃၅၀
09 457690456

### ထိပ်တန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259


စာအုပ်စာပေ လူ့မိတ်ဆွေ

# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ကမ္ဘောဇဘဏ်လီမိတက် ၏

## " ဘဏ်ခွဲ (၅၀၀)ပြည့် "

ကို ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်
နိုင်ငံတကာအဆင့်မီ အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ်
ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

Shwe Taung Junction City
Development Co., Ltd.

---

ကေ (၅၁.၃၆) အနှစ် (၃၀)ဂရန် စိုက်ပျိုးရေးခြံ ရောင်းမည်

မှတ်ချက်

၁။ ရော်ဘာပင်လုံးဝမပါ
၂။ နှစ်ရှည်သီးပင် အပင်မျိုးစုံ (၂၅)မျိုး ပါရှိပါသည်။
၃။ ယခုလက်ရှိ အပင်များမှ တစ်နှစ်လုံး အသီးအနှံများ ထွက်ရှိ နေသည်။
၄။ ယခုဝယ်လျှင် ယခုငွေပေါ်သော စိုက်ပျိုးရေးခြံကြီး တစ်ခြံ ဖြစ်သည်။
၅။ ရေကန်ကြီး ပါရှိသည်။
၆။ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာပါ။
၇။ ခြံပစ္စည်းအစုံအလင်ပေးမည်။
၈။ အကျိုးဆောင်ခပေးမည်။
၉။ ခြံတစ်ခြံလုံး ကျောက်တိုင် သံဆူးကြိုးစိုက်ထားပြီး ဖြစ်သည့်အပြင် ကားပတ်လမ်းပါရှိသည်။

ခြံတည်နေရာ -
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ (၃) ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်။
ဆက်သွယ်ရန်ဖုန်း
၀၉- ၅၀၃၄၅၄၉၊ ၀၉- ၄၄၄၄၃၃၁၇၀

---

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ

T.V (ရန်ကုန်)

ကားမောင်း-စက်ပြင်သင်တန်း

ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ မဆလာ စက်မှုတက္ကသိုလ်၊ ကားကတ်ဆက်တန်း

အမှတ်-၂၉၅ (က)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ ဘောလီမှတ်တိုင်၊ တောင်ဥက္ကလာ။

သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဒဂုံ - 09-260111942, 09420066955
09-440051112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-440051113, 01-2332340

---

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ကျောင်းတော်ရာလမ်း၊ အမှတ် (၃)၊ မြေညီ (ခြေရင်း) တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မာလာ (၈/တတက(နိုင်)၀၁၄၃၀၄) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းအား အပိုင်ရောင်းချသူ (ကန်ထရိုက်တာ) ဦးကျော်ကျော်ဦး (၁၂/ပဘတ(နိုင်)၀၀၃၀၂၈) မှ မိမိသာလျှင် တရားဝင်ရောင်းချခွင့်ရှိကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခွင့် အမွေစားအမွေခံ၊ အပေါင်အနှံ ပေးကမ်းစွန့်လွှတ်၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့မှ လုံးဝကင်းရှင်းကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာမှ ဦးမျိုးမြင့် (မြေရှင်) အသိအမှတ်ပြု လက်မှတ်ရေးထိုးပြီး အသိသက်များရှေ့မှောက်တွင် (၃၀-၄-၂၀၁၆) ရက်နေ့တွင် တရားဝင်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ငွေအပြေအကြေပေးချေ၍ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အထက်ဖော်ပြပါ **ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ကျောင်းတော်ရာလမ်း၊ အမှတ် (၃)၊ မြေညီ (ခြေရင်း)** တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာသည်သာလျှင် တရားဝင်ပိုင်ဆိုင်ထားပြီးဖြစ်သည့် အခြားသူမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ဆုမြတ်အောင် | ဒေါ်ပြည့်ပြည့်လှိုင်ထွန်း |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၅၇) | အထက်တန်းရှေ့နေ(စဉ်-၄၈၀၁၂) |
| LL.B., D.B.L., D.I.L., D.IPL., | LL.B., D.B.L., DL-101, |
| Dip in Global English, DL-101, 202, 302 (WIPO Switzerland) | (WIPO Switzerland) |

အမှတ် (၈/၁၀) မြေညီ၊ ၃၅ လမ်းအောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉ ၅၀၂၅၅၈၃၊ ၀၉ ၉၆၅၀၂၅၅၈၃။

---

" ခြံနှင့်နေအိမ်ပိုင်ရှင်ဖြစ်ကြောင်း " အများသိစေရန် ကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊မဟာမြိုင်လမ်း၊ အမှတ်(၁၀/စီ)နေ ဒေါ်ငွေငွေကြည် ၇/တငန(နိုင်)၀၁၅၂၈၉ ကိုင်ဆောင်သူပိုင်ဆိုင်သော ပဲခူးတိုင်းဒေသကြီး၊ ဥဿမြို့၊ သစ်ရပ်ကွက်ကြီး(၈)မြေတိုင်းရပ်ကွက် (၂၄)၊ ဦးပိုင်အမှတ် (၂၁၃) ခြံနှင့် နေအိမ်အား ဒေါ်ငွေငွေကြည်မှ ယနေ့အချိန်ထိ တရားဝင် ပိုင်ဆိုင်လျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ် လျှုဒါန်းထားခြင်းများလုံးဝမရှိသည့်အပြင် ယင်းပိုင်ဆိုင်မှုနှင့်ပတ်သတ်ပြီး ကိုယ်စားလှယ်စာ၊ လွှဲစာပေးအပ်ထားခြင်း၊ အမွေခွဲဝေပေးအပ်ထားခြင်းများ လုံးဝမရှိပါ။

ထို့ကြောင့် အထက်လိပ်စာပါ ခြံနှင့်နေအိမ်အား ကျွန်မဒေါ်ငွေငွေကြည်၏ တရားဝင်ခွင့်ပြုချက်မရရှိပဲ မည်သူတစ်ဦးတစ်ယောက်မှ ထပ်ဆင့်လွှဲပြောင်းရောင်းချပေါင်နှံ၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ပြုလုပ်သူအပေါ် လည်းတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ငွေငွေကြည်
၇/တငန(နိုင်) ၀၁၅၂၈၉
၀၉ ၅၁၅၈၉၁၀
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

---

၂၄-၁၀-၂၀၁၇ ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃၀)ပါ ဒေါ်နွယ်နွယ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေဦးတင်မောင်သိန်း (စဉ်-၅၃၃၈) ပါ(၃)ဦး၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊(၂၇)လမ်း၊အမှတ်(၁၀၁)ရှိ (၈)လွှာ၊ ပေ(၂၅×၄၀)ရှိသော တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေဦးသန်းဝင်း(TKA-၀၈၀၇၄၁) ကိုင်ဆောင်သူမှ ကန်ထရိုက်တာဦးပါကျွန်းထံမှ မိမိကိုယ်ပိုင်ငွေဖြင့် ဝယ်ယူခဲ့ပြီး ယင်းအခန်းဝယ်ယူမှုကိစ္စရပ်များကို ဦးကျော်အေးဆိုသူမှ ဦးဆောင်စီမံဆောင်ရွက်ပေးခဲ့သော ရောင်းဝယ်မှုကိစ္စဖြစ်ခဲ့ပြီး ဒေါ်နွယ်နွယ်စိုး [၁၀/မလမ(နိုင်)၁၅၁၈၅၀]ကို ဦးသန်းဝင်း ကျန်းမာရေးကြောင့် အရောင်းအဝယ် လက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်ပြီး ဒေါ်နွယ်နွယ်စိုး၏ ငွေကြေးတစ်ပြားတစ်ချပ်မျှပါဝင်ခဲ့သော အခန်းမဟုတ်ပါ။ ကျွန်ုပ်မိတ်ဆွေဦးသန်းဝင်းတွင် အထောက်အထားသက်သေလူကြီးများ ရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါတိုက်ခန်းသည် ဦးသန်းဝင်းပိုင် တိုက်ခန်းဖြစ်၍ ဦးသန်းဝင်း၏ သဘောတူညီချက်၊ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူမျှ အဆိုပါတိုက်ခန်းကို ရောင်းချခွင့်၊ လွှဲပြောင်းခွင့်၊ ငှားရမ်းခွင့်၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ဒေါ်နွယ်နွယ်စိုး၏ လွှဲအပ်ချက်အရ ၂၄-၁၀-၂၀၁၇ ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာမှာ မဟုတ်မမှန် ကြော်ငြာခြင်းသာဖြစ်ကြောင်း ဒေါ်နွယ်နွယ်စိုးနှင့် အများပြည်သူသိစေရန် ပြန်လည်ရှင်းလင်း အသိပေးသတိပေး ကြေညာအပ်ပါသည်။

**ဦးသန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှမြင့်(L.L.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၂)**
**ရုံးအမှတ်(၁၆၁/A3)၊ မြေညီထပ်၊**
**ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၅၀၆၅**

---

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

